http://www.dhammadownload.com




ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၅၅)

# မိလိန္ဒပဉ္ဉာ

## မိလိန္ဒမင်း နှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

(ပထမတွဲ)

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# မိလိန္ဒပဉ္ဉာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏
ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

(ပထမတွဲ)

http://www.dhammadownload.com

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

# မိလိန္ဒပဉ္ဟာ

## မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ဆွေးနွေးချက်များ

## အပိုင်း(၁)

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း (၄)ရက်၊ (၉-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာ တရားအလှူတော် အထူး ဓမ္မသဘင်အခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ အမှတ်(၈/၂)၊ နှစ်ဖက် မိဘများဖြစ်သော ဦးခွန်လုံး+ဒေါ်နန်းစံခမ်း၊ ဦးထွန်းရှိန်+ဒေါ်ပုတို့အား အမှုး ထား၍ ဦးခွန်သိန်းဇံ+ ဒေါ်နွယ်နီဝင်း၊ သမီး နန်းအိန်ဂျယ်စံ၊ သား ခွန်လီရှိုဇံ မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၁)"** တရားဒေသနာတော်။

ပါဠိစာပေမှာ မိလိန္ဒပဉ္ဟာကျမ်းဆိုတာ ရှိတယ်။ မူလက အဲဒီ မိလိန္ဒပဉ္ဟာကျမ်း ပိဋကတ်သုံးပုံ စာရင်းမှာ မပါခဲ့ဘူး။ နောက်ပိုင်း မြန်မာနိုင်ငံ ပဉ္စမသင်္ဂီယနာနဲ့ ဆဋ္ဌသင်္ဂီယနာမှာ မိလိန္ဒပဉ္ဟာကျမ်းကို ပိဋကတ်သုံးပုံ, နိကာယ်ငါးရပ်ထဲ ထည့်သွင်းခဲ့လို့ အခုခေတ် ပိဋကတ်သုံးပုံ စာရင်းထဲမှာ အပါအဝင်ဖြစ်လာတယ်။

http://www.dhammadownload.com



**မိလိန္ဒပဉှာကျမ်းနဲ့** ပတ်သက်ပြီး မှတ်သားဖွယ်ရာ ပြောကြမယ်ဆိုရင် ဒီ မိလိန္ဒပဉှာကျမ်းဟာ သာမန်ကျမ်းတော့ မဟုတ်ဘူး။ ရှင်မဟာဗုဒ္ဓဃောသရဲ့ အဋ္ဌကထာကျမ်းများမှာ မိလိန္ဒပဉှာကျမ်းလာ စကားရပ်အချို့ကို ကိုးကားထားတာတွေ ပါရှိတယ်။ ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တိုင်က အလေးပြုတဲ့ ကျမ်းတစ်ကျမ်းအဖြစ် မှတ်သားရမှာ ဖြစ်တယ်။

ရှင်မဟာဗုဒ္ဓဃောသက မိလိန္ဒပဉှာကို ကိုးကားသော်လည်း သူရဲ့ ပါရာဇိကကဏ္ဍအဋ္ဌကထာ သို့မဟုတ် သမန္တပါသာဒိကာအဋ္ဌကထာရဲ့ နိဒါန်းမှာ မိလိန္ဒပဉှာကျမ်းကို ခုဒ္ဒကနိကာယ်ကျမ်းစာရင်းမှာ ထည့်သွင်းဖော်ပြခြင်း မပြုခဲ့ဘူး။

**ခုဒ္ဒကပါဋ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ အပါဒါန** ဆိုပြီး မိလိန္ဒပဉှာ မပါ (၁၅)ကျမ်းကိုသာ ဖော်ပြထားတယ်။

သို့သော် မြန်မာနိုင်ငံ ပဉ္စမသင်္ဂါယနာနဲ့ ဆဋ္ဌသင်္ဂါယနာ တင်တဲ့အခါမှာ ခုဒ္ဒကနိကာယ် ကျမ်းစာရင်းမှာ **နေတ္တိ၊ ပေဋကောပဒေသ၊ မိလိန္ဒပဉှာ** သုံးကျမ်းကို ထပ်ထည့်လိုက်တယ်။ ခုဒ္ဒကနိကာယ်ကျမ်းဟာ ဝိနည်း၊ အဘိဓမ္မာအပြင် (၁၈) ကျမ်း ဖြစ်လာတယ်။

ဆဋ္ဌသင်္ဂါယနာတင်တုန်းက တစ်ချို့နိုင်ငံက ဆရာတော်တွေက **နေတ္တိ၊ ပေဋကောပဒေသ၊ မိလိန္ဒပဉှာ** ဒီသုံးကျမ်း ထည့်တာကို စောဒကတက်ကြတယ်လို့ ပြောသံကြားဖူးတယ်။ သို့သော် ဘုန်းကြီးတို့က အဲဒီအချိန်မှာ ကိုရင်ဘဝပဲ ရှိသေးတာ

http://www.dhammadownload.com



ဆိုတော့ ဆဋ္ဌသင်္ဂါယနာမှာ ပါဝင်ဖို့ရန် အရွယ်မရောက်သေးဘူး။ ဒီကနေ့ ဆဋ္ဌသင်္ဂါယနာမူမှာ **နေတ္တိ၊ ပေဋကောပဒေသ၊ မိလိန္ဒပဉှာ** အပါအဝင် အားလုံး (၁၈)ကျမ်း အတည်ဖြစ်တယ်။

မိလိန္ဒပဉှာကျမ်းဟာ အဋ္ဌကထာဆရာ ကိုယ်တိုင်က ကိုးကားရသည့်ကျမ်း ဖြစ်သောကြောင့် ဒီကျမ်းထဲမှာပါတဲ့ အချက်အလက်တွေဟာ ခိုင်မာတဲ့ ပဒ္ဓဝါဒရေးရာ အဆိုအမိန့်တွေ ဖြစ်တယ်။ ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်တွေ အချေအတင် ပြောဆိုဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေဟာ မှတ်သားလောက်တယ်လို့ ဆိုရမှာပါ။

သို့သော်လည်း မိလိန္ဒပဉှာကို ဖွင့်ဆိုတဲ့ အဋ္ဌကထာကျမ်း မရှိခဲ့ဘူး။ မြန်မာနိုင်ငံ မန္တလေးခေတ် နောက်ပိုင်း မင်းကွန်း ဇေတဝန် ဆရာတော်ကြီးက ဒီ မိလိန္ဒပဉှာကျမ်းကို ဖွင့်ဆိုတဲ့ **မိလိန္ဒပဉှာအဋ္ဌကထာ** ကို ရေးသားပြုစုခဲ့လို့ အဋ္ဌကထာ တစ်စောင်အနေနဲ့ မြန်မာနိုင်ငံမှာ ပေါ်ထွန်းခဲ့တယ်လို့ မှတ်သားရမယ်။

မိလိန္ဒပဉှာကျမ်းဟာ မှတ်သားဖွယ်ရာ အချက်အလက်တွေနဲ့ ပြည့်နှက်ပြီး မေးခွန်းနဲ့ အဖြေတွေကို ဖော်ပြတာဖြစ်သောကြောင့် ဖတ်ရှုလေ့လာကြတဲ့ ပုဂ္ဂိုလ်တွေမှာ ဉာဏ်ရည် ဉာဏ်သွေးတွေ တိုးတက်ဖြစ်ပေါ်လာနိုင်တယ်။ ပြောရမယ်ဆိုရင် ဒီကနေ့ခေတ် debate လုပ်တယ်ဆိုတဲ့ စကားရည်လုပွဲမျိုး မိလိန္ဒမင်းနဲ့ ရှင်နာဂသေနတို့ ပြုလုပ်ခဲ့ကြတယ်။

**"အချေအတင်"** ဆိုသည်မှာ တစ်ဖက်က အပြစ်တင်လိုက်တာကို တစ်ဖက်က ချေပပြောဆိုခြင်း ဖြစ်တယ်။ တစ်ဖက်က

http://www.dhammadownload.com



အပြစ်တင်တယ်၊ ထောက်ပြတယ်။ ဒီလို မဖြစ်သင့်ဘူးလား၊ ဘာကြောင့် ဒီလိုဆိုရတာလဲ ဆိုတဲ့ စောဒကတက်တာကို "အတင်"လို့ ခေါ်တယ်။ အဲဒီ ပြစ်တင်ပြောဆိုတဲ့ အချက်တွေကို တစ်ဖက်က အကြောင်းအကျိုးပြပြီး ပြန်လည်ချေပတာ၊ ဒီ "အတင်" ဆိုတဲ့စကားနဲ့ "ချေပတယ်" ဆိုတဲ့ စကားနှစ်ရပ်ကို ပေါင်းစပ်ပြီး အချေအတင်လို့ သုံးတာ။

တစ်ခါတလေ လူတွေ ပြောကြတဲ့ ဘယ်သူနဲ့ ဘယ်သူ အချေအတင် ဖြစ်တယ်ဆိုတဲ့နေရာမှာတော့ စကားများကြတာ ရန်ဖြစ်ကြတာကိုလည်း အခြေအတင် ဖြစ်တယ်လို့ ပြောကြသေးတယ်။

မိလိန္ဒမင်းကြီးက အပြစ်တင် ပြောဆိုတဲ့စကားတွေကို ရှင်နာဂသေနက အကြောင်းအကျိုး ဖော်ပြပြီး ချေပခဲ့တယ်။ အဲဒီတော့ Debate လုပ်တယ်လို့လည်း ပြောလို့ရတယ်၊ သို့မဟုတ် Dialogue လို့လည်း ပြောလို့ရတယ်။ မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသေနတို့ရဲ့ Dialogue မှတ်တမ်းကြီးလို့လည်း ဆိုချင်ဆိုလို့ ရတယ်။

သို့သော် **မိလိန္ဒပဉှာ**လို့ ပါဠိစာပေမှာ ဖော်ပြထားတယ်။ **ပဉှာ**ဆိုတာ သူသိချင်တဲ့မေးခွန်းတွေကို မေးခွန်းထုတ်ထားတာ။ အဲဒီ မေးခွန်းထုတ်တာ ရိုးရိုးမေးခွန်းထုတ်တာမျိုး မဟုတ်ဘူး။ ပြစ်တင်ပြောဆိုတဲ့ မေးခွန်းတွေ ဖြစ်တယ်။ ပြစ်တင်ပြောဆိုတဲ့ မေးခွန်းမျိုးတွေကို ရှင်နာဂသေနက အကြောင်းအကျိုးဖော်ပြပြီး ဖြေရှင်းပေးခဲ့တဲ့ အချက်အလက်တွေကို မှတ်တမ်းတင်ထားတာ။

http://www.dhammadownload.com



မေးခွန်းပေါင်း (၃၀၄)မျိုးကို ဒီမိလိန္ဒပဉ္ဟာ ကျမ်းကြီးမှာ ဖော်ပြထားတယ်လို့ ဆိုတယ်။ သို့သော် သေသေချာချာ ရေတွက်ကြည့်ပြီးမှ အဲဒီကိန်းဂဏန်း မှန်မမှန် ပြောနိုင်မှာဖြစ်တယ်။

မိလိန္ဒပဉ္ဟာ ပါဠိနိဂုံးမှာ မှတ်တမ်းတင်ထားတဲ့ ဂါထာလေး တစ်ပုဒ်ကတော့ စိတ်ဝင်စားစရာ ကောင်းတယ်။ မိလိန္ဒပဉ္ဟာ ကျမ်းနဲ့ ပတ်သက်ပြီး-

**'လင်္ကာယံဒေဏ္ဍိ နဂရေ၊ ဝသတာ ဒေဏ္ဍိ နာမိနာ၊**
**မဟာထေရေန လေခိတ္တာ၊ သုဋ္ဌပိတံ ယတာသုတံ'**

"သီရိလင်္ကာနိုင်ငံ ဒေဏ္ဍိမြို့မှာနေတဲ့ ဒေဏ္ဍိအမည်ရှိ မထေရ်က ဒီမိလိန္ဒပဉ္ဟာကျမ်းကို သူကြားဖူးတဲ့အတိုင်း ရေးသားပြီး မှတ်တမ်းပြုထားတာ ဖြစ်တယ်"လို့ ဒီလိုဆိုတယ်။

အဲဒီမှာ **'မိလိန္ဒရာဇပဉ္ဟော စ၊ နာဂသေန ဝိသဇ္ဇနံ'** မိလိန္ဒမင်းကြီးရဲ့ မေးခွန်းနဲ့ နာဂသေနမထေရ်မြတ်ရဲ့ ဖြေဆိုချက်တွေကို သူပြည့်ပြည့်ဝဝ မှတ်တမ်းတင်ထားပါတယ်တဲ့။

**'မိလိန္ဒော ဟိ မဟာပညော၊ နာဂသေနော သုပဏ္ဍိတော'**

"မိလိန္ဒမင်းကြီးက ပညာကြီးပါပေတယ်။ ရှင်နာဂသေန ကလည်း အလွန်ကို ပညာရှိပါပေတယ်" လို့လည်း ဖော်ပြထားတယ်။

သို့သော် မိလိန္ဒမင်း နဲ့ ရှင်နာဂသေနတို့ တကယ် ရှိခဲ့သလား၊ ဘယ်ခေတ်က ရှိခဲ့တာလဲလို့ မေးစရာရှိတယ်။ မိလိန္ဒပဉ္ဟာ ကျမ်းမှာ မြတ်စွာဘုရားက ဗျာဒိတ်ပေးတဲ့အနေနဲ့ ရေးသားချက် ရှိတယ်။

http://www.dhammadownload.com



"**မမ ပရိနိဗ္ဗာနတော ပဉ္စဝဿသတေ အတိက္ကန္တေ ဧတေ ဥပ္ပဇ္ဇိဿန္တိ**'။ မိလိန္ဒမင်းတို့, နာဂသေနတို့ ငါဘုရား ပရိနိဗ္ဗာန်စံပြီး နောက် နှစ်ပေါင်း (၅၀၀)ကျော်တဲ့အခါမှာ ပေါ်ပေါက်ကြလိမ့်မယ်၊"

ဒါ ဘုရားဗျာဒိတ်အနေနဲ့ စာပေထဲမှာ မှတ်တမ်းတင်ထားတယ်။ အဲဒီစကားအရ မိလိန္ဒမင်းနဲ့ ရှင်နာဂသေနတို့ရဲ့ ခေတ်ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၅၀၀) အလွန်မှာ ဖြစ်တယ်လို့ ဒီလိုမှတ်ရမယ်။

ဒီကနေ့ သာသနာတော်နှစ်ဟာ (၂၅၆၀) ပြည့် ဖြစ်သွားပြီ။ သာသနာတော်နှစ် ၅၀၀-ကျော်လောက်က ပေါ်ခဲ့တယ် ဆိုရင် ရှင်မဟာဗုဒ္ဓဃောသ ပေါ်လာတာထက် နှစ် (၅၀၀) စောတယ်လို့ ဆိုနိုင်တယ်။ ရှင်မဟာဗုဒ္ဓဃောသက သာသနာနှစ် (၁၀၀၀)မှ ပေါ်တာ ဖြစ်တယ်။

မိလိန္ဒမင်းကြီးဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၅၀၀)ကျော်မှာ ယောနကဆိုင်း၊ သာဂလမြို့မှာ ထီးနန်းစိုးစံပြီး နေတယ်။ ယောနကမြို့ဆိုတာ ဒီကနေ့ခေတ် ပုဒ္ဓသာသနိက ပထဝီဝင်ကျမ်းနဲ့ တစ်ခြားကျမ်းတွေမှာ အမျိုးမျိုး ဖော်ပြကြတယ်။ သို့သော် အားလုံးလက်ခံနိုင်တဲ့ ဖော်ပြချက်ကတော့ ယောနက ဆိုတာ တူရကီနိုင်ငံထဲမှာ ရှိတယ်လို့ ဒီလိုဆိုတယ်။ တူရကီနိုင်ငံ တည်ရှိရာဒေသကို ရှေးတုန်းက **ယောနက**လို့ ခေါ်တယ်။

မိလိန္ဒမင်းကြီးဟာ ယောနကတိုင်းနဲ့ မိုင်ပေါင်း ၁၀၀၀-ကျော်ဝေးတဲ့ ဂရိနိုင်ငံ Alexander ကျွန်း ကလသီ ဆိုတဲ့ရွာမှာ မွေးဖွားခဲ့သူ ဖြစ်တယ်လို့ ဒီလိုဆိုတယ်။

http://www.dhammadownload.com



**"ဇမ္ဗုဒီပေ သာဂလ နဂရေ မိလိန္ဒေါ နာမရာဇာ အဟောသိ'**။ ဇမ္ဗုဒီပ သာဂလမြို့မှာ မိလိန္ဒ အမည်ရှိသော ဘုရင်မင်း ဖြစ်ခဲ့ပြီ။"

သူ့ရဲ့ အရည်အချင်းတွေကို စာပေကျမ်းဂန်မှာ ဘယ်လို ဖော်ပြတုန်းဆိုရင် **ပဏ္ဍိတော**-စဉ်းစားဉာဏ်ရှိတယ်၊ **ဗျတ္တော**-ထက်မြက်တယ်။ **မေဓာဝီ**-ဖျတ်လတ်တဲ့ အသိဉာဏ်ရှိတယ်။ တစ်ချို့က အသိဉာဏ်တော့ရှိတယ်၊ နှေးတယ်။ သူကမဟုတ်ဘူး။ ဖျတ်ကနဲသိတဲ့ အသိဉာဏ်မျိုး။ **မေဓာဝီ** ဆိုတာ ဘာပြောလိုက် ပြောလိုက် ချက်ကနဲ နားလည်တဲ့ဉာဏ်မျိုး။ သွက်လက်တယ်၊ ချက်ချာတယ်ဆိုတဲ့ အသိဉာဏ်မျိုး။

ပညာရှိတယ် ဆိုတာကို သုံးမျိုးခွဲတယ်။ **ပဏ္ဍိတ**- အရာရာမှာ စဉ်းစားဉာဏ်နဲ့ လုပ်တတ်တယ်။ **ဗျတ္တ**- ကျွမ်းကျင်တယ်၊ ထက်မြက်တယ်။ **မေဓာဝီ**- လျင်လျင်မြန်မြန် သိနိုင်စွမ်းရှိတဲ့ ပညာရှိတယ်။ **'ပဋိဗလော အတီတာနာဂတ ပစ္စုပ္ပန္နာနံ မန္တယောဂဝိဓာန ကိရိယာနံ'**။ တိုင်ပင်ဆွေးနွေး လုပ်ရေး ကိုင်ရေး ကိစ္စတွေမှာ အတိတ်က အကြောင်းအရာပဲဖြစ်ဖြစ်၊ အနာဂတ် အကြောင်းအရာပဲဖြစ်ဖြစ်၊ ပစ္စုပ္ပန်ကိစ္စတွေမှာဖြစ်ဖြစ် စီမံခန့်ခွဲတဲ့နေရာမှာ အလွန်ကျွမ်းကျင်တယ်လို့ ဆိုလိုတယ်။

**'ကရဏကာလေ နိသမ္မကာရီ ဟောတိ'** အလုပ်လုပ်ပြီ ဆိုရင်လည်း ဘယ်တော့မှ အရမ်းမလုပ်ဘူး၊ အင်မတန်မှ စေ့စပ်တယ်လို့ ပြောတာ။ ဟုတ်မဟုတ် သူကိုယ်တိုင် လေ့လာတယ်။ လေ့လာပြီးမှ ဆုံးဖြတ်တယ်ဆိုတာ အလွန်ကောင်းတဲ့ အရည်အချင်း တစ်ခုပဲ။ ဘယ်ကိစ္စပဲဖြစ်ဖြစ် တိုင်းပြည်အုပ်ချုပ်တဲ့

http://www.dhammadownload.com



လူတွေဆိုတာ ဒီအရည်အချင်းဟာ အင်မတန်မှ အရေးကြီးတယ်။

ဒါတင်မကဘူး။ မိလိန္ဒမင်းဟာ **'ဗဟူနိစ္စသ သတ္ထာနိ ဥဂ္ဂဟိတာနိ ဟောန္တိ'** စာပေကျမ်းဂန်မြောက်များစွာ သင်ယူထားတယ်လို့ ဆိုတယ်။ သင်ယူထားတဲ့ကျမ်းပေါင်း (၁၉)ကျမ်းကို ထုတ်ပြထားတယ်။

(၁) သုတိ = ဗေဒကျမ်း၊ (သဒ္ဒါကျမ်းဟုလည်းဆို)
(၂) သမ္မုတိ = ဓမ္မသတ်ကျမ်း၊
(၃) သင်္ခ = သင်္ခကျမ်း၊
(၄) ယောဂါ = ယောဂကျမ်း၊ (ဗိသုကာကျမ်းဟုလည်းဆို)
(၅) နီတိ = နီတိကျမ်း၊
(၆) ဝိသေသိကာ = ဝိသေသိကာကျမ်း၊
(၇) ဂဏိကာ = ဂဏန်းကျမ်း၊
(၈) ဂန္ဓဗ္ဗာ = အဆိုအက အတီးအမှုတ်ကျမ်း၊
(၉) တိကိစ္ဆာ = ဆေးကုကျမ်း၊
(၁၀) ဓနုဗ္ဗေဒါ = လေးအတတ်ကျမ်း၊
(၁၁) ပုရာဏာ = ပုရာဏ်ကျမ်း၊
(၁၂) ဣတိဟာသ = သမိုင်းကျမ်း၊
(၁၃) ဇောတိသာ = ဇောတိသကျမ်း၊
-(ဟူးရားကျမ်း ဟုလည်းဆို)
(၁၄) မာယာ = မျက်လှည့်ကျမ်း၊
(၁၅) ကေတု = ကေတုကျမ်း၊ (ဟေတု-နိမိတ်ကျမ်း)
(၁၆) မန္တနာ = မန္တနကျမ်း၊

http://www.dhammadownload.com



(၁၇) ယုဒ္ဓါ - စစ်ဗျူဟာကျမ်း၊
(၁၈) ဆန္ဒသာ - ဆန်းကျမ်း၊
(၁၉) ဗုဒ္ဓဝစန - ပိဋကသုံးပုံ၊

သူလေ့လာတဲ့ ကျမ်းပေါင်းကို (၁၉)ကျမ်း အဖြစ် အခုလို ဖော်ပြထားတာ ဖြစ်တယ်။ ကျမ်းအမည် သိရုံမျှ မှတ်သင့်ပါတယ်၊ မည်သည့် အကြောင်းအရာပြ ကျမ်းမျိုးဖြစ်ကြောင်း ကျမ်းစာကို ဖတ်ရမှသာ အမှန်ပြောနိုင်မည်။ မိလိန္ဒမင်းကြီးဟာ သာမန် မဟုတ်ဘူး။ ဒီပညာရပ်တွေ သူတတ်တယ်။ တတ်လို့ သူဟာ ပညာရှိတယ်လို့ ဆိုလိုတယ်။

အဲဒီတော့ ကနေ့ခေတ် လူတွေ စာတွေများများဖတ်ဖို့ လိုတယ်။ အတတ်ပညာ ဘယ်နှစ်မျိုးတတ်သလဲဆိုတာ လက်ချိုး ရေတွက်ကြည့်သင့်တယ်။ ပညာရပ်အနေနဲ့ ငါ ဘာတွေတတ် တုန်း။ ကျမ်းအနေနဲ့ ဘာကျမ်းတွေတတ်သလဲ။ ကိုယ့်ဟာကိုယ် သိဖို့လိုတယ်။ စာပေကျမ်းဂန်တွေကို မိလိန္ဒမင်းက အဲဒီလို သင်ယူတတ်မြောက်ထားတာ ဖြစ်တယ်။

ဒါ့အပြင် မိလိန္ဒမင်းဟာ စကားပြောလည်း ကျွမ်းကျင်တယ်။ **ဝိတဏ္ဍဝါဒီ**-ဘုကလန့်ပြောတဲ့ နေရာမှာ သူကိုမမီဘူးတဲ့။ **ဝိတဏ္ဍဝါဒ** ဆိုတာ ဆန့်ကျင်ဘက်ပြောတာ။ သူများက စကား တစ်ခု ပြောလိုက်ရင် သူက ထိုးနှက်တတ်တယ်။ သူများအပြစ်ကို ထောက်ပြီး ဆန့်ကျင်ဘက်ပြောတဲ့နေရာမှာ ကျွမ်းကျင်တယ်။

**ဒုရာသဒေါ**- သူနဲ့ ယှဉ်ပြိုင်ဖို့ ခက်တယ်။ သူနားကပ်ဖို့ ခက်တယ်။ **ဒုပ္ပသယော**- သူစကားတစ်လုံး သွင်းလိုက်လို့ရှိရင် ခံနိုင်ရည်ရှိဖို့ ခက်တယ်လို့ ပြောတာ။ သူ မေးခွန်းထုတ်လိုက်လို့

http://www.dhammadownload.com



ရှိရင် ဖြေဖို့မလွယ်ဘူး။ **ပုထုတိတ္ထကရာနံ အဂ္ဂမက္ခာယတိ-** အယူဝါဒရေးရာ စကားလုံးတိတ်ထွင်တဲ့နေရာ, ဝါဒတိတ်ထွင်တဲ့နေရာ, ပေါ်လစီချမှတ်တဲ့နေရာမှာ သူ အတော်ဆုံးပဲလို့ ပြောတာ။

ဒါတင်မကဘူး။ **သကလ ဇမ္ဗူဒီပေ-** ဇမ္ဗူဒိပ်တစ်ကျွန်းမှာ **'မိလိန္ဒေန ရညာ သမော ကောစိ နာဟောသိ'** မိလိန္ဒနဲ့ ဂုဏ်ရည်တူတဲ့ပုဂ္ဂိုလ် သူ့အရည်အချင်းကို မီတဲ့ပုဂ္ဂိုလ် မရှိဘူး။ ဘယ်နေရာမှာလဲဆိုရင် **'ထာမေန ဇဝေန သူရေန ပညာယ'၊ ထာမ-** စွမ်းအားသတ္တိ ရှိတဲ့နေရာ၊ **ဇဝ-** လျင်မြန်ဖျတ်လတ်တဲ့နေရာ၊ **သူရ-** ရဲစွမ်းသတ္တိ ရှိတဲ့နေရာ၊ **ပညာ-** စဉ်းစားဉာဏ်ရှိတဲ့နေရာ၊ သူ့ကို ဘယ်သူမှ မမီနိုင်ဘူးလို့ ဆိုလိုတယ်။ အင်မတန်မှ ထက်မြက်တဲ့ ဘုရင်ကြီးတစ်ပါးအဖြစ် ဖော်ပြထားတယ်။

ဉာဏ်ပညာသာ ထက်မြက်သလားဆိုရင် မဟုတ်ဘူး။ **'အမော မဟာဒ္ဓနော၊ မဟာဘောဂေါ၊ အမု** သိမ်းဆည်းမြုပ်နှံထားတဲ့ ငွေကြေးဓနကလည်း အလွန်များတယ်။ **မဟာဒ္ဓန-နော့စဉ်သုံးနေတာကလည်း** အများကြီးပဲ။ **မဟာဘောဂ-** အသုံးအဆောင်ပစ္စည်းတွေ အများကြီးရှိတယ်။ **အနန္တဗလဝါဟနော-** အလွန်များပြားလှတဲ့ စစ်သည်ဗိုလ်ပါ စစ်သုံးယာဉ်တွေနဲ့ ပြည့်စုံတယ်။ ဆင်တွေ၊ မြင်းတွေ၊ စစ်သားတွေ၊ ရထားတွေဆိုတာ သူမှာ အများကြီးရှိတယ်။ စစ်အင်အား တောင့်တင်းတယ်လို့ ဆိုလိုတယ်။

အဲဒီ မိလိန္ဒဘုရင်ကြီးဟာ တစ်နေ့သ၌ မြို့တော်အပြင်ဘက်ကို ထွက်ပြီး ဗိုလ်ရှုခံသဘင် လုပ်တယ်။ စစ်ရေးပြ အခမ်းအနားကြီး ကျင်းပတယ်။ မိလိန္ဒမင်းကြီးကိုယ်တိုင် မြို့ပြင်ထွက်ပြီး

http://www.dhammadownload.com



စစ်ရေးပြ အခမ်းအနားကြီးကို ကြည့်ရှုတယ်။ **'စတုရင်္ဂိနီ ဗလကွဿနာ ဗျူဟံ ဒဿနကမ္မတာယ နာဂရာနိက္ခမိတွာ'** ဝိုလ်ရှုခံသဘင် စစ်ရေးပြတဲ့ အခမ်းအနားကို ကြည့်ချင်လို့ မြို့အပြင်ထွက်တယ်။

စစ်ရေးပြအခမ်းအနား ကြည့်ရင်း မနက်ပိုင်းအချိန် ကုန်သွားတယ်။ နေ့လည်ပိုင်းအချိန်တွေ ပိုနေတယ်။ "စစ်ရေးပြ အခမ်းအနား ပြီးသွားပြီ။ အချိန်တွေလည်း ပိုနေသေးတယ်။ ငါသိချင်တာတွေလည်း ရှိတယ်၊ ငါ့နိုင်ငံထဲမှာ ပညာရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ သူတို့နဲ့တွေ့ပြီး ငါမေးချင်တယ်။ အဲဒီတော့ မောင်မင်းတို့ ငါ့ကို သတင်းပေးနိုင်ကြရဲ့လား" လို့ ဘုရင်ကြီး မိန့်တယ်။

အမတ်ကြီးတွေက တင်ပြကြတယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီး ဖီလိုဆိုဖာ ဆရာကြီး(၆)ဦးရှိတယ်။ မြတ်စွာဘုရား လက်ထက်တုန်းကလည်း ဒီ(၆)ဦးပဲ။ အခုလည်း ဒီ(၆)ဦးဆိုတော့ ဒီလူကြီးတွေ မသေသေးတာတော့ မဟုတ်ဘူး။ ဘုရားပရိနိဗ္ဗာန်စံပြီးတာတောင် နှစ်ပေါင်း (၅၀၀) ကျော်သွားပြီ။ **ပူရဏ-ကဿပ၊ မက္ခလိဂေါသာလ** တို့က အခုလည်း သူတို့နာမည်တွေနဲ့ ပါနေတယ်၊ ဘယ်လို မှတ်ရမလဲလို့ဆိုရင် သူတို့ဂိုဏ်း အဆက်အနွယ်တွေ ရှိသေးတယ်လို့ ဒီလိုပဲ မှတ်ရမယ်။

ဂိုဏ်းကို တည်ထောင်သွားတဲ့ ပူရဏကဿပ ဆိုတာ မရှိဘူး၊ ဘုရားထက်တောင် အသက်ကြီးတယ်။ မာက္ခလိဂေါ-သာလ ဆိုတာလဲလည်း မရှိတော့ဘူး၊ သို့သော် ပူရဏကဿပ ဂိုဏ်းခေါင်းဆောင်ကိုလည်း ပူရဏကဿပလို့ပဲ ခေါ်လိုက်

http://www.dhammadownload.com



တယ်။ သူ့ဂိုဏ်းက ရှိနေသေးတယ်။ သူ့ အယူအဆတွေကို ဆက်ခံတဲ့တပည့်တွေရှိတယ်။ မာက္ခလိဂေါသာလရဲ့ အယူအဆတွေကို ဆက်ခံတာတွေ ရှိတယ်။ သူတို့ ဂိုဏ်းကြီးတွေဟာ စဉ်ဆက်မပြတ်ရှိနေတယ်လို့ ယူရမှာဖြစ်တယ်။ အဲဒီလိုမဟုတ်ရင် ဒီရေးသားချက်ဟာ ယုတ္တိမဲ့တဲ့အဓိပ္ပာယ် ဖြစ်သွားနိုင်တယ်။

## မိလိန္ဒနှင့် ပုရာဏကဿပဂိုဏ်းဒေါင်းဆောင်

အမတ်ကြီးတွေက "ဒီဆရာကြီးတွေထဲ သွားရောက် ချဉ်းကပ်ပါ။ သူတို့က ပညာရှိလို့ နာမည်ကျော်တယ်။ သူတို့ကို သွားရောက် မေးကြည့်ပါ။ အရှင်မင်းကြီး စူးစမ်းပါ" လို့ လျှောက်တင်ကြတယ်။ "အေး ကောင်းပြီ" လိုလိုလားလားပဲ ဘုရင်ကြီးကလက်ခံတယ်။ ပဌမဆုံး ပူရဏကဿပဆီသွားတယ်၊ ထိုင်ပြီး စကားစမြည်ပြောပြီး မေးခွန်းတစ်ခု မေးကြည့်တယ်။

**"ကော ဘန္တေ ကဿပ လောကံ ပါလေတိ** -အရှင် ကဿပ၊ လောကကြီးကို ဘာက စောင့်ရှောက်ထားသလဲ။"

ပူရဏကဿပက ဖြေတယ်။ **"ပထဝီ မဟာရာဇ လောကံ ပါလေတိ**- အရှင်မင်းကြီး မြေကြီးက လောကကြီးကို စောင့်ရှောက်ထားတာပါ။"

သာမန်ကြည့်မယ်ဆိုရင် အားလုံးဟာ မြေကြီးပေါ်မှာ ရှိကြတာ၊ မြေကြီးက စောင့်ရှောက်ထားတယ်ဆိုတာ ဟုတ်သလို ရှိတယ်။ သို့သော် မိလိန္ဒမင်းက လူညံ့ မဟုတ်ဘူး။ အဲဒီ အဖြေ စကားကို စွဲချက်တင်လိုက်တယ်။

http://www.dhammadownload.com



"**ယဒိ ပထဝီ လောကံ ပါလေတိ** မြေကြီးက လောကသားတွေကို စောင့်ရှောက်ထားတယ်ဆိုရင် **အထ ကသ္မာ အဝီစိနိရယံ ဂစ္ဆန္တာ သတ္တာ ပထဝိံ အတိက္ကမိတ္ဝာ ဂစ္ဆန္တိ** အဝီစိငရဲ ကျတဲ့လူတွေကို ဘာကြောင့် မြေကြီးက မတားနိုင်သလဲ။"

သတ္တဝါတွေဟာ သေပြီး အဝီစိငရဲ ရောက်သွားကြတယ်။ မြေကြီးအောက် ရောက်သွားတယ်၊ အဲဒါကို မြေကြီးက ဘာလို့ မစောင့်ရှောက်တာလဲလို့ ပြန်ပြီး မေးခွန်းထုတ်လိုက်တယ်။ ပူရဏကဿပ နှုတ်ပိတ်သွားတယ်၊ ရှေ့ဆက် ဘာမှ မပြောနိုင်တော့ဘူး။

မိလိန္ဒမင်းက ညည်းတွားတယ်။ "အသိဉာဏ် နည်းလိုက်ကြတာ။ စိတ်ပျက်စရာ ကောင်းတယ်။ လာကြ နောက်တစ်ဦးထံ သွားကြမယ်။"

## မာက္ခလိဂေါသာလကို ဓမ်းရြင်း

မာက္ခလိဂေါသာလထံ သွားကြတယ်။ မက္ခလိဂေါသာလထံ ရောက်တဲ့အခါ မေးပြန်တယ်။

"**အတ္ထိ ဘန္တေ ဂေါသာလ ကုသလာကုသလာနိ ကမ္မာနိ၊**

**အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော**"။

"အရှင်ဂေါသာလ၊ ကုသိုလ် အကုသိုလ်က် ဆိုတာ ရှိသလား။ ကုသိုလ်က် အကုသိုလ်က်တို့ရဲ့ အကျိုးဆိုတာ ရှိသလား"တဲ့။

http://www.dhammadownload.com



မာက္ခလိက ပြောတယ်။ "**နတ္ထိ မဟာရာဇ ကုသလာ ကုသလာနိ ကမ္မာနိ**' ကုသိုလ် အကုသိုလ်ဆိုတာ မရှိပါဘူး။ **နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော**- ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးတရားဆိုတာလည်း မရှိပါဘူး။ "

မာက္ခလိက ဆက်ပြောတယ် "ဒီဘဝ မင်းမျိုးမှာဖြစ်ရင် နောက်ဘဝရောက်ရင်လည်း မင်းမျိုးပဲတဲ့။ သတ်မှတ်ထားတဲ့ အတိုင်းပဲ သွားမယ်တဲ့။ ပုဏ္ဏားမျိုးဆိုရင်လည်း ပုဏ္ဏားမျိုးပဲ။ ကုန်သည်မျိုး ဆိုရင်လည်း ကုန်သည်မျိုးပဲ။ သူဆင်းရဲမျိုးဆိုရင်လည်း သူဆင်းရဲမျိုးပဲ။ ဒီဘဝရှိတဲ့အတိုင်းပဲ လူတွေဟာ နောင်ဘဝ ဖြစ်ကြမှာ။ ကုသိုလ် အကုသိုလ်ကံရဲ့ အခွင့်အရေးဆိုတာ ဘာမှ မရှိဘူး။ ဘာလုပ်လုပ် ဘာမှ မထူးဘူး"တဲ့။

အဲဒီမှာ မိလိန္ဒမင်းက ထောက်ပြဝေဖန်လိုက်တယ်။ "ဩော်၊ ဒီလိုလား။ ကုသိုလ်ကံ အကုသိုလ်ကံ မရှိဘူး။ ကုသိုလ်ကံ အကုသိုလ်ကံရဲ့ အကျိုးမရှိဘူး၊ ဒါဖြင့် ဒီဘဝက လက်ပြတ်တဲ့ လူလည်း နောင်ဘဝ လက်ပြတ်ကြီးဖြစ်ရမှာလား။ ခြေပြတ်တဲ့ လူကလည်း ခြေပြတ်ကြီးပဲ ဖြစ်မှာလားတဲ့။ နှာခေါင်းပဲ့ကြီးကလည်း နှာခေါင်းပဲ့ကြီးပဲလားတဲ့။ နားရွက်ပြတ်ကြီးကလည်း နားရွက်ပြတ်ကြီးပဲ ဖြစ်မှာလား"တဲ့။

အဲဒီလိုမေးလိုက်တဲ့အခါ မာက္ခလိက ဆက်မပြောနိုင်တော့ဘူး ပါးစပ်ပိတ်သွားတယ်။ မိလိန္ဒမင်းက ထသွားပြီး "ဇမ္ဗူဒိပ်ကျွန်းကြီးမှာ အနှစ်မရှိတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ ဘယ်သူမှ ငါမေးတာကို မဖြေနိုင်ကြဘူး။ အာပလာတွေချည်းပဲ။ အဖျင်း

http://www.dhammadownload.com



တွေချည့်ပဲ။ **'တုဏ္ဍော ဇမ္ဗုဒီပေါ'** ဇမ္ဗူဒိပ်ကျွန်းကြီးဟာ တကယ့်ကို အနှစ်မရှိတာပါလားလို့ ညီးတွားပြောဆိုလိုက်တယ်။

မိလိန္ဒမင်းဟာ သူမေးချင်ရာတွေ လျှောက်မေးတယ်၊ မဖြေနိုင်ရင် အပြစ်တင်တယ်။ ဘယ်သူ့ပဲဖြစ်ဖြစ် သူက မေးဖို့ပဲ ချောင်းနေတာ၊ ဘယ်သူပညာရှိတယ်ဆို မေးတယ်၊ မေးပါများတဲ့ အခါ သူမြင်ရင် လန့်နေကြတာ၊ သူ့ကို ရှောင်ကြတယ်။ သူနိုင်ငံမှာဆိုလို့ရှိရင် ပညာရှိ သမဏဗြာဟ္မဏတွေဟာ မနေဝန့်ကြဘူး။ အကုန်ပြေးကုန်ကြတယ်၊ သူမေးမှာကို ကြောက်ကြတယ်။

**'ဘိက္ခု ပန ယေဘုယျေန ဟိမဝန္တမေဝ ဂစ္ဆန္တိ'** ဘုန်းကြီးတွေလည်း ဟိမဝန္တာတောင် ကြွကုန်ကြတယ်။ တောင်မေး မြောက်မေး၊ မေးလွန်းအားကြီးတော့ သူနိုင်ငံမှာ (၁၂)နှစ်ကြာအောင် ပညာရှိ သမဏ ဗြာဟ္မဏတွေ တခြားအရပ် ကြွသွားကုန်ကြတယ်။ မိလိန္ဒမင်းနဲ့ ယှဉ်ပြိုင်ပြောမယ့်ပုဂ္ဂိုလ် မရှိဘူး။ အားလုံးဟာ ငြိမ်နေကြတယ်။

အဲဒီတုန်းက ဟိမဝန္တာတောင်ခြေမှာ ရဟန္တာတွေ ကုဋေ တစ်ရာလောက် ရှိတယ်။ အဲဒီကုဋေတစ်ရာလောက် ရဟန္တာတွေက ဟိမဝန္တာတောင် ရက်ဒိတဆိုတဲ့ ကုန်းပြင်မှာ နေထိုင်ကြတယ်။ အဲဒီ ရဟန္တာတွေကလည်း မိလိန္ဒမင်းကြီး တောင်မေးမြောက်မေး မေးလွန်းအားကြီးလို့ မနေကြတော့ဘူး၊ လွတ်ရာ ကျွတ်ရာ ကြွသွားကြတယ်။

http://www.dhammadownload.com



## ရှင်နာဂသေန ပေါ်လာခြင်း

နောက်ပိုင်း ရောက်လာတဲ့အခါ ပါဋလိပုတ်မှာ ရှင်နာဂ-သေန ဆိုတာ ပေါ်ပေါက်လာတယ်။ ပိဋကတ်သုံးပုံ တတ်တယ်၊ စကားအချေအတင် ပြောတဲ့နေရာမှာ ကျွမ်းကျင်လိမ္မာတယ်၊ ရှင်နာဂသေနသတင်း ကြားတဲ့အခါ ကုဋေတစ်ရာသော ရဟန္တာတွေက ရှင်နာဂသေနထံ တမန်စေလွှတ်လိုက်ကြတယ်။

"ရှင်နာဂသေနရေ၊ ဒီမှာ မိလိန္ဒမင်းကြီးက ကတ်သီးကတ်သတ်တွေ လျှောက်မေး၊ သူနဲ့ ဘယ်သူမှ ရင်မဆိုင်ရဲဘူး၊ အရှင်ဘုရားလာမှ ဖြစ်မယ်။"

ရှင်နာဂသေနက "တပည့်တော် လာခဲ့ပါမယ်ဘုရား" ဆိုပြီး ရဟန်းပေါင်း ရှစ်သောင်းနဲ့အတူ ဟိမဝန္တာဘက်ကို တက်လာခဲ့တယ်။

ဟိမဝန္တာရှိ ရဟန္တာတွေထဲမှာ **အာယုပါလ**ဆိုတဲ့ မထေရ်ကြီးက **သခ္ခေယျ** ပရိဝုဏ်ကြီးထဲမှာ နေတယ်။ ပရိဝေဏ (ပရိဝုဏ်) ဆိုတာ ကျောင်းပေါင်းများစွာ စုထားတဲ့နေရာ၊ ကျောင်းတိုက်ကြီးပေါ့။ သခ္ခေယျကျောင်းတိုက်ကြီးမှာ သူသီတင်းသုံးနေတယ်၊ သူကလည်း ထက်မြက်တယ်။ မေးတာတွေကို ဖြေဆိုနိုင်တယ်ဆိုတဲ့ ဂုဏ်သတင်းရှိတယ်။

ယောနကအမတ်တွေက မိလိန္ဒမင်းကြီးကို မကျေနပ်ကြဘူး။ "ဒီမင်းကြီးက ကတ်သီးကတ်သပ် တယ်မေးတဲ့မင်းကြီးပဲ"။ သွန်နိုင်တဲ့သူကို ရှာမှဖြစ်မယ်လို့ ကြံတွေးကြတယ်။ အာယုပါလ မထေရ်ကြီးဟာ သူမေးတာ ဖြေနိုင်လောက်တယ် ယုံကြည်ကြတယ်။

http://www.dhammadownload.com



တစ်နေ့သောအခါ မိလိန္ဒမင်းကြီးက "ငါမေးတာဖြေနိုင်တဲ့ ပညာရှိကိုပဲ ငါမေးချင်တယ်"ဆိုတော့ "အရှင်မင်းကြီး၊ **သင်္ခေယျ** ကျောင်းတိုက်ကြီးထဲမှာ **အာယုပါလ**မထေရ်ကြီး ရှိတယ်။ သွားမေးပါလား"လို့ လျှောက်ကြတယ်။ "အေး- ကောင်းပြီ၊ သွားကြမယ်။"

## အာယုပါလမထေရ်နှင့် တွေ့ခြင်း

အာယုပါလမထေရ်ကြီးနဲ့ စကားစမြည်ပြောရင်း "အရှင်ဘုရားတို့ ဘာဖြစ်လို့ ဘုန်းကြီးဝတ်တာလဲ။ ဘုန်းကြီးဝတ်ခြင်းရဲ့ အမြင့်ဆုံး အကျိုးကျေးဇူးက ဘာလဲ" လို့ မိလိန္ဒမင်းကြီးက မေးတယ်။

မထေရ်ကြီးက ပုံမှန် အနေအထားနဲ့ ဖြေတယ်။ "တရားကျင့်ဖို့၊ မှန်ကန်တဲ့အကျင့်တွေကျင့်ဖို့ ဘုန်းကြီးဝတ်တာ။ **ဓမ္မစရိယ၊ သမစရိယ** ကျင့်သုံးဖို့ဖြစ်တယ်။ ဒို့ရဲ့ အမြတ်ဆုံး အကျိုးက အရဟတ္တဖိုလ်ပဲ"။

အဲဒီလို ဖြေလိုက်တဲ့အခါ "လူဝတ်ကြောင်တွေကော ဓမ္မကို မကျင့်သုံးနိုင်ဘူးလား။" လို့ မိလိန္ဒမင်းက ထပ်မေးပြန်တယ်။

"ကျင့်သုံးနိုင်တာပေါ့၊ မြတ်စွာဘုရား ဓမ္မစကြာတရားဟောတဲ့အခါမှာ ပြဟ္မာပေါင်း (၁၈)ကုဋေ၊ နတ်ပေါင်းအသင်္ချေ ကျွတ်တန်းရတယ်။ ထို့အတူပဲ မဟာသတိပဋ္ဌာနသုတ်တို့၊ ရာဟုလောဝါဒသုတ်တို့၊ မဟာမင်္ဂလသုတ်တို့ နာတဲ့အခါမှာ နတ်တွေ၊ ပြဟ္မာတွေ မရေတွက်နိုင်အောင် ကျွတ်ကြတယ်။ အားလုံးဟာ

http://www.dhammadownload.com



လူတွေပဲ၊ လူဝတ်ကြောင်တွေပဲ၊ ရဟန်းတွေ မဟုတ်ဘူး" လို့ အာယုပါလ မထေရ်ကြီးက မိန့်တယ်။

အဲဒီမှာ မိလိန္ဒမင်းကြီးအတွက် အကွက်ရသွားတယ်။ "အရှင်ဘုရား ဒီလိုဆိုလို့ရှိရင် ကိုယ်တော်တို့ဟာ ဘုန်းကြီးဖြစ်ရတာက အတိတ်က မကောင်းတာတွေလုပ်ခဲ့လို့ ဘုန်းကြီးဖြစ်တာနေမှာ။ လူဝတ်ကြောင်တွေတောင် တရားထူးတရားမြတ်တွေရနေမှတော့ ဘာဖြစ်လို့ ဘုန်းကြီးဝတ်မှာလဲ၊ ဘုန်းကြီးဝတ်ရင် ကတုံးပဲ အဖတ်တင်တာပေါ့။ အတိတ်ဘဝတုန်းက ကိုယ်တော်တို့ဟာ သူများ အစားအစာတွေကို လုယက်ပြီး စားသောက်ခဲ့လို့ ကိုယ်တော်တို့ တစ်ထပ်တည်း စားနေရတာနေမှာ။ ညစာ မစားရဘူး၊ အဲဒါ ငတ်တာပဲ"တဲ့။

"**အဇ္ဈောကာသိကဓုတင်**' လို့ ဆိုပြီး လွင်ပြင်မှာ နေရတာလည်း အတိတ်ဘဝက အကုသိုလ်ကံတွေ လုပ်ခဲ့လို့ သူများအိမ်တွေ ဖျက်ဆီးခဲ့လို့ မြို့တွေရွာတွေကို လုယက် ဖျက်ဆီး မီးရှို့ခဲ့လို့ ကိုယ်တော်တို့မှာ အိမ်မရှိ ယာမရှိ နေရတာ ဖြစ်လိမ့်မယ်။ ဘုန်းကြီးတွေဟာ အတိတ်ဘဝတုန်းက မကောင်းမှု အကုသိုလ်လုပ်ခဲ့လို့ ဒီလိုဒုက္ခခံရတာ ဖြစ်မှာပဲ။"

အဲဒီလိုပြောတဲ့အခါ အာယုပါလမထေရ်ကြီးကလည်း သူနဲ့ယှဉ်ပြီး စကားမပြောတော့ဘူး။ တိတ်တိတ်နေလိုက်တော့တယ်။

အဲဒီမှာ မိလိန္ဒမင်းကြီးက ထပြီး လက်ခမောင်းခတ်တယ်။ "ငါမေးတာ ဘယ်သူမှ မဖြေနိုင်ဘူး။ ဇမ္ဗူဒိပ်ကျွန်းကြီးဟာ

http://www.dhammadownload.com



အလကားပဲ၊ အချည်းနှီးပဲ။ အားလုံးဟာ သုညတွေချည်းပဲ။ ငါမေးတာ တစ်ယောက်မှ မဖြေနိုင်ဘူး"လို့ ဟစ်ကြွေးပြီး ထပြန်သွားပြန်တယ်။

ထပြန်ရင်း ယောနကအမတ်တွေကို အမှတ်မထင် ကြည့်လိုက်တယ်။ ခါတိုင်းလို မျက်နှာညှိုးညှိုးငယ်ငယ် မဖြစ်ကြတာကို မိလိန္ဒမင်းကြီးက သတိထားမိတယ်။ ရဲစွမ်းသတ္တိ ရှိနေတဲ့ပုံစံနဲ့ ယောနကအမတ်တွေကို မြင်ရတဲ့အခါ ဘုရင်ကြီးက တွေးတယ်။ လူကဲခတ်လည်း အင်မတန် ကောင်းတယ်။

"ဒီကောင်တွေ ခါတိုင်းလို မဟုတ်ဘူး၊ သူတို့မျက်နှာတွေက။ အခု အာယုပါလမထေရ်ကြီး ငါမေးတာ မဖြေနိုင်တာကို သူတို့ စိတ်မပျက်ဘူး။ အဲဒီတော့ ပညာရှိ ရှိသေးပုံရတယ်။"

အမတ်တွေကလျှောက်ကြတယ်"အရှင်မင်းကြီး၊ သခ္ခေါယျပရိဝုဏ်မှာ နာဂသေနဆိုတဲ့ ပညာရှိရဟန်းတော်တစ်ပါးရှိတယ်"။

မိလိန္ဒမင်းကြီးဟာ နာဂသေနလို့ နာမည် ကြားလိုက်တာနဲ့ ကြက်သီးထသွားတယ်တဲ့။ "ငါ ဘာလို့ ကြက်သီးထတာပါလဲ။" သူ့ကိုယ်သူလည်း စဉ်းစားလို့မရဘူး။

"ဒါဖြင့် နာဂသေနကို ငါတွေ့မယ်" ဆိုပြီး သခ္ခေါယျပရိဝုဏ်ကိုသွားဖို့ စီစဉ်ကြပြန်တယ်။

## နိဂုံးစကား

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ တစ်ခေတ်တစ်ခါ သာသနာမှာ ဝါဒရေးရာနဲ့ပတ်သက်ပြီး အချေအတင် ပြောဆိုနိုင်စွမ်းဆိုတာ သာမန်သတ္တိ၊ သာမန်ပညာ မဟုတ်ဘူး။

http://www.dhammadownload.com



လျှင်မြန်ရတယ်၊ ဖျက်လတ်ရတယ်၊ ကျွမ်းကျင်ရတယ်၊ ရဲရင့်ရတယ်၊ ဗဟုသုတကြွယ်ဝရတယ်ဆိုတဲ့ အရည်အချင်းတွေရှိတဲ့ ပုဂ္ဂိုလ်မျိုးသာလျှင် ဒီလိုဝါဒရေးရာတွေနဲ့ ပတ်သက်ပြီး အချေအတင် ပြောနိုင်ကြတာ ဖြစ်တယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကိုယ်တော်တိုင်ပဲ ဝါဒရေးရာနဲ့ ပတ်သက်ပြီး အချေအတင်ပြောတဲ့အခါမှာ အလွန်ကျွမ်းကျင်တဲ့ **သစ္စက** တို့လို ဝါဒတစ်ထောင်တတ်တဲ့ ပုဂ္ဂိုလ်မျိုးကို တောင် မလှုပ်နိုင်အောင် ပြောဆိုခဲ့တာ ဖြစ်တယ်။

မြတ်ဗုဒ္ဓရဲ့သားတော် ရဟန်းဖြစ်တဲ့ ရှင်နာဂသေနဟာလည်း မြတ်စွာဘုရားရဲ့ တပည့်သာဝကပီပီ မိလိန္ဒမင်းကြီးရဲ့ မေးခွန်းတွေကို ရဲရင့်ပြတ်သားစွာ ချေပပြောဆိုနိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်။

ဒီကနေ့ **"မိလိန္ဒမင်းနဲ့ ရှင်နာဂသေနတို့ရဲ့ ဗုဒ္ဓဝါဒ ရေးရာ အချေအတင်ပြောဆိုမှု အပိုင်း(၁)"**ကို နိဂုံးချုပ်ကြရအောင်။

အားလုံး သာဓုခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

Transcribed by-**Ko Thu Rein Aung**
Typed by- **Wai Wai Lwin**
Final edition copy by- **Htet Naing San (I-D-E)**

http://www.dhammadownload.com

# မိလိန္ဒပဉှာ

## မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ပုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ

## အပိုင်း(၂)

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း(၅)ရက်၊ (၁၀-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာ တရားအလှူတော် အထူးဓမ္မသဘင် အခမ်းအနား၌ ရန်ကုန်မြို့၊ (၁) ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ခင်ပွန်းတို့အား ရည်စူး၍ ဒေါ်ဒေါ်လိပါး-မား၊ သား-မောင်ကောင်းကျော် + မသဲစုနောင်နောင်၊ မြေး-အိန္ဒြေဟန်။ (၂) မိဘများဖြစ်သော ဦးသန်းဖေ + ဒေါ်တင်တင်ဦးတို့အား အမှူးထားလျက် ကွယ်လွန်သူ မိဘများဖြစ်သော ဦးသိန်းလွင်+ ဒေါ်မြင့်မြင့်စိန်တို့အား ရည်စူး၍ Dr.တင်ကိုကို+ ဒေါ်စန္ဒာလွင်၊ သမီး- ချိုသိမ်မွေ့ကို၊ သား-ကောင်းမြတ်မနသီ မိသားစု။ (၃) ဦးသန့်ဇင်နှင့် ဒေါ်စိုးစိုးသွင်၊ သား-ကောင်းစည်သူ ထိန်လင်းလက် မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ် ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ပုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ အပိုင်း(၂)'** တရားဒေသနာတော်။

သခ္ခေါယျပရိဝုဏ် ကျောင်းတိုက်ကြီးမှာ အာယုပါလ မထေရ်ကြီး သိတင်းသုံးနေစဉ် ပါဠလိပုတ်မှ ကြွလာတဲ့ ရှင်နာဂ-သေနအမျှူးရှိသော ရဟန်းတော်ရှစ်သောင်း သာသနာရေးကိစ္စ ဆောင်ရွက်ဖို့ ရောက်ရှိတော်မူလာကြတယ်။

http://www.dhammadownload.com



မိလိန္ဒမင်းကြီးက ပညာအလွန်ထက်မြက်တယ်၊ အမေးအမြန်း ထူတယ်။ သူများရဲ့အမှားကို ထောက်ပြပြစ်တင်ပြောဆို ဝေဖန်တတ်တဲ့အကျင့်ရှိပြီး သူထက်သာတဲ့ပညာရှိကို ရှာနေတာ။ သူ့ရင်ထဲမှာ သံသယဖြစ်နေတာတွေ ရှိတယ်။ ဒီကနေ့ခေတ်မှာလည်း မြတ်စွာဘုရားဟောတဲ့ တရားနဲ့ပတ်သက်ပြီး သံသယဖြစ်ကြတယ်ဆိုတာတွေ ရှိတာပဲလေ။ မိလိန္ဒမင်းကြီးက သူ့ရဲ့ သံသယတွေ ပျောက်ကင်းသွားအောင် ရှင်းလင်းပြောကြားနိုင်မယ့် ပညာရှိရဟန်းတော်များကို တောင့်တနေတဲ့အချိန် ရှင်နာဂသေန ရောက်ရှိလာခြင်း ဖြစ်တယ်။

မိလိန္ဒမင်းကြီးက လူကဲခတ် အလွန်ကောင်းတယ်။ ဒေဝမန္တိယစတဲ့ သူ့ရဲ့ မှူးကြီးမတ်ရာ အခြံအရံတွေကို ကြိုတင်ပြောထားတယ်။ "ရှင်နာဂသေန ဘယ်သူဆိုတာ ငါရွေးချယ်ပြမယ်၊ မမြင်ဖူးပေမယ့် ဘယ်ကိုယ်တော် ဖြစ်တယ်ဆိုတာကို ငါပြောနိုင်တယ်။ ငါ့ကို ကြိုပြီး မပြောကြနဲ့" ဆိုပြီး သခ္ဂေါယျပရိဝုဏ် ကျောင်းတိုက်ကြီးထဲ ဝင်ရောက်သွားကြတယ်။

ပါဋလိပုတ်မှ ကြွလာတဲ့ ရဟန်းတော် ရှစ်သောင်းထဲမှာ ရှင်နာဂသေနထက် ဝါကြီးတဲ့ ရဟန်းတော်က လေးသောင်း၊ ဝါငယ်တဲ့ ရဟန်းတော်က လေးသောင်း ရှိတယ်။ ဝါစဉ်အလိုက် ထိုင်လိုက်တဲ့အခါ ရှင်နာဂသေနက အလည်ရောက်နေတယ်။

ရှစ်သောင်းဆိုတာ အတိအကျပြောတာ မဟုတ်ဘူး။ ရှင်နာဂသေနကို ထည့်တွက်ရင် သူထက်အကြီးက လေးသောင်း၊ အငယ်က လေးသောင်းဖြစ်လို့ ရှစ်သောင်းတစ်ပါး ဖြစ်နေတယ်။ ဆိုလိုတာက သံဃာအများထဲမှာ သူထက်အကြီးရှိတယ်၊ အငယ်

http://www.dhammadownload.com



ရှိတယ်။ သူဟာ အကြီးအငယ် အုပ်စုနှစ်စုရဲ့ အလယ်မှာ ထိုင်နေတယ်။ အကြီးဆုံးဆိုရင်လည်း သိလွယ်တယ်၊ ဘယ်ကိုယ်တော်ဟာ ခေါင်းဆောင်ဆိုတာ ပြောလို့ရတယ်။ သူက အကြီးဆုံးမဟုတ်သည့်အတွက်ကြောင့် သူ့ရဲ့ရှေ့က ဝါကြီးတဲ့ ကိုယ်တော်လေးသောင်းရဲ့ နောက်မှာ သူကရောက်နေတယ်။

ဝါစဉ်အလိုက် ထိုင်ရတဲ့ ရဟန်းတွေကို မိလိန္ဒမင်းကြီးက လှမ်းပြီးကြည့်လိုက်တယ်။ သူ့ရဲ့ အကဲခတ်ပညာက အလွန်ထက်မြက်တယ်။ ရဟန်းတော် လေးသောင်းရဲ့ အစွန်က ထိုင်တဲ့ကိုယ်တော်ဟာ သူများနဲ့ မတူဘူး၊ ရဲရင့်တဲ့မျက်နှာရှိတယ်။

ရာထူးကြီးတဲ့ပုဂ္ဂိုလ်တို့၊ ဘုရင်တို့ လာရင် လူတွေဟာ ရင်ထဲမှာ ဖုတ်လှိုက် ဖုတ်လှိုက် excitement ဖြစ်တတ်တဲ့ သဘောရှိတယ်။ ထူးဆန်းတာ မြင်ရရင်လည်း စိတ်ရဲ့ လှုပ်ရှားမှုတွေ ရှိကြတယ်။ အဲဒီတော့ ကျန်တဲ့ကိုယ်တော်တွေမှာ စိတ်လှုပ်ရှားမှု ရှိကောင်းရှိနေလိမ့်မယ်။ မိလိန္ဒဘုရင်ကြီးလည်း စိတ်လှုပ်ရှားကောင်း လှုပ်ရှားလိမ့်မယ်။ အဲဒီထဲမယ် ရှင်နာဂသေနဟာ စိတ်မလှုပ်ရှားတဲ့ ရင်မခုန်တဲ့ ကိုယ်တော်လို့ ပြောရမယ် ထင်ပါတယ်။

လူတိုင်းလူတိုင်းဟာ စိတ်ရဲ့ လှုပ်ရှားမှုတွေက မျက်နှာရိုပ်မှာ ပေါ်နေတတ်တယ်။ ကြည့်တတ်လို့ရှိရင် မြင်ကြရမှာ ဖြစ်တယ်။ ဒီပုဂ္ဂိုလ်ရဲ့ စိတ်အခြေအနေကို မျက်နှာကြည့်ပြီး အကဲခတ်လိုက်မယ်ဆိုရင် ကြေးမုံပြင်မှာ မြင်ရသလို လူတွေရဲ့ အသွင်သဏ္ဌာန်က မျက်နှာပေါ်မှာ လာပြလေ့ရှိတယ်။

http://www.dhammadownload.com



စာပေကျမ်းဂန်မှာ **'ဟဒယင်္ဂတဘာဝံ ရူပယတိ ပကာသေတီတိ ရူပံ'** ရူပဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး ဖော်ပြတဲ့ အဓိပ္ပါယ်က အလွန်မှတ်သားစရာကောင်းတယ်။ စိတ်နှလုံးထဲမှာ ဖြစ်ပေါ်တဲ့အရာဟာ မျက်နှာမှာ ပုံရိပ်ပေါ်နေစာတ်တယ်။ စိတ်နှလုံး ရှုပ်ထွေးပွေလီနေတဲ့ မျက်နှာကလည်း မျက်ခုံးတွေတွန့်၊ မျက်မှောင်တွေကျုံ့ပြီး ပေါ်နေတတ်တယ်။ စိတ်အလိုမကျတဲ့ မျက်နှာမှာတော့ တင်းမာနေတဲ့ အနေအထား မျိုးတွေ ပေါ်နေတယ်။

လူရဲ့ စိတ်အခြေအနေ မျက်နှာမှာ ထပ်ဟပ်ပေါ်လွင်နေတာကို မိလိန္ဒမင်းကြီးက အကဲခတ်တတ်တယ်။ စိတ်ကို သိတာတော့ မဟုတ်ဘူး။ စိတ်ရဲ့ လှုပ်ရှားမှုတွေ ပေါ်လာတဲ့ နေရာကို ကြည့်လိုက်ရင် လူကဲခတ်လို့ ရမှာပဲ။ ဘယ်လိုပဲ ဖုံးကွယ်ထားစေကာမူ လူတွေဟာ ဝမ်းနည်းနေသလား၊ ကြည်နူးနေသလား၊ ပျော်ရွှင်နေသလားဆိုတာ မျက်နှာမှာ(အထူးသဖြင့် မျက်လုံးထဲမှာ) ပေါ်လွင်နေတာ ဖြစ်တယ်။

မိလိန္ဒမင်းကြီး အကဲခတ်ကောင်းလိုက်ပုံကိုတော့ ခီးကျူးစရာပဲ။ ရှစ်သောင်းထဲကနေ ရွေးလိုက်တယ်၊ "ဟောဟို ကိုယ်တော် မဟုတ်လား၊ အလယ်က။ နာဂသေနဆိုတာ သူပဲ ဖြစ်ရမယ်"

ရှင်နာဂသေနဟာ ဖျတ်ဖျတ်လတ်လတ် အသိဉာဏ်ရှိတဲ့ ပုံပန်းသဏ္ဌာန်ပဲ။ ကြောက်ရွံ့ခြင်းကင်းတယ်။ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲတင်းတဲ့မျက်နှာအသွင်အပြင်ရှိတယ်။ "ဒီကိုယ်တော် ဖြစ်ရမယ်၊ ဟုတ်လား"ဆိုတော့ အမတ်ကြီးတွေက ဟုတ်ပါတယ်။

http://www.dhammadownload.com



"ကြည့်၊ ငါ့ရဲ့ခန့်မှန်းပညာ ဘယ်လောက်တော်သလဲ"လို့ မိလိန္ဒ မင်းက ပြောလိုက်သေးတယ်။

ထူးဆန်းတယ်။ မိလိန္ဒမင်းဟာ နာဂသေနဆိုတဲ့ အမည်ကို ကြားလိုက်တုန်းကလည်း ကျောချမ်းသွားတယ်။ အခု ရှင်နာဂသေနကို မြင်လိုက်ရတဲ့အခါမှာလည်း ကျောချမ်းသွားတယ်။ ဘာ့ကြောင့် ကျောချမ်းရသလဲဆိုတာတွေးရင်း ရှင်နာဂသေနတို့ ထိုင်နေတဲ့နေရာအနီးသို့ ဘုရင်မင်းကြီးနဲ့အဖွဲ့ ဝင်ရောက်သွားကြတယ်။

လောကထုံးတမ်းစဉ်လာအရ နှုတ်ဆက်စကားပြောတယ်။ သို့သော် ရှင်နာဂသေနဲ့ ရဟန်းတော်တွေကို မိလိန္ဒမင်းကြီးက ရှိခိုးတယ်၊ ဝပ်ချတယ်၊ အရိုအသေပေးတယ်။ bow down လုပ်တယ်ဆိုတာ ရှိပုံမရဘူး။ ခါတိုင်းလို အနေအထားအတိုင်းပဲ ယဉ်ကျေးဖွယ်ရာစွာ မေးမှာပေါ့။ "ကိုယ်တော်တို့ နေကောင်းကြရဲ့လား။ ခရီးလမ်း မပင်ပန်းဘဲ ဒီကိုရောက်လာကြရဲ့လား"ဆိုတဲ့ မေးခွန်းတွေကို မေးတယ်။ ရှင်နာဂသေနတို့ ရဟန်းတော်တွေက လည်း အလားတူပဲ အပြန်အလှန် နှုတ်ဆက်စကား ပြောကြတယ်။

အဲဒီလို နှုတ်ဆက်စကား ပြောပြီးတဲ့အခါ ရှင်နာဂသေရဲ့ ပြောပုံဆိုပုံ အသံနေ အသံထားကို ကြားလိုက်ရတာနဲ့ မိလိန္ဒ မင်းကြီးရဲ့ စိတ်ထဲမှာ အားရသွားတယ်။ ရှင်နာဂသေနရဲ့ အသံနေ အသံထားဟာ ကြောက်ရွံ့တဲ့အနေအထားမျိုး တစ်ခုမှ မရှိဘူး။ ပုံမှန်အသံနဲ့ ပြန်လှန်နှုတ်ဆက်တာကို သတိထားမိပြီး ရှင်နာဂသေနရဲ့ ရဲရင့်မှု သတ္တိရှိမှုကို အသိအမှတ်ပြုလိုက်တယ်။

http://www.dhammadownload.com



များသောအားဖြင့် လူတွေဟာ စိတ်လှုပ်ရှားနေလို့ရှိရင် အသံက ပြောင်းသွားတတ်တယ်။ တုန်တဲ့အသံလည်း ရှိတတ်တယ်။ အကယ်ဒမီပေးပွဲ ကြည့်ပါလား။ စိတ်လှုပ်ရှားတဲ့လူတွေ စကားပြော မထွက်ဘူး။ အဲဒါမျိုးလိုပေါ့။ စိတ်လှုပ်ရှားတယ်ဆိုရင် လူရဲ့ပုံပန်းသဏ္ဌာန်ကစပြီး လှုပ်ရှားမှုတွေ ဖြစ်လာတယ်။ စိတ်ကနေ ရုပ်ကို ထုတ်လုပ်တဲ့သဘောပဲ။ စိတ်က တည်ငြိမ်နေပြီဆိုရင် သူပြောတဲ့စကားသံကလည်း တည်ငြိမ်တယ်။

## ၁–မည်တို့မည်မှာ

နှုတ်ဆက်စကား ပြောပြီးတဲ့အခါ မိလိန္ဒမင်းကြီးက မေးခွန်းမေးတယ်။ မေးတာတော့ ရိုးရိုးလေး မေးတာပါ။ သို့သော် မိလိန္ဒမင်းဟာ အင်မတန် အထကောက်တတ်တယ်။ ဆန့်ကျင်ဘက် စကားပြောတဲ့ နေရာမှာတော့ ဗိုလ်ပဲ။

**"ကထံ ဘဒ္ဒန္တော ဉာယတိ'** ကိုယ်တော့်ကို ဘယ်လို သိရမလဲ။ **'ကိ နာမောသိ ဘန္တေ'** အရှင်ဘုရားနာမည် ဘယ်လို ခေါ်သလဲ။"

ရိုးရိုး နှုတ်ဆက်စကားပြောပြီးတဲ့အခါမှာ "ကိုယ်တော့်ကို ဘယ်လိုသိရမလဲ၊ ကိုယ်တော့်နာမည် ဘယ်လိုခေါ်သလဲ" လို့ မေးတယ်။

ကနေ့ခေတ်မှာ လူတစ်ယောက်ရဲ့ နာမည်မေးချင်တယ် ဆိုရင် ယဉ်ကျေးမှုအနေနဲ့ ကိုယ့်နာမည်ကို အရင်ပြောပြီးမှ မေးလေ့ရှိကြတယ်။ What's your name? လို့ အရင်မပြောဘူး။

http://www.dhammadownload.com



ကိုယ့်ကိုယ်ကို introduce လုပ်ပြီး သူ့နာမည် ဘယ်သူပါပြောပြီးမှ ခင်ဗျားနာမည်လေး သိပါရစေလား။ နာမည် ဘယ်လိုခေါ်ပါသလဲလို့ မေးကြတယ်။ ဒါကတော့ ဒီကနေ့ခေတ်ရဲ့ ယဉ်ကျေးမှုအရပေါ့။

ရှင်နာဂသေနက ဖြေတယ်။ **'နာဂသေနောတိ ခေါ အဟံ မဟာရာဇ ဉာယာမိ'** သူ့ကို နာဂသေနလို့ သိကြပါတယ်တဲ့။ **'နာဂသေနောတိ ခေါ မံ သဗ္ဗဟ္မစာရိ သမုဒါစရန္တိ'** သီတင်းသုံးဖော်တွေ၊ အတူနေ သံဃာတွေက သူ့ကို **နာဂသေန** လို့ပဲ ခေါ်ကြပါတယ်။ ပြောဆို နှုတ်ဆက်ကြပါတယ်။

**'အပိစ မာတာပိတရော နာမံ ကရောန္တိ နာဂသေနောတိ ဝါ, သူရသေနောတိဝါ, ဝီရသေနောတိဝါ, သီဟသေနောတိဝါ'**။

တကယ်တော့ မိဘနှစ်ပါးက **နာဂသေန** လို့လည်း အမည်ပေးထားတယ်။ **သူရသေန** လို့လည်း အမည်ပေးတယ်၊ **ဝီရသေန** လို့လည်း အမည်ပေးတယ်၊ **သီဟသေန** လို့လည်း အမည်ပေးတယ်။

နာဂသေနမှာ နာဂဆိုတာ ဆင်ကိုလည်း ခေါ်တယ်။ နဂါးကိုလည်း ခေါ်တယ်။ အဲဒီတော့ ဆင်တို့ နဂါးတို့ဆိုတာ အစွမ်းသတ္တိရှိတဲ့သတ္တဝါတွေဖြစ်တယ်၊ သေနဆိုတာ စစ်တပ်။ အဲဒီအဓိပ္ပာယ်နဲ့ **သူရသေန** ရဲရင့်သော စစ်တပ်ရှိသူ၊ **ဝီရသေန** ကြိုးစားအားထုတ်တဲ့ လုံ့လ ဝီရိယကောင်းတဲ့ စစ်တပ်ရှိသူ၊ **သီဟသေန** ဆိုတာ ခြင်္သေ့ကဲ့သို့ ရဲရင့်သော စစ်တပ်ရှိသူလို့

http://www.dhammadownload.com



ဆိုတယ်။ အဲဒီ သေနာ ဆိုတဲ့ စကားလုံးထည့်ပြီး သူ့ရဲ့ အမည်နာမကို မိဘတွေက မှည့်ခေါ်ထားပါတယ်။

**'အဝိစ ခေါ မဟာရာဇ သခ်ီ သမညာ ပညတ္တိ ဝေါဟာရမတ္တံ နာမမတ္တံ ယဒိဒံ နာဂသေနာတိ'**

"ဒါပေမယ် မင်းကြီး **နာဂသေန**ဆိုတာ ခေါ်စရာ အမည်ပညတ်မျှသာ ဖြစ်ပါတယ်။ **'န ဟေတ္ထ ပုဂ္ဂလော ဥပလဗ္ဘတိ'** တကယ်တော့ နာဂသေနဟာ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ မရနိုင်ပါဘူး။" နာဂသေနဆိုတာ ခေါ်ဖို့အတွက် သက်သက် လုပ်ထားတာပါ။ ပုဂ္ဂိုလ်အနေနဲ့ကမရှိပါဘူးလို့ ပြောလိုက်တယ်။

ဒါက အင်မတန်လေးနက်တဲ့ အဘိမဓာ စကားလုံးပဲ။ ပရမတ္ထရှုထောင့်ကနေ ပြောလိုက်တာ ဖြစ်တယ်။ ဒီစကားက ဘုရင်ကြီးကို စိန်ခေါ်လိုက်သလို ဖြစ်သွားတယ်။ နာဂသေနက မိလိန္ဒမင်းကြီးရဲ့ မေးချင်စိတ်, အပြစ်တင်ချင်တဲ့ စိတ်တွေကို တမင် နှိုးဆွပေးတဲ့သဘောလို့လည်း ယူဆလို့ရတယ်။

"နာဂသေနဆိုတာ နာမည်ပါ။ ခေါ်စရာအတွက် ထားတာ၊ တကယ်တော့ ပုဂ္ဂိုလ်ဆိုတာ ပရမတ္ထအားဖြင့် မရနိုင်ပါဘူး။ ပုဂ္ဂိုလ်ဆိုတာ ပရမတ္ထမှာ မရှိပါဘူး။"

## မိလိန္ဒမင်း၏ ပြစ်တင်စကြားဆို်ချက်

အဲဒီစကား ကြားလိုက်တဲ့အခါ ဘုရင်ကြီးက လည်ပင်းလေးမော့ ခါးလေးဆန့်ပြီး သူလူတွေကို လှမ်းပြီးပြောလိုက်တယ်။

**"သုဏာတုမေ ဘဝန္တော ပဉ္စသတာ ယောနကာ အသီတိ သဟဿာ စ ဘိက္ခူ"**။ ယောနက အမတ်တွေ၊

http://www.dhammadownload.com



(ခုခေတ် တူရကီ အမတ်တွေ) ရှင်နာဂသေနနဲ့ အတူရှိကြတဲ့ ရဟန်းရှစ်သောင်း။ ကြားကြတယ်နော်၊ အားလုံး ကြားကြတယ် နော်၊ သေချာမှတ်ထားကြပါ။"

**"အယ် နာဂသေနော ဧဝမာဟ'** ဟောဒီ နာဂသေန ဆိုတဲ့ ကိုယ်တော်က **'န ဟေတ္ထ ပုဂ္ဂလော ဥပလဗ္ဘတိ'** ဒီနေရာမှာ နာဂသေနဆိုတာ ပုဂ္ဂိုလ်အနေနဲ့ မရှိပါဘူးလို့ ပြောနေတယ်။ **'ကလ္လံ နုခေါ တဒ ဘိနန္ဒိတုံ'** အဲဒါကို လက်ခံ နိုင်ပါ့မလား။ ပုဂ္ဂိုလ်မရှိဘူးလို့ သူက ပြောနေတယ်။ သူ့စကားကို ကျေနပ်စွာ လက်ခံနိုင်ကြပါ့မလား။"

ဘုရင်ကြီးက ရှင်နာဂသေနကို မေးခွန်း ထုတ်လိုက်ပြန် တယ်။ **"သစေ ဘန္တေ နာဂသေန ပုဂ္ဂလောနုပလဗ္ဘတိ'** အရှင် နာဂသေန၊ ပုဂ္ဂိုလ်ဆိုတာ မရနိုင်ဘူးလို့ အရှင်ဘုရား ပြောတယ်"။ **"ကော စရဟိ တုမှာကံ စိဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ဒေတိ'** အဲဒါဆို အရှင်ဘုရားအား ပစ္စည်းလေးပါး ဘယ်သူ လှူတာလဲ။ ပုဂ္ဂိုလ်မရှိဘူး၊ သတ္တဝါဆိုတာ မရှိဘူးဆိုရင် ကိုယ်တော့်အား ပစ္စည်းလေးပါး ဘယ်သူ လှူတာလဲ။ **'ကော တံ ပရိဘုဉ္ဇတိ'** အဲဒီပစ္စည်းလေးပါးကို ဘယ်သူသုံးစွဲတာလဲ။"

မေးခွန်းတွေ ဆက်တိုက် ထုတ်တယ်။ သီလစောင့်တယ် ဆိုတာရော ဘယ်သူ သီလစောင့်တာတုန်း။ **'ကော ဘာဝနံ အနုယုဉ္ဇတိ'** ဘာဝနာတရား အားထုတ်တာရော ဘယ်သူလဲ။

လောကကြီးမှာ ပြောကြတယ်လေ။ ဒီသင်္ကန်းကို ဘယ် ဒကာ, ဒကာမက လှူတယ်။ အဲဒီ ဒကာလှူတဲ့ သင်္ကန်းကို

http://www.dhammadownload.com



ဘုန်းကြီးက ဝတ်တယ်။ ဒါဖြင့် ပုဂ္ဂိုလ်မရှိဘူးဆိုရင် ဘယ်သူက လျှူလို့ ဘယ်သူက သုံးတာတုန်း။

မိလိန္ဒမင်းက သူအပြစ်တင်လိုတဲ့ မေးခွန်းတွေ ဆက်တိုက် မေးလိုက်တယ်။ အဲဒါတင် မကဘူး။ "မင်္ဂိုလ်နိဗ္ဗာန်ကို ရတယ်လို့ ဆိုရင် ဘယ်သူရတာလဲ။ လူတွေဟာ မင်္ဂိုရတယ်လို့ပြောကြတယ်၊ ဖိုလ်ရတယ်လို့လည်း ပြောကြတယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်လို့လည်း ပြောကြတယ်။ ဒါဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုတာ၊ ဘယ်သူဖြစ်မလဲ။"

ဒါတင် မကဘူး၊ လူသတ်မှု ကျူးလွန်တယ်၊ သတ္တဝါတွေကို သတ်တယ်ဆိုရင် **"ကော ပါဏံ ဟနတိ'** ဘယ်သူ သတ်တာလဲ။ ပုဂ္ဂိုလ်မရှိဘူးဆိုရင် ဘယ်သူ သတ်တာလဲ။ **'ကော အဒိန္နံ အာဒိ-ယတိ'** ဘယ်သူခိုးတာလဲ။ ပုဂ္ဂိုလ်မရှိဘူးဆိုရင် ဘယ်သူခိုးတယ်လို့ ပြောမလဲ။ **'ကော ကာမေသုမိစ္ဆာစာရံ စရတိ'** ကာမကိစ္စ မှားမှားယွင်းယွင်း ပြုကျင့်တယ်ဆိုတာ ဘယ်သူပြုကျင့်တာလဲ။ **'ကော မုသာဘဏတိ'** မှားယွင်းသော စကားကို ပြောတယ် ဆိုတာ ဘယ်သူပြောတာလဲ။ **'ကော မဇ္ဇံ ပိဝတိ'** အရက် သောက်တယ်ဆိုတာ ဘယ်သူသောက်တာလဲ။"

**"ကော ပဉ္စာနန္တရိယကမ္မံ ကရောတိ'** အမေသတ်တယ်၊ အဖေသတ်တယ်၊ ရဟန္တာကိုသတ်တယ်၊ သံဃာတွေ သင်းကွဲအောင် လုပ်တယ်၊ မြတ်စွာဘုရား သွေးစိမ်းတည်အောင် လုပ်တယ်ဆိုရင် ဘယ်သူ လုပ်တာလဲ။ ပုဂ္ဂိုလ်မရှိဘူးဆိုရင် ဒီပြစ်မှုတွေကို ဘယ်သူ ကျူးလွန်တာလဲ။"

http://www.dhammadownload.com



ဒါ့ကြောင့် **'နတ္ထိ ကုသလံ၊ နတ္ထိ အကုသလံ'** ကုသိုလ်ဆိုတာလည်း မရှိဘူး။ အကုသိုလ်ဆိုတာလည်း မရှိဘူး။ **'နတ္ထိ ကုသလာကုသလာနံ ကမ္မာနံ ကတ္တာ ဝါ ကာရေတာ ဝါ'** ကုသိုလ်အကုသိုလ်လုပ်တဲ့လူလည်း မရှိဘူး။ လုပ်ခိုင်းတဲ့လူလည်း မရှိဘူး။ **'နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော'** ကုသိုလ်အကုသိုလ်တို့ရဲ့ အကျိုးဆိုတာလည်း မရှိဘူး။

**'သစေ ဘန္တေ နာဂသေန ယော တုမှေ မာရေတိ၊ နတ္ထိ တဿာပိ ပါဏာတိပါတော'** ပုဂ္ဂိုလ်မရှိဘူးဆိုရင် အရှင်ဘုရားကို တစ်ယောက်ယောက်က လာသတ်ရင်တောင် လာသတ်တဲ့ပုဂ္ဂိုလ်မှာ ပါဏာတိပါတက် ထိုက်တယ်ဆိုတာ မဖြစ်ဘူး။

**'တုမှာကမ္ပိ ဘန္တေ နာဂသေန နတ္ထိ အာစရိယော'** ဒါတင်မကဘူး။ ကိုယ်တော့်မှာ ဆရာလည်း မရှိနိုင်ဘူး၊ ဥပဇ္ဈာယ်ဆိုတာလည်း မရှိနိုင်ဘူး။ ကိုယ်တော် ရဟန်းဆိုတာလည်း မဖြစ်နိုင်ဘူး။ ပုဂ္ဂိုလ်မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး ကိုယ်တော် ရဟန်းလို့ ခေါ်ရမှာလဲ။

"သီတင်းသုံးဖော်တွေက ငါ့ကို နာဂသေနလို့ ခေါ်ကြတယ်" လို့ အရှင်ဘုရားပြောတယ်။ အဲဒီလို ခေါ်တဲ့နေရာမှာ ဘယ်သူလဲ နာဂသေန၊ ဘယ်သူ့ကို ခေါ်မှာလဲ" ဘုရင်ကြီးက ပြောပြန်တယ်။

နေပါဦး၊ ကိုယ်တော့်ကို **နာဂသေန**လို့ ခေါ်တယ်ဆိုရင် ကိုယ်တော့်ခေါင်းပေါ်ပေါက်တဲ့ **"ဆံပင်က နာဂသေနလား"** မဟုတ်ပါဘူးလို့ရှင်နာဂသေနကဖြေတယ်။ အဲဒီတော့ **"မွေးညင်း**

http://www.dhammadownload.com



**ကရော နာဂသေနလား**" မဟုတ်ပါဘူး။ "**ခြေသည်း လက်သည်းက နာဂသေနလား**" မဟုတ်ဘူး။

ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ အကုန်မေးတာ။ **ခေါင်းက နာဂသေန** လား။ **လက်ခြေတွေက နာဂသေန** လား၊ **ဝမ်းပိုက်က နာဂသေန** လား။ ဘယ်ဟာက နာဂသေနလဲ။ (၃၂) ကောဋ္ဌာသ လူ့ခန္ဓာကိုယ်မှာရှိတဲ့ Organ တွေနဲ့ အကုန်မေးတယ်။ မေးတော့ ရှင်နာဂသေနကလည်း မဟုတ်ပါဘူးချည်းပဲ ဖြေတယ်။

ခန္ဓာငါးပါးနဲ့ သူက မေးပြန်တယ်။ "ဒီလိုဆိုရင် ရုပ်ခန္ဓာက နာဂသေနလား၊ မဟုတ်ပါဘူး။ ဝေဒနာက နာဂသေနလား၊ မဟုတ်ပါဘူး။ သညာက နာဂသေနလား၊ မဟုတ်ဘူး။ သင်္ခါရတွေက နာဂသေနလား၊ မဟုတ်ပါဘူး။ ဝိညာဏ်က နာဂသေနလား" မဟုတ်ပါဘူး။ အဲဒါဆိုရင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဒီငါးခုပေါင်းထားတဲ့ ခန္ဓာအစုက နာဂသေနလား။ မဟုတ်ပါဘူး။ ဒါဖြင့် "နာဂသေနဆိုတာ ခန္ဓာငါးပါးမပါတဲ့ အခြားဟာလား"လို့ဆိုတော့ အခြားဟာလည်း မဟုတ်ပါဘူး။

မေးလိုက်တိုင်း မေးလိုက်တိုင်း ဘယ်ဟာမှ နာဂသေနဆိုတာ သူရှာလို့ မတွေ့ပါဘူးတဲ့။ မဟုတ်ဘူးချည်းပဲ သူအဖြေရတယ်။

အဲဒီမှာ နောက်ဆုံးမေးပြန်တယ်၊ '**နာဂသေနသဒ္ဒါ နု ခေါ ဘန္တေ နာဂသေနော**' ဒါဖြင့် နာဂသေနဆိုတဲ့ စကားလုံးလေးက နာဂသေနလားတဲ့။ **နာ ဟိ မဟာရာဇ** မဟုတ်ပါဘူး

http://www.dhammadownload.com



မင်းကြီး။ ဒီလိုဆိုရင် 'ကော ပနေတ္ထ နာဂသေနော' ဒီလိုဆိုရင် အရှင်ဘုရားနဲ့ ပတ်သက်ပြီး နာဂသေနဆိုတာ ဘယ်သူလဲ။

**'အလိကံ တွံ ဘန္တေ ဘာသသိ မုသာဝါဒံ။ နတ္ထိ နာဂသေနော'** အရှင်ဘုရား ခုနကပြောတယ်။ ငါ့ကို နာဂသေန လို့ ခေါ်တယ်လို့ ပြောတာဟာ အရှင်ဘုရား လိမ်ပြောတာပဲ။ အခု မေးလိုက်တော့ နာဂသေန ရှာလို့မတွေ့တော့ဘူး။ တစ်ကိုယ်လုံး စစ်မေးလိုက်တဲ့အခါ နာဂသေနဆိုတာ မရှိတူး ဖြစ်နေတယ်၊ အဲဒါဆို ကိုယ်တော် လိမ်တာပဲ။

## ရှင်နာဂသေနတ်၏ ဧချပချက်

ရှင်နာဂသေနက မိလိန္ဒမင်းကြီးကို ပြန်မေးတယ်။ "အရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ ဘုရင်ဆိုတော့ ချမ်းချမ်းသာသာ နေလာတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အခုလို ရာသီဥတုပူပြီး ကြမ်းတမ်းတဲ့မြေပေါ်မှာ လမ်းလျှောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် အရှင်မင်းကြီး ဒီလာတဲ့အခါ လမ်းလျှောက်လာတာလား၊ သို့မဟုတ် ယာဉ်စီးပြီး လာတာလား။

မိလိန္ဒမင်းကြီးက "တပည့်တော် လမ်းလျှောက်လာတာ မဟုတ်ဘူး။ ရထားနဲ့လာတာပါ"လို့ ဖြေတယ်။

"အရှင်မင်းကြီး ရထားနဲ့လာတယ်ဆိုလို့ရှိရင် ဘယ်ဟာ ရထားလဲဆိုတာ ပြောပြစမ်းပါ။ ဘယ်ဟာကို ရထားလို့ခေါ်သလဲ။

**'ကိန္နုခေါ မဟာရာဇ ဏှိသာ ရထော'** မြင်းလှည်းကို ကြည့်လိုက်၊ မြင်းကတဲ့နေရာ တွဲထားတဲ့မြင်းရဲ့ ဟိုဘက်ဒီဘက်မှာ မြင်းနဲ့ဆက်သွယ်ထားတဲ့ အသားချောင်းကြီး နှစ်ချောင်း

http://www.dhammadownload.com



"**ရထားသံ**" လို့ ခေါ်တယ်။ မြင်းက အဲဒီ "ရထားသံ တုတ်ချောင်းကြီး နှစ်ချောင်းဟာ ရထားလား၊" ရထားကို ပြောပြစမ်းပါ။ အဲဒီ "**ဤသာဆိုတဲ့ တုတ်ချောင်းကြီးနှစ်ချောင်း သစ်သားတံကြီးနှစ်ခုက ရထားလား**"။ "မဟုတ်ပါဘူး"လို့ ဘုရင်ကြီးက ဖြေတယ်။

ဒါဆိုရင် "**ဝင်ရိုးက ရထားလား**"။ ဝင်ရိုးလည်း ရထားမဟုတ်ဘူး။ "**ဘီးတွေက ရထားလား**" ဆိုတော့ ဘီးကလည်း ရထား မဟုတ်ဘူး။ ဒါဖြင့် "**ရထားအိမ်ကြီးက ရထားလား**" ဆိုတော့ မဟုတ်ဘူး။ ဒါဖြင့် ရထားမှာ တပ်ဆင်ထားတဲ့ တစ်ခြားအင်္ဂါရုပ်တွေက ရထားလားဆိုတော့ မဟုတ်ဘူး။ တံပိုးက ရထားလား၊ မြင်းနဲ့တွဲထားတဲ့ ရထားသံက ရထားလား၊ ကြိုးက ရထားလား၊ မြင်းလှည်းမောင်းတဲ့ နှင်တံကြာပွတ်က ရထားလား ဆိုတော့ မဟုတ်ဘူး။ ဒါဆိုလို့ရှိရင် အဲဒါတွေ အကုန်ပေါင်းထားတာ ရထားလားဆိုတော့ အဲဒါလည်း မဟုတ်ဘူး။

မဟုတ်ဘူးချည့် အကုန်ဖြေရတာ။ တစ်ခုမှ အဖြေမထွက်လာဘူး။ အဲဒီလို အဖြေမထွက်လာတော့ ပြောတယ်။ အဲဒီလို ဆိုလို့ရှိရင် ဒါတွေဖယ်ထားပြီး ရထားဆိုတာ တစ်ခြားလား ဆိုတော့ တစ်ခြားလည်း မဟုတ်ဘူးတဲ့။

အရှင်မင်းကြီး ရထားအကြောင်းကို တစ်စုချင်း တစ်စုချင်း မေးတာ၊ ရထားလည်း မတွေ့ရပါလား။ အဲဒါဆိုရင် "**ရထားဆိုတဲ့ စကားလုံးက ရထားလား**" ဆိုတော့ အဲဒါလည်း မဟုတ်ဘူး။

အဲဒါဆိုရင် အရှင်မင်းကြီးက ရထားနဲ့ လာတယ်လို့ ပြောတယ်။ သက်သက် လိမ်ပြောတာပဲ၊ ရထားစီးလာခဲ့တယ်လို့

http://www.dhammadownload.com



ပြောတာဟာ လိမ်ပြောတာပဲ။ အသင်မင်းကြီးကို အားလုံးက သိနေကြတာ၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ အတော်ဆုံး ဘုရင်ကြီးလို့ သိတာ။ အခုမှ လူလိမ်ကြီးမှန်း သိရတယ်ပေါ့။ အခုမှ အသင်မင်းကြီးက လူလိမ်ကြီးဖြစ်နေပါလား။

ရှင်နာဂသေနကလည်း ခေါင်းလေးမော့ပြီး အားလုံး ကြားကြတယ်နော်၊ **"သုဏာန္တု မေ ဘဝန္တော ပဉ္စသတာ ယောနကာ** ယောနကအမတ်တွေ အားလုံးကြားကြတယ်နော်။ ရဟန်း ရှစ်ဆောင်းလည်း အားလုံးကြားကြတယ်နော်။ အခုပဲ မိလိန္ဒမင်းကြီးက ဒီကို ရထားနဲ့လာပါတယ်လို့ ပြောတယ်။ အကယ်၍ ရထားနဲ့လာတာဆိုရင် ရထားကို ပြပါလို့ မေးတဲ့အခါမှာ ရထားကို သူမပြောနိုင်ဘူး။ ဘယ်ဟာ ရထားလဲဆိုတာ သူမပြောနိုင်ဘူး။ အဲဒီတော့ သူစကားဟာ လက်ခံနိုင်လောက်တဲ့စကား ဟုတ်ပါ့မလား။"

အဲဒီအခါမှာ ယောနကအမတ်တွေက သဘောကျလွန်းလို့ သာဓုခေါ်ကြတယ်။ သာဓုသံက ဟိန်းတက်သွားတယ်။ ဘုရင်ကြီးကို စွာလွန်းလို့ ယောနကအမတ်တွေက အမြင်ကတ်နေကြတယ်။ ယခုချိန် အခွင့်ရေးရပြီး ဝိုင်းပြောကြတယ်။ **'ကွဒါနိ ခေါ တွံ မဟာရာဇ သက္ကောန္တော ဘာသသီ'** အရှင်မင်းကြီး ပြောလေ။ ရှင်နာဂသေနနဲ့ ပြောမယ်ဆိုတာ ပြောလေဆိုပြီးတော့ ဘုရင်ကြီးကို ဝိုင်းပြီး တောင်းဆိုကြတယ်။

တောင်းဆိုတဲ့အခါကျမှ မိလိန္ဒမင်းကြီးက လေပြေထိုးပြီး ပြောတယ်၊ **'နာဟံ ဘန္တေ နာဂသေန မုသာ ဘဏာမိ'** ရှင်နာဂသေန အကျွန်ုပ် လိမ်ပြောတာ မဟုတ်ပါဘူး။ ရထား

http://www.dhammadownload.com



ဆိုတာ ရထားသံရယ်၊ ဝင်ရိုးရယ်၊ ဘီးရယ်၊ ရထားအိမ်ရယ်၊ အရာအားလုံး ပေါင်းစပ်ပြီး ရထားဆိုတဲ့ အခေါ် အဝေါ် ဖြစ်လာတာ။ ခေါ် စရာအမည်မျှသာ ဖြစ်ပါတယ်။ ရှင်နာဂသေန ပြောတဲ့ အဖြေမျိုးကို သူပြန်ဖြေရတော့တယ်။

"ရထားဆိုတာ ခေါ် ဝေါ် စရာ အမည်နာမမျှသာ ဖြစ်ပါတယ်။ ဒါတွေ ပေါင်းစပ်ပြီး ခေါ် စရာလေးတစ်ခုအဖြစ် သတ်မှတ်ထားတဲ့ အရာသာဖြစ်တယ်။ တကယ် လိုက်ရှာကြည့်လိုက်ရင် ရထားဆိုတာ ရှာလို့မတွေ့ပါဘူး။"

အဲဒီမှာ ရှင်နာဂသေနက ပြောတယ်။ **'သာမု ခေါ် တွံ မဟာရာဇ ရထံ ဇာနာသိ'** အရှင်မင်းကြီးဟာ အခု ရထားကို မှန်မှန်ကန်ကန် သိသွားပြီ။ ရထား ဆိုတာ အမည်ပညတ်မျှသာ ဖြစ်တယ်။ ခေါ် စရာအတွက်သာ ဖြစ်တယ်ဆိုတာ အရှင်မင်းကြီး သိသွားပြီ။

အဲဒီအတိုင်းပဲ နာဂသေနဆိုတာလည်း ဆံပင် စသည် အစွဲပြု၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို အစွဲပြု၊ ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးကို အစွဲပြုပြီး နာဂသေနလို့ ခေါ် စရာလေးတစ်ခုသာ ဖြစ်ပါတယ်။ အမည်ပညတ်မျှသာ ဖြစ်တယ်။ **'ပရမတ္ထတော ပနေတ္ထ ပုဂ္ဂလော နုပလဗ္ဘတိ'** အစစ်အမှန်အားဖြင့် ပုဂ္ဂိုလ်ဆိုတာ ရှာတွေ့မှာမဟုတ်ပါဘူး။ အဲဒီ စကားနဲ့ ပြန်ချုပ်လိုက်တယ်။

သေသေချာချာ စဉ်းစားကြည့်။ **သမ္မုတိသစ္စာ** နဲ့ **ပရမတ္ထသစ္စာ**ပိုင်းမှာ ဒီလိုအဆိုမျိုးရှိတယ်။ သမ္မုတိသစ္စာ ဆိုတာ အမည်နာမတစ်ခုကိုစွဲပြီး လူတွေခေါ် တဲ့အတိုင်း မှတ်ကြရတယ်။ ဒါ

http://www.dhammadownload.com



ပုဆိုးလို့ လူတွေအားလုံးက အသိအမှတ် ပြုလိုက်ရင် ပုဆိုးလို့ မှတ်ကြရတယ်။ အမျိုးသမီးတွေ အဝတ်ကိုတော့ ထမီလို့ မှတ်ကြတယ်။ စကပ်ဆိုရင် စကပ်ပေါ့။ အင်္ကျီဆိုရင် အင်္ကျီပေါ့။ တစ်ခုခုကို အကြောင်းပြုပြီး အားလုံးက အသိအမှတ် ပြုလိုက်တယ်။ General consensus လို့ခေါ်တယ်။ အားလုံး သဘောတူ လက်ခံထားတဲ့ အရာတစ်ခုဖြစ်တယ်။

အဲဒီတစ်ခုခုကို စွဲပြီးခေါ်တဲ့ သမ္မုတိသစ္စာ သည်ပင်လျှင် ပြောင်းလွဲမှုတွေ ဖြစ်တတ်တယ်။ အသိဉာဏ်နဲ့ ခွဲခြားစိတ်ဖြာရင်လည်း ပြောင်းလွဲသွားတယ်။ သို့မဟုတ် ပျက်ယွင်းသွားရင်လည်း ပြောင်းလွဲသွားတယ်။ အဲဒါ ပညတ်ရဲ့ သဘာဝပဲ။ ပညတ်ဆိုတာ အပြောင်းအလွဲရှိတယ်။

ဥပမာမယ်- မြေအိုးလေးတစ်ခုပဲ ကြည့်လိုက်။ အိုးမလုပ်ခင်က မြေ။ မြေကို အိုးသဏ္ဌာန်လုပ်ပြီး မီးဖုတ်လိုက်တဲ့အခါ အိုးလို့ ဖြစ်သွားပြန်တယ်။ မြေဆိုတာ ပျောက်သွားတယ်။ အိုးလို့ခေါ်တယ်။ အဲဒီအိုးကိုမှ တစ်ခါရိုက်ခွဲလိုက်ရင် အိုးခြမ်းကွဲဖြစ်သွားတယ်။ အမှုန့်ထောင်းလိုက်တဲ့အခါ မြေဆိုတာ ပြန်ဖြစ်သွားတယ်။

လူတွေ ဝတ်နေတဲ့အဝတ်၊ ဝါဂွမ်းက ရလာတယ်ဆိုရင် ပထမဆုံးက **ဝါဂွမ်း**လို့ ခေါ်တယ်။ အဲဒီ ဝါဂွမ်းကို စနစ်တကျ အမျှင်လေးတွေ လုပ်လိုက်တဲ့အခါ **ချည်** လို့ ခေါ်ပြန်ရော။ အဲဒီ ချည်ကို ယက်ကန်းစင်တင်ပြီး ယက်လုပ်လိုက်တဲ့အခါ **အထည်** ဖြစ်သွားပြန်တယ်။ အဲဒီ အထည်ကိုမှ သင်္ကန်းချုပ်လိုက်ရင်

http://www.dhammadownload.com



**သင်္ကန်း**၊ ထမီချုပ်တော့ **ထမီ**၊ ပုဆိုးချုပ်တော့ **ပုဆိုး**၊ လိုက်ကာချုပ်တော့ **လိုက်ကာ**၊ ပြောင်းလွဲသွားပုံလေးကို စဉ်းစားကြည့်။

အရာဝတ္ထုတစ်ခုဟာ မူလအနေအထားမှ ပြောင်းပြောင်းသွားတာ။ အဲဒီလို ပြောင်းလွဲမှုတွေဟာ သဘာဝအရ ဖြစ်စဉ်တစ်ခုလို ဖြစ်နေတယ်။ အဲဒါမျိုးကို သမ္မုတိလို့ခေါ်တယ်။ လူတွေခေါ်စရာအနေနဲ့ ထားတာ။

ကြည့်လေ၊ လူတိုင်းသုံးနေတဲ့ စားပွဲ။ မြန်မာပြည်မှာ ကျွန်းသားတွေပေါလို့ ကျွန်းသားနဲ့လုပ်တယ်။ ကျွန်းပင်ကြီးကို **ကျွန်းပင်**လို့ ခေါ်တာ၊ ဘယ်သူမှ စားပွဲလို့ မခေါ်ဘူး။ ကျွန်းပင်ကြီးကို လှဲလိုက်ပြီဆိုရင် **သစ်တုံး** ဖြစ်သွားတယ်။ ခွဲလိုက်တဲ့အခါ **သစ်သား** ဖြစ်သွားတယ်။ အဲဒါကို ပရိဘောဂဆိုင်ရောက်ပြီး ကုလားထိုင် လုပ်လိုက်တဲ့အခါ **ကုလားထိုင်**၊ စားပွဲလုပ်လိုက်တဲ့အခါ **စားပွဲ**၊ စားပွဲကျိုးသွားလို့ ခွဲပြီးထင်းစိုက်တဲ့အခါ ထင်း၊ ထင်းမီးလောင်ပြာကျသွားတဲ့အခါ ပြာ၊ ပြောင်းသွားပုံလေးတွေကို ကြည့်။

အဲဒီလို ပြောင်းပြောင်းသွားတဲ့ သဘောတရား၊ မတည်မြဲတဲ့ သဘောတရားဟာ သမ္မုတိသစ္စာပဲ။ အများက လက်ခံပြီး ခေါ်ဝေါ်နေတဲ့ အခေါ်မျှသာ ဖြစ်တယ်။ အသိဉာဏ်နဲ့ ခွဲခြားစိတ်ဖြာလိုက်လို့ရှိရင် ပျောက်သွားတယ်။

ခွဲခြမ်းစိတ်ဖြာလိုက်ရင် ပျောက်သွားတယ်ဆိုတဲ့ သဘောတရားကို စဉ်းစားကြည့်၊ သစ်ပင်ဆိုပါစို့။ လူတစ်ယောက်ကို မေးရင် သစ်ပင်လို့ပြောမယ်၊ ဟုတ်ပြီ။ သစ်ပင်ဆိုတာ မင်း **အသီး**ကို ခေါ်တာလား၊ မဟုတ်ဘူး။ အသီးက အသီးပဲ။ ဒါဖြင့် **အပွင့်**

http://www.dhammadownload.com



ကို ခေါ်တာလား၊ အပွင့်က အပွင့်ပဲလေ။ ဒါဖြင့် **အရွက်**ကို သစ်ပင်ခေါ်တာလားဆိုတော့ အရွက်ကလည်း အရွက်။ ဒါဖြင့် **အကိုင်းအခက်**ကို ခေါ်တာလားဆိုတော့ အကိုင်းအခက်က လည်း အကိုင်းအခက်ပဲ၊ သစ်ပင်မဟုတ်ဘူး။ ဒါဖြင့် **ပင်စည်ကြီး**ကို ခေါ်တာလား၊ မဟုတ်ဘူး။ **အခွံအခေါက်**ကို ခေါ်တာလား၊ မဟုတ်ဘူး။ ဒါဖြင့် **အမြစ်**ကို ခေါ်တာလားဆိုတော့ မဟုတ်ဘူး။ သစ်ပင်တစ်ပင်လုံးကို လိုက်ပြီးတော့ တစ်ခုစီ တစ်ခုစီ ခေါ်လိုက်တဲ့အခါ သစ်ပင်ဆိုတာ လုံးဝပျောက်သွားတယ်။

အဲဒီလို ခွဲခြမ်းစိပ်ဖြာလိုက်ရင် သစ်ပင်ဆိုတာ ရှာလို့မတွေ့တော့ဘူး။ အမည်နာမ သက်သက်မျှသာ ဖြစ်တယ်။ အားလုံးကို ပေါင်းစပ်ထားပြီး လူတွေက ခေါ်စရာအနေနဲ့ သစ်ပင်လို့ သတ်မှတ်လိုက်တာ။ တစ်ခုစီဆိုရင် သစ်ပင်ဆိုတာ မရှိတော့ဘူး။

အခု တရားပွဲလာကြတယ်၊ ဘာနဲ့လာကြတုန်း။ ကားနဲ့လာတယ်။ ကားပြစမ်းပါ၊ ဘီးကို ကားခေါ်တာလား၊ ကားဘော်ဒီကို ခေါ်တာလား၊ အင်ဂျင်ကို ခေါ်တာလား၊ ဘက်ထရီကို ခေါ်တာလား၊ ဒရိုင်ဘာကို ခေါ်တာလားဆိုတော့ ကားရှာမတွေ့တော့ဘူး။ ဝပ်ရှော့သွားပြီး ဖြုတ်လိုက်ရင် တစ်စစီပဲလေ၊ သူ့အခေါ်နဲ့သူ ရှိတယ်။ ကားလို့ခေါ်တာ မရှိတော့ဘူး။ ကားပျောက်သွားပြီ။

အဲဒါလိုပဲ analyze လုပ်လိုက်လို့ရှိရင် အမည်နာမတစ်ခုဟာ ပျောက်ကွယ်သွားတဲ့ သဘော၊ မှန်ကန်မှုမရှိတဲ့ သဘော၊ အဲဒါကို သမ္မုတိလို့ခေါ်တယ်။ လူတွေက ခေါ်စရာတစ်ခု အနေနဲ့သာ ခေါ်ထားတာ။ တကယ် စစ်ဆေးလိုက်လို့ရှိရင် တကယ်

http://www.dhammadownload.com



ရှိတဲ့အရှိ မဟုတ်တော့ဘူး။ ဒါ အင်မတန်မှ ထင်ရှားပါတယ်။ အားလုံးဟာ ပြောင်းနေတဲ့သဘောတွေ၊ အားလုံးပေါင်းလိုက်ပြီး ခေါ်စရာတစ်ခုအနေနဲ့ သတ်မှတ်ထားတာ။

အဲဒီလိုပဲ **ပုဂ္ဂလ- ပုဂ္ဂိုလ်**ဆိုတဲ့ဟာလည်းပဲ ဘယ်သူ့ကို ပုဂ္ဂိုလ်ခေါ်တာလဲလို့ ကြည့်လိုက်မယ်ဆိုရင် **ရူပ**ကိုခေါ်တာလည်း မဟုတ်ဘူး။ **ဝေဒနာ**ကို ခေါ်တာလည်း မဟုတ်ဘူး။ **သညာ, သင်္ခါရ, ဝိညာဏ်**တို့ကိုခေါ်တာလည်း မဟုတ်ဘူး။ အကျဉ်းချုပ် အားဖြင့်ပြောမယ်ဆိုရင် Body နဲ့ Mind. Body ကိုလည်း ပုဂ္ဂိုလ် ခေါ်တာ မဟုတ်ဘူး၊ mind ကိုလည်း ခေါ်တာ မဟုတ်ဘူး။ သူနာမည်နဲ့သူ ရှိတယ်လေ။ အဲဒါတွေကို ပေါင်းစပ်ပြီး ခေါ်စရာ လေးတစ်ခု လုပ်လိုက်တဲ့အခါမှာ **ပုဂ္ဂိုလ်** ဆိုတာ ဖြစ်လာတာ။ ပုဂ္ဂိုလ်ဆိုတာ အားလုံးအတွက် general ပြောတာ။ ကိုယ့်နာမည် လေးတွေနဲ့ကိုယ် ခေါ်စရာအနေနဲ့ထားတာ။ တကယ် ခွဲခြမ်း စိတ်ဖြာကြည့်လိုက်လို့ရှိရင် ပျောက်သွားတယ်။ မရှိတော့ဘူး။ အဲဒီ မရှိတာဟာ အမည်ပညတ် သမ္မုတိမျှသာ ဖြစ်တယ်။

သမ္မုတိသစ္စာအနေနဲ့ ရှိတယ်လို့ ပြောထားတဲ့အရာသည် ခွဲခြားစိတ်ဖြာကြည့်လိုက်လို့ရှိရင် ဘာတစ်ခုမှ မရှိတော့ဘူး။ မရှိရင် လိမ်ပြောရာ ရောက်သလားလို့ဆိုတော့ ဘယ်လိမ်ပြောရာ ရောက်မလဲ။ မှန်တယ်လို့ပဲ ပြောရမယ်။ သမ္မုတိသစ္စာပိုင်းက မှန်တယ်လို့ပဲ ပြောတယ်။ ရှင်နာဂသေနက ပြောလိုက်တယ်လေ။ "ခေါ်ဖို့ရာပဲထားပါတယ်"ဆိုတာကို သူက လိမ်တယ်လို့ပြောတာ။

ရှင်နာဂသေနက အမှန်တရားကို ပြောပြတဲ့အခါ ပရမတ္ထ အားဖြင့် တကယ်မရှိတာ မှန်တယ်။ ခွဲခြမ်းစိပ်ဖြာ ကြည့်လိုက်

http://www.dhammadownload.com



လို့ရှိရင် ဘာတစ်ခုမှ ရှာမတွေ့ဘူး။ ကိုယ့်ကိုယ်ကိုလည်း ဆန်းစစ်ကြည့်၊ ငါဆိုတာ ဘယ်ဟာကို ခေါ်တာလဲ။ ဆံပင်ကို ခေါ်တာလား၊ နားရွက်ကို ခေါ်တာလား၊ ကိုယ့်ကိုယ်ကို အင်္ဂါရပ်တွေ အကုန်လုံး တစ်ခုစီ ဖြုတ်ကြည့်လိုက်။ ကိုယ့်ကိုယ်ကို ငါလို့ ပြောစရာရှိသေးလား။ မရှိတော့ဘူး။ အကုန်လုံး ပျောက်သွားပြီ၊ တစ်ခုမှ မကျန်တော့ဘူး။

သို့သော် အားလုံးပေါင်းစပ်ပြီး ခေါ်စရာလေးတစ်ခု လုပ်လိုက်တဲ့အခါ ငါဆိုတာ နာမည်လေးနဲ့ ပေါ်လာပြန်တယ်။ ဒါဘယ်သူပဲဆိုပြီး မှတ်ထားကြပြန်တယ်။ အဲဒီအပြင်မှာ သညာတွေနဲ့ မှတ်လိုက်တယ်၊ ဘယ်သူကတော့ အရပ်ထွားတယ်၊ ဘယ်သူကတော့ အရပ်ပုတယ်၊ ဘယ်သူက ဝတယ်၊ ဘယ်သူက ပိန်တယ်ဆိုတာ သညာတွေနဲ့ မှတ်ထားပြီးတော့ ဘယ်သူရဲ့ Hair Style က ဘယ်လို။ ဒါတွေပါ အကုန်မှတ်တယ်။ ဝတ်တဲ့အဝတ်က ဘာဆိုတာပါမှတ်။ အဲဒီလို မှတ်ပြီးတော့ ခေါ်စရာ သတ်မှတ်စရာ တစ်ခုအနေနဲ့သာ လုပ်တာ။ ပရမတ္ထရှုထောင့်ကနေ ကြည့်လိုက်လို့ရှိရင် မရှိတော့ဘူး။ တကယ်ရှိတာက ရုပ်နဲ့နာမ် နှစ်ခုသာ ရှိတယ်လို့ ဒီလိုဆိုလိုတာ။

ဒါက အဆင့်မြင့်တဲ့ပရမတ္ထအသိနဲ့ မေးတာဖြေတာလုပ်တဲ့သဘော။ မြတ်စွာဘုရားကိုယ်တိုင် ဒီလိုဟောတဲ့အပြင် မြတ်စွာဘုရားရဲ့ တပည့်သာဝိကာဖြစ်တဲ့ **ဝဇီရာထေရီ** က **သမ္မုတိနဲ့ ပရမတ္ထ**ကို ခွဲခြားစိတ်ဖြာပြီး ပြောတဲ့နေရာမှာ အလွန်ရှင်းလင်းပြတ်သားတယ်။

http://www.dhammadownload.com



**'ယထာပိ အင်္သမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ'**

**ရထ**ဆိုတဲ့ အခေါ်အဝေါ်က မြင်းလှည်း၊ မြင်းရထား၊ နွားလှည်း၊ နွားရထား ဒါကိုဆိုလိုတယ်။ အဲဒီတော့ ရထဆိုတဲ့ စကားလုံးက လှည်းကိုပြောတာ။ နွားလှည်း၊ မြင်းလှည်းကို ရည်ညွှန်းတာ။ အစိတ်အပိုင်းတွေ အားလုံးပေါင်းလိုက်မှ လှည်းလို့ ခေါ်လို့ရတာ။

**'ဧဝံ ခန္ဓေသု သန္တေသု'** ဒီအတိုင်းပဲ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် လို့ဆိုတဲ့ ခန္ဓာငါးပါး ပေါင်းစပ်ထားတဲ့ အခါ **သတ္တဝါ**ဆိုတဲ့ အခေါ်အဝေါ်ဟာဖြစ်တယ်။ တကယ်တော့ သတ္တဝါမရှိဘူး။ ရှိတာက ခန္ဓာငါးပါးပဲရှိတယ်လို့ ဒီလိုဆိုလိုတယ်။ **"အရှိက ခန္ဓာငါးပါး၊ မရှိတာက သတ္တဝါ"**လို့ခေါ်တဲ့ အရာသာ ဖြစ်တယ်။

မာရ်နတ်ကြီးကို ဝဇီရာထေရီမက ရှင်းလင်းဖော်ပြခဲ့တာ။ အဲဒီ ရှင်းလင်းချက်လေးကို **ဝိသုဒ္ဓိမဂ်** ကျမ်းကြီးမှာလည်းပဲ အလေးပေးပြီး ဖော်ပြထားတယ်။ **မိလိန္ဒပဉှာ** မှာလည်း ရှင်နာဂသေနက ဒါကို အထောက်အထားတစ်ခုအနေနဲ့ မိလိန္ဒမင်းကြီး နားလည်အောင်-

**'ယထာပိ အင်္သမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ၊**

**ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ'**

သတ္တဝါလို့ဆိုတဲ့ အခေါ်အဝေါ်တစ်ခုဟာ ခန္ဓာငါးပါး ရှိနေလို့ ခေါ်တာ။ ခန္ဓာငါးပါးမရှိရင် ခေါ်စရာမရှိဘူး။ ရထားလို့

http://www.dhammadownload.com



ခေါ်တဲ့အခေါ်ဟာ ဘီးတို့၊ ဝင်ရိုးတို့၊ ရထား အစိတ်အပိုင်းတွေ အကုန်လုံး ပေါင်းစပ်ထားလို့ ခေါ်တာသာ ဖြစ်တယ်။ တစ်ခုစီ တစ်ခုစီ ခွဲစိပ်လိုက်မယ်ဆိုရင် ရထားလို့ ခေါ်စရာမရှိတော့ဘူး။

ရှင်နာဂသေနက သူ့ကိုယ်သူ နာဂသေနလို့ ပြောတာဟာ သမ္မုတိသစ္စာပိုင်းက ပြောတာ။ **'နဟေတ္ထ ပုဂ္ဂလော ဥပလဗ္ဘတိ'** ဒီနေရာမှာ ပုဂ္ဂိုလ်ဆိုတာ မရနိုင်ဘူးဆိုတာ ပရမတ္ထရှုထောင့်က ပြောတာ။ မိလိန္ဒမင်းကြီးက ပရမတ္ထရှုထောင့်ကို သတိမပြုဘဲ သမ္မုတိရှုထောင့်မှ စောဒကတက်တဲ့အခါ သူပြန်ပတ်ခံရတယ် ပေါ့။

စကားအချေအတင် ပြောတဲ့နေရာမှာ မိလိန္ဒမင်းထက် နာဂသေနက တစ်ကွက်သာသွားပြီလို့ ပြောနိုင်တယ်။ အဲဒီတော့ မိလိန္ဒမင်းကြီး မလှုပ်နိုင်တော့ဘူး။ အဲဒီကျတော့မှ နိဂုံးချုပ် အနေနဲ့ မိလိန္ဒမင်းက ဘာပြောတုန်းဆိုရင် **'အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ'** အရှင်ဘုရား အံ့သြဖွယ်ပါဘဲလို့ ပြောတယ်။

မိလိန္ဒမင်းကလည်း လူညံ့ မဟုတ်ဘူး။ ဒါတွေ သူသိတယ်၊ သင်ထားပြီးသားတွေပေါ့။ ပိဋကတ်သုံးပုံကို ထုံးလိုချေ ရေလို နှောက်ထားတဲ့ ပုဂ္ဂိုလ်ပဲ။ ရှင်နာဂသေနမို့ သူ့ကို အခုလို ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် ချေပနိုင်တာ။ ကျန်တဲ့ပုဂ္ဂိုလ် ဆိုလို့ရှိရင် သူ့ကို ကြောက်တာကတစ်မျိုး၊ သူပြောပုံက တစ်မျိုး ဆိုတော့ ရှေ့ဘာပြောရမှန်း မသိဘူး။ ငုတ်တုတ်ထိုင်ကုန်ကြတာ ပေါ့။

ရှင်နာဂသေနက ရဲရဲရင့်ရင့် အသေးစိတ် ရှင်းပြလိုက်တဲ့ အခါမှာ သူလက်ခံပြီး "အရှင်ဘုရား၊ အံ့သြဖွယ် ကောင်းပါပေ

http://www.dhammadownload.com



တယ်။ အရှင်ဘုရားရဲ့ ဆန်းဆန်းကြယ်ကြယ် ရှင်းလင်းပြသမှုတွေကို တပည့်တော် ကျေနပ်ပါတယ်။ အကယ်၍ မြတ်စွာဘုရား သာရှိရင် အရှင်ဘုရားရဲ့ ဖြေဆိုချက်တွေကို သာဓုခေါ်မှာပါ။ တပည့်တော်လည်း အရှင်ဘုရားရဲ့ ဖြေဆိုမှုတွေ အားလုံးကို သာဓုခေါ်ပါတယ်”။

## ၂–ဝဿ ဂဏန ပဉှာ

မိလိန္ဒမင်းကြီးက ကျေနပ်လက်ခံပြီးနောက် စကားစပြန်တယ်။ **“ကတိ ဝဿာသိ တွံ ဘန္တေ နာဂသေန’** အရှင်နာဂသေန၊ အရှင်ဘုရား ဘယ်နှဝါရှိပြီလဲ။”

ရှင်နာဂသေနက ဖြေတယ်၊ **“သတ္တဝဿောဟံ မဟာရာဇ’** သူ (၇)ဝါ ရပါပြီတဲ့။”

(၇)ဝါရပါပြီဆိုတဲ့အခါ မိလိန္ဒမင်းကမေးတယ်။ **“ကေတေ ဘန္တေ သတ္တ’** အဲဒီ(၇)ဆိုတာ ဘာတွေလဲ။ **‘တွံ ဝါ သတ္တ၊ ဂဏာနာ ဝါ သတ္တ’** ကိုယ်တော်က (၇)လား၊ သို့မဟုတ် ဂဏန်းက (၇)လား” တဲ့။

သူရှုံးသွားတာ မကျေနပ်လို့ ကတ်သီးကတ်သပ် မေးခွန်းတစ်ခု ထပ်မေးတယ်။ **“တွံ ဝါ သတ္တ** အရှင်ဘုရားက (၇)လား၊ ဂဏန်းက (၇)လား”တဲ့။

အဲဒီအချိန်မှာ ရှင်နာဂသေန ဖြတ်ကနဲ ကြည့်လိုက်တယ်။ နေရောင်ထဲ ရှင်ဘုရင်ကြီး ထိုင်နေတဲ့နေရာမှာ မိလိန္ဒမင်းရဲ့ အရိပ်က ကြမ်းပြင်ပေါ်မှာ ပေါ်နေတယ်၊ အရိပ်ထင်နေတယ်။

http://www.dhammadownload.com



အနီးနားမှာ ရေအိုးကြီးကလည်း ရှိတယ်။ အဲဒီ ရေခွက်ထဲမှာလည်း ဘုရင်ကြီးရဲ့ အရိပ်ထင်နေတယ်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ အရိပ်ဟာ ကြမ်းပေါ်မှာ ထင်ပေါ်နေတယ်။ **'ကိံ ပန မဟာရာဇ'** ဘယ်လိုလဲ မင်းကြီး။ **'တွံ ဝါ ရာဇာ၊ ဆာယာ ဝါ ရာဇာ'** အရှင်မင်းကြီးက မင်းလား၊ ဒီအရိပ်က မင်းလားတဲ့။

ရှင်နာဂသေနကလည်း ကတ်သီးကတ်သပ် ပြန်မေးတယ်။

မိလိန္ဒမင်းက ဖြေတယ်။ **'အဟံ ဘန္တေ ရာဇာ'** အရှင်ဘုရား၊ တပည့်တော်က မင်းပါ။ **'နာယံ ဆာယာ ရာဇာ'** ဒီအရိပ်က မင်းမဟုတ်ပါဘူးတဲ့။**'မံ ပန နိဿာယ ဆာယာ ပဝတ္တတိ'** တပည့်တော်ကို အစွဲပြုပြီး အရိပ်ထင်တာပါတဲ့။

"ဒီအတိုင်းပါပဲ မင်းကြီး၊ ရဟန်းဖြစ်လာတဲ့ နှစ်အရေအတွက် ဂဏန်းကသာ (၇)ပါ။ နာဂသေနက ဂဏန်း(၇) မဟုတ်ပါဘူး။ ဒါပေမယ် နာဂသေနကို အမှီပြုပြီး (၇)ဂဏန်းဆိုတာခေါ်တာ၊ အရိပ်လိုပဲမှတ်ပါ"။

အဲဒီ ဒုတိယမေးခွန်းကို ဖြေလိုက်တဲ့အခါမှာလည်း ဘုရင်ကြီးက အလွန်ကျေနပ်သွားတယ်။ အလွန်ကျေနပ်သွားလို့ **အစ္ဆရိယံ ဘန္တေ**- အံ့စရာပါပဲ အရှင်၊ **အတိစိတြာနိ ပဥ့ပဋိ-ဘာနာနိ ဝိဿဇ္ဇိတာနိ**- အလွန်ဆန်းပြားတဲ့ မေးခွန်းတွေကို ဖြေဆိုခြင်းပါဘဲ။

http://www.dhammadownload.com



## နိဒ်းစကား

မိလိန္ဒနဲ့ နာဂသေနတို့ရဲ့ အချေအတင် ပြောဆိုချက်တွေဟာ မှတ်သားစရာ ကောင်းတယ်။ အင်မတန်မှ စိတ်ဝင်စရာကောင်းတဲ့ အချက်တွေ ဖြစ်တယ်။ နောက်ပိုင်းမှာ ကတ်သီးကတ်သပ် မေးတာတွေလည်း ပါတယ်။ ကတ်သီးကတ်သပ် မေးရင်လည်း ကတ်သီးကတ်သပ် ဖြေတယ်။ ကြဲကြဲဖန်ဖန်မေးရင် ကြဲကြဲဖန်ဖန် ဖြေတယ်။

ရှေးတုန်းက ဆရာတော်ကြီးတစ်ပါး ကျောင်းဝင်းထဲမှာ တံမြက်စည်းလှည်းနေတယ်။ တံမြက်စည်းလှည်းနေတဲ့ နေရာအနီးမှာ ရေကန်ကြီးတစ်ကန်ရှိတယ်။ အမတ်ကြီးတစ်ယောက် ကျောင်းရောက်လာပြီး "အရှင်ဘုရားတဲ့၊ ဒီရေကန်ကြီးက ဘယ်နှစ်တောင် နက်ပါသလဲ" မေးတယ်။

ဆရာတော်ကြီးက "ဟဲ့- ငါဘယ်သိမလဲ"တဲ့။

"အရှင်ဘုရားနဲ့နီးလို့များ သိမလား"လို့ မေးတာပါ။

"နီးတိုင်း သိရမယ်ဆိုရင် မင်းရဲ့နှုတ်ခမ်းမွေး ဘယ်နှစ်ပင် ရှိလဲ။ အဲဒီထက် နီးဦးမလား" လို့ဆိုတယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ **"မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ"** ဟာ စိတ်ဝင်စားစရာကောင်းလို့ မိလိန္ဒပဉှာကျမ်းကြီးကို ပါဠိစာပေမှာ မှတ်တမ်းတင်ထားတာ ဖြစ်တယ်။

ဒီကနေ့ ဒုတိယပိုင်းအနေနဲ့ ဟောတာဖြစ်ပါတယ်။ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် အသိဉာဏ်တိုးပွားခြင်းဆိုတဲ့ အကျိုးတရား၊ ဗုဒ္ဓရဲ့အဆုံးအမတွေကို ရှင်းရှင်း

http://www.dhammadownload.com



လင်းလင်း နားလည်သဘောပေါက်ခြင်းဆိုတဲ့ အကျိုးတရားများ ရပြီး အသိဉာဏ် ဖြစ်ပွားအောင် ကြိုးစားနိုင်ကြပါစေကုန် သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ko Thu Rein Aung**

Typed by- **Wai Wai Lwin**

Final edition copy by- **Htet Naing San (I-D-E)**

http://www.dhammadownload.com

# မိလိန္ဒပဉှာ

## မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ

## အပိုင်း(၃)

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း (၆)ရက်၊ (၁၁-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း မြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာတရားအလှူတော် အထူးဓမ္မသဘင် အခမ်းအနား၌ (၁) ရန်ကုန်မြို့၊ ဦးအောင်သူရိန်+ဒေါ်ကြည်ကြည်ဆွေ မိသားစု၊ (၂) ဦးလှိုင်ဝင်း+ဒေါ်ထက်ထက်နိုင် မိသားစု၊ (၃) ဦးကျော်မိုးလင်း+ Dr. ကြည်ကြည်ခင် မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ အပိုင်း(၃)"** အကြောင်း တရားဒေသနာတော်။

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့ သာဂလမြို့ သချေ်ယျကျောင်းတိုက်ကြီးမှာ ပထမဆုံး တွေ့ဆုံခဲ့ကြတယ်။ အပြန်အလှန် နှုတ်ဆက်စကားပြောပြီး အမည်နာမ မေးရာမှစပြီး အချေအတင် ပြောဆိုမှုတွေ ဖြစ်ခဲ့တယ်။ အဲဒီလို အချေအတင် ပြောဆိုပြီးနောက် ဆက်လက်ဆွေးနွေးဖို့ ဉာဏ်ရည်ဉာဏ်သွေး ရှိ,မရှိ မိလိန္ဒမင်းကြီးက သိချင်တယ်။ တွေ့ဆုံစမှာ လေးနက်တဲ့ အကြောင်းအရာတွေ မေးရသေးတာ မဟုတ်သေးဘူး။ အမည်

http://www.dhammadownload.com



နာမနဲ့ ရဟန်းဝါကိုသာ မေးရသေးတာဖြစ်တယ်။ အဲဒီမှာတင် ရှင်နာဂသေနရဲ့ ထက်မြက်ဖျက်လတ်တဲ့ အရည်အချင်းကို မိလိန္ဒမင်းကြီး အကဲခတ်မိတယ်။

ဆက်လက်ဆွေးနွေးကြဖို့ ဉာဏ်စမ်းမေးခွန်းတွေကို မိလိန္ဒမင်းကြီးက စတင်မေးတယ်။ မေးခွန်းနံပါတ်(၃)က **'ဝီမံသနပဉ္ဟာ'** ဉာဏ်စမ်းမေးခွန်း ဖြစ်တယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ဉာဏ်ရည်ဉာဏ်သွေးတွေ ရှိ,မရှိ ပညာရှင်တွေက စူးစမ်းလေ့ရှိတယ်။ **"ဘန္တေ နာဂသေန သလ္လပိဿသိ မယာ သဒ္ဒိ"** - အရှင်နာဂသေန၊ တပည့်တော်နဲ့ ဆွေးနွေးမလား" လို့ မိလိန္ဒမင်းကြီးက စကားစလိုက်တယ်။

ရှင်နာဂသေနက ပြန်ပြောတယ်။ **"သစေ တွံ မဟာရာဇ ပဏ္ဍိတဝါဒံ သလ္လပိဿသိ၊ သလ္လပိဿာမိ'** "ပညာရှင်တွေ ဆွေးနွေးနည်းနဲ့ ဆွေးနွေးမယ်ဆိုရင် ဆွေးနွေးမယ်၊" **ပဏ္ဍိတဝါဒ** -ပညာရှင်တွေရဲ့ စိတ်သဘောထားနဲ့ ပညာရှိတဲ့လူတွေရဲ့ ဆွေးနွေးမှုမျိုး ဆွေးနွေးမယ်ဆိုရင်တော့ ဆွေးနွေးမယ်။ **'သစေ ပန ရာဇဝါဒံ သလ္လပိဿသိ၊ န သလ္လပိဿာမိ'** မင်းစိုးရာဇာတွေရဲ့ ဆွေးနွေးမှုမျိုးဆိုရင်တော့ မဆွေးနွေးနိုင်ဘူး"။

စကားကို ချုပ်ကိုင်လိုက်တာ။ "ပညာရှင်တွေရဲ့ ဆွေးနွေးမှုမျိုးဆိုရင် ဆွေးနွေးမယ်၊ မင်းစိုးရာဇာတွေရဲ့ ဆွေးနွေးမှုမျိုးဆိုမဆွေးနွေးနိုင်ဘူး"လို့ ရှင်နာဂသေနက အတိအလင်း ပြောကြားလိုက်တယ်။

အယူဝါဒရေးရာနဲ့ ပတ်သက်ပြီး အချေအတင် ပြောကြမယ်ဆိုရင် မြတ်စွာဘုရားကိုယ်တိုင်ကလည်းပဲ စကားကပ်ပြော

http://www.dhammadownload.com



တတ်တဲ့ ပရိဗိုဇ်တွေနဲ့ တွေ့တဲ့အခါမှာ "ပညာရှိဆွေးနွေးမှုမျိုး ဆွေးနွေးမယ်ဆိုရင် ဆွေးနွေးမယ်။" အဲဒီစကားမျိုး မိန့်ကြားခဲ့တယ်။

မြတ်ဗုဒ္ဓရဲ့ တပည့်သာဝကဖြစ်တဲ့ ရှင်နာဂသေန ကလည်း အဲဒီအဓိပ္ပာယ်မျိုးကို ရည်ရွယ်ပြီးတော့ "ပညာရှိတို့ရဲ့ဆွေးနွေးမှုမျိုး ဆိုရင် ဆွေးနွေးမယ်။ မင်းစိုးရာဇာတွေရဲ့ ဆွေးနွေးမှုမျိုးဆိုရင်တော့ မဆွေးနွေးနိုင်ဘူး"လို့ ဒီလို တိတိကျကျ ပြန်ပြောလိုက်တာ ဖြစ်တယ်။

မိလိန္ဒမင်းကြီးက ပြန်ပြီးမေးတယ်၊ "**ကထံ ဘန္တေ ပဏ္ဍိတာ သလ္လပန္တိ**' -ပညာရှင်တွေက ဘယ်လို ဆွေးနွေးလေ့ရှိကြပါသလဲ။"

"**ပဏ္ဍိတာနံ ခေါ မဟာရာဇ သလ္လာပေ အာဝေဠနမွိ ကယိရတိ၊ နိဗ္ဗေဋနမွိ ကယိရတိ**' -ပညာရှင်တွေရဲ့ စကားဝိုင်းမှာ အပြစ်တင်စရာရှိရင်လည်း တင်မှာပဲ၊ ထောက်ပြစရာရှိရင်လည်း မညာမတာ ထောက်ပြမယ်၊ ဖြေရှင်းစရာရှိရင်လည်းပဲ ဖြေရှင်းမယ်။"

"**နိဂ္ဂဟောပိ ကယိရတိ၊ ပဋိကမ္မမွိ ကယိရတိ**'-နှိပ်ကွပ်ပြီး ပြောတန်ပြောမှာပဲ။ ကုစားဖို့ နည်းလမ်းပေးပြီး ပြောဆိုတဲ့အခါလည်း ပြောဆိုမှာပဲ။"

"**ဝိဿာသောပိ ကယိရတိ**' -တရင်းတနှီးကြီး ပြောဆိုမှုလည်းပဲ လုပ်ရမှာပဲ။ '**ပဋိဝိဿာသောပိ ကယိရတိ**' -တုန့်ပြန်ပြီး ရင်းနှီးတဲ့စကား ပြောတာမျိုးလည်းပဲ ပြောရမှာပဲ။ '**နန္ဒ**

http://www.dhammadownload.com



**တေန ပဏ္ဍိတာ ကုပ္ပန္တိ'** အဲဒီလိုပြောလို့ ပညာရှိဆိုတာ စိတ်မဆိုးဘူး" တဲ့။

သူ့စကားကို ချုပ်နှောင်ပြီး ပြောချင်လည်း ပြောမယ်။ ချုပ်နှောင်မှုကို ဖြေရှင်းပြီးတော့လည်း ပြောချင်ပြောမယ်။ တရင်းတနှီးကြီး ပြောချင်လည်း ပြောမယ်။ သူပြောတဲ့ စကားပေါ်မှာ နှိပ်ကွပ်ပြီး အပြစ်ထောက်ပြကာ မည်သူမတာ ပြောချင်လည်း ပြောမယ်။ ဘယ်လိုပဲပြောပြော ပညာရှိတွေ စိတ်မဆိုးကြဘူး။

ပညာရှိသူတွေ မဟုတ်ဘူးဆိုရင် ပြောဆို ငြင်းကြခုံကြ၊ တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံရင်းကနေ ရန်ပွဲထိအောင် ဖြစ်သွားတတ်တယ်။ မခံနိုင်ကြဘူးလေ၊ ထောက်ပြရင်လည်း မခံနိုင်ဘူး။ အဲဒီလို မဖြစ်စေရဘူးတဲ့။ ပညာရှိဆိုတာ ဘယ်လိုပဲ ပြောပြော ဖြေနိုင်ရမယ်။ ကိုယ့်ပေါ်မှာ တင်စီးလာရင်လည်း ဖြေနိုင်ရမယ်။ နှိပ်ကွပ်ပြီးတော့ ပြောရင်လည်းပဲ ဖြေရှင်းနိုင်ရမယ်။ ဒီလိုနှိပ်ကွပ်ပြီး ပြောခြင်းကြောင့် စိတ်ဆိုးတာမျိုး မလုပ်ရဘူးတဲ့။ ပညာရှိတွေ ဆွေးနွေးပွဲမှာ ဒီလိုပဲ လိုက်နာကြတယ်။

မိလိန္ဒမင်းကြီးက ထပ်မေးတယ်။ **"ကထံ ပန ဘန္တေ ရာဇာနော သလ္လပန္တိ'** မင်းစိုးရာဇာတွေက ဘယ်လို ဆွေးနွေးကြတာတုန်း"တဲ့။

**"ရာဇာနော မဟာရာဇ သလ္လာပေ ဧကံ ဝတ္ထုံ ပဋိစ္စာနန္တိ၊ ယော တံ ဝတ္ထုံ ဝိလောမေတိ'** မင်းစိုးရာဇာတွေရဲ့ ဆွေးနွေးပွဲမှာ တစ်စုံတစ်ခုကိုဝန်ခံပြီး ပြန်လှန်ငြင်းမယ်ဆိုရင်။ **'တဿ ဒဏ္ဍံ အာဏာပေန္တိ 'ဣမဿ ဒဏ္ဍံ ပဏေထာ'တိ၊ ဧဝံ ခေါ ရာဇာနော သလ္လပန္တိ'** မင်းစိုးရာဇာတွေက အာဏာနဲ့

http://www.dhammadownload.com



ပြစ်ဒဏ်ကို ချမှတ်တတ်တယ်၊ အမိန့်ပေးတယ်။ "ခုနတုန်းက တစ်မျိုး၊ အခုတစ်မျိုး။ ဒီကောင် အပြစ်ပေးလိုက်ကြစမ်း။" ဆွေးနွေးပွဲမှာ သူက အနိုင်ယူပြီး အပြစ်ပေးတတ်တယ်။ အဲဒါ မင်းစိုးရာဇာတွေရဲ့ လုပ်ထုံးလုပ်နည်းပဲ။

မင်းစိုးရာဇာတွေဟာ ဆွေးနွေးပွဲမှာ စကားလေးမှားရင်ပဲ ဖြစ်စေ၊ သူမကြိုက်တဲ့ စကားလုံး ပြောရင်ပဲဖြစ်စေ၊ အပြစ်ဒဏ် ခတ်တတ်တယ်၊ ဒါ မင်းစိုးရာဇာတွေရဲ့ ဆွေးနွေးပွဲလို့ ခေါ်တယ်။

အဲဒီလို ရှင်နာဂသေနက ရှင်းပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက "**ပဏ္ဍိတဝါဒါဟံ ဘန္တေ သလ္လပိဿာမိ၊ နော ရာဇဝါဒံ**' တပည့်တော် ပညာရှိဆွေးနွေးနည်း ဆွေးနွေးပါမယ်။ မင်းစိုး ရာဇာတွေရဲ့ ဆွေးနွေးနည်းကို မဆွေးနွေးပါဘူး"တဲ့။

"**ဝိဿဇ္ဇော ဘဒန္တော သလ္လပတု**' -အရှင်ဘုရားဟာ ရဲရဲဝံ့ဝံ့ ပြောပါ။ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ပြောစရာရှိရင်ပြောပါ။" "**ယထာ ဘိက္ခုနော ဝါ**'- အရှင်ရဲ့ သီတင်းသုံးဖော် ရဟန်းနဲ့ ပြောသလို၊ ကိုရင်တွေနဲ့ ပြောသလို၊ ဥပါသကာ ဒါယကာတွေနဲ့ ပြောသလို၊ ကျောင်းတိုက်ကြီးတွေမှာရှိတဲ့ **အာရာမိက**- အာရာမ်စောင့် လူတွေ ကပ္ပိယတွေနဲ့ပြောသလို လွတ်လွတ်လပ်လပ်ကြီး ပြောနိုင်ပါတယ်"။

သူကို မင်းဆိုပြီး ကြောက်စရာမလိုပါဘူး။ ပညာရှိ ဆွေးနွေးနည်းကို သူ ဆွေးနွေးပါမယ်လို့ မိလိန္ဒမင်းကြီးက ဝန်ခံလိုက်တယ်။

ရှင်နာဂသေနက "ဒါဆိုရင် ကောင်းပြီ၊ ဆွေးနွေးကြတာပေါ့" လို့ ပြောဆိုလိုက်တယ်။

http://www.dhammadownload.com



## ၃-ဝိမံသနပဉှာ

အဲဒီမှာ မေးခွန်းလေးတစ်ခုကို မိလိန္ဒမင်းကြီးက စမေးတယ်။ **"ဘန္တေ နာဂသေန ပုစ္ဆိဿာမိ** - အရှင်နာဂသေန၊ မေးခွန်းတစ်ခု မေးပါမယ်။"

**"ပုစ္ဆ မဟာရာဇ** မင်းကြီး မေးပါ။"

**"ပုစ္ဆိတော သိမေ ဘန္တေ** မေးပြီးပြီ ဘုရားတဲ့။ မေးပါဆိုတော့ တပည့်တော် မေးပြီးပြီ။"

ရှင်နာဂသေနက ပြောတယ် **"ဝိသဇ္ဇိတံ မဟာရာဇ** ဘုန်းကြီးကလည်း ဖြေပြီးပါပြီ"။

သူက မမေးသေးဘဲနဲ့ သူမေးပြီးပြီပြောတော့ သူကလည်း ဖြေပြီးပြီလို့ ပြောလိုက်တယ်။

**"ကိ ပန ဘန္တေ ဝိသဇ္ဇိတန္တိ** အရှင်ဘုရားက ဘာဖြေတာတုန်း"

**"ကိ ပန တယာပုစ္ဆိတံ** မင်းကြီးကရော ဘာမေးတာတုန်း။" အဲဒီလို အချေအတင် ပြောလိုက်ကြတာ။

မိလိန္ဒမင်းက မေးပြီးပြီဆိုတော့ ရှင်နာဂသေနကလည်း ဖြေပြီးပြီလို့ ပြောလိုက်တယ်။ ဘာဖြေတာတုန်းဆိုတော့ ဘာမေးလို့တုန်း ပြန်ပြောလိုက်တယ်။ အဲဒီလို လူကပ် လူကပ်ချင်းတွေ့တာပေါ့။ စကားကတ်နဲ့ ဉာဏ်ရည်ဉာဏ်သွေး စမ်းကြတာ။ သာမန်ပုဂ္ဂိုလ်ဆိုရင် ကြောင်အမ်းအမ်း ဖြစ်သွားမှာပဲလေ။ အဲဒီလို ဉာဏ်စမ်းမေးခွန်းလေးတစ်ပုဒ် မေးလိုက်တာ၊ ဒါက လျှင်မြန်ဖျတ်လတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ဉာဏ်ကို စမ်းသပ်တဲ့နည်းနဲ့မေးတဲ့ မေးခွန်းမျိုးပဲ။

http://www.dhammadownload.com



## ဉာဏ်စမ်းဓမ္မေးခွန်း

မန္တလေးမှာ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆိုတာ ရှိတယ်။ အဲဒီ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်က ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက စံကင်းဆရာတော်လောင်း ဦးစန္ဒကို မေးခွန်း တစ်ခု မေးဖူးတယ်။ ဉာဏ်ရည်ဉာဏ်သွေး စမ်းသပ်တဲ့အနေနဲ့ မေးတာ။

"မောင်စန္ဒရေ၊ အလယ်လက်နဲ့ နီးတဲ့လက်နဲ့ နီးတဲ့လက် ဟာ ဘယ်နှစ်ချောင်းလဲကွဲ့"လို့ မေးလိုက်တယ်။

ဦးစန္ဒက ဖြေလိုက်တယ်။ "သုံးချောင်းပါဘုရား"တဲ့။

စဉ်းစားကြည့်လေ၊ အလယ်လက်နဲ့ နီးတဲ့လက်ဆိုတာ အလယ်လက် အပါအဝင် သုံးချောင်း မဟုတ်လား။ အဲဒါကို ချက်ချင်းမြင်တတ်ဖို့ လိုတယ်။ ဒါ ဉာဏ်ရည်ဉာဏ်သွေး စမ်းသပ် ခြင်းဖြစ်တယ်။

ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ဟာ တကယ်ကော ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်မှုရှိသလားဆိုတာ ရှေးတုန်းက **စူးစမ်း** လေ့လာလေ့ ရှိကြတယ်၊ "ဒီလူ ပညာရှိရဲ့လား၊ ခိုင်းလို့ရော ရနိုင် မလား၊ သူနဲ့လက်တွဲပြီး အလုပ်လုပ်လို့ ဖြစ်မလား။"

အခုခေတ် interview တွေကတော့ ဘာတွေ view တယ် တော့ မသိဘူး။ လူတစ်ဦးရဲ့ အရည်အချင်း ဖြတ်ထိုးဉာဏ် ဘယ် လောက်ကောင်းသလဲဆိုတာ view ရမှာ ဖြစ်တယ်။

စာပေကျမ်းဂန်မှာ မှတ်တမ်းတင်ထားတာ တစ်ခုရှိတယ်။ သာသနာတော် ၂၃၆-နှစ်မြောက်မှာ အာသောကဘုရင်ကြီးက ကိုးတိုင်း ကိုးဌာန (မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ အပါအဝင်)

http://www.dhammadownload.com



သာသနာပြု စေလွှတ်တယ်။ အဲဒီ သာသနာပြု စေလွှတ်တဲ့ အထဲမယ် အသောကမင်းကြီးရဲ့ သားတော်ဖြစ်တဲ့ ရှင်မဟိန္ဒက သီဟိုဠ်ကျွန်းကိုသွားပြီး သာသနာပြုဖို့ တာဝန်ကျတယ်။ သူနဲ့ အတူ **ရှင်ဣဋ္ဌိယ** စတဲ့ ရဟန်းတော်တွေ ပါတယ်။ အားလုံး (၅)ဦး သီဟိုဠ်ကျွန်းကို သွားကြတယ်။

ထိုစဉ်က သီဟိုဠ်ကျွန်းကို အုပ်ချုပ်တဲ့မင်းက **ဒေဝါနံပိယတိဿမင်း** ဖြစ်တယ်။ ဒေဝါနံပိယတိဿမင်းကြီးက တောလည်ထွက်လာတယ်။ သားကောင်တွေကိုရှာဖွေပြီး အပျော်ပစ်တယ်။ အဲဒီအချိန်မှာ အရှင်မဟိန္ဒက မင်းကြီးနဲ့နောက်လိုက်ပုဒ်ပါတွေကွဲသွားအောင် လမ်းကြောင်းပြောင်းလိုက်ပြီး ဒေဝါနံပိယတိဿမင်းတစ်ဦးတည်းတွေ့ဖို့ ဖန်တီးတယ်။

ကုန်းထိပ်မှာရပ်လျက် "**တိဿ၊ တိဿ ကတော ဧဟိ**'-ဟေ့ တိဿ၊ ဒီဘက်လာခဲ့" လို့ ခေါ်လိုက်တယ်။

ဘုရင်ကို နာမည်နဲ့ ခေါ်လိုက်တာဟာ အံ့အားသင့်စရာဖြစ်တယ်။ သူနိုင်ငံမှာ ဘယ်သူက ဘုရင်ကို နာမည်တပ်ပြီး ခေါ်ရဲမလဲ။ ဘုရင်က အံ့အားသင့်သွားတယ်။ "ဒီ တောကြီး တောင်ကြီးထဲမှာ ငါ့ကို နာမည်တပ်ပြီးခေါ်တာ ဘယ်သူလဲ" လှမ်းကြည့်လိုက်တဲ့အခါ ဖန်ရည်စွန်းအဝတ်ကိုဝတ်ထားတဲ့ ဘုန်းကြီးတစ်ပါးဖြစ်နေတာကို တွေ့ရတယ်။

ဘုန်းကြီးမမြင်ဖူးသေးတဲ့ သီဟိုဠ်ဘုရင်က ရှေးဦးစွာ အနီးကပ် သွားရောက်ပြီး "ဘယ်က လာတာလဲ၊ ဘာလူမျိုးလဲ" ဆိုတဲ့ မေးခွန်းတွေမေးတယ်။

http://www.dhammadownload.com



ရှင်မဟိန္ဒက "**သမဏာ မယံ မဟာရာဇ**' ငါတို့ဟာ မြတ်ဘုဒ္ဓရဲ့တပည့် သာမဏေရဟန်းတွေ ဖြစ်တယ် မင်းကြီး။ သင့်နိုင်ငံ ကောင်းကျိုးချမ်းသာရဖို့အတွက် ငါတို့လာရောက်ခြင်း ဖြစ်တယ်"လို့ ရှင်မဟိန္ဒက ဖြေတယ်။

အဲဒီမှာ အာသောကမင်းကြီး ပြောပြောနေတဲ့ ဘုဒ္ဓသာဝက ရဟန်းဆိုတာ ဒါနေမှာပဲဆိုပြီး အရိုအသေ ပေးလိုက်တယ်။

ရှင်မဟာမဟိန္ဒက ဒေါဝါနံပိယတိဿမင်းဟာ ဉာဏ်ရည်ဉာဏ်သွေးရော ထက်မြက်မှုရှိရဲ့လား၊ လက်တွဲပြီး သာသနာပြုရင်ရော အဆင်ပြေမလား သိချင်လို့ ဉာဏ်ရည်ဉာဏ်သွေး စမ်းသပ်တဲ့ မေးခွန်းကို မေးမြန်းခဲ့တယ်။ အဲဒီ မေးခွန်းလေးတွေကို မှတ်တမ်းတင်ထားတာရှိတယ်။

## ပိန္နဲပင် မေးခွန်း

အနီးနားမှာ ပိန္နဲပင်ကြီး ရှိတယ်။ ရှင်မဟိန္ဒက ညွှန်ပြပြီး မေးတယ်၊ "ဒီအပင် သိလား" "သိပါတယ်၊ ဒါ ပိန္နဲပင်။"

"ဒါဖြင့် ဒီပိန္နဲပင်မှတစ်ပါး တစ်ခြား ပိန္နဲပင်တွေရော ရှိသလား။" "ပိန္နဲပင်တွေ အများကြီးရှိတယ်။"

"ဒါဖြင့် ဒီပိန္နဲပင်ရယ်၊ တစ်ခြားပိန္နဲပင်ရယ် ဖယ်ထားရင် တစ်ခြားသစ်ပင်တွေ ရှိလား။"

"ပိန္နဲပင်မဟုတ်တဲ့ တစ်ခြားသစ်ပင်တွေ အများကြီး ရှိပါတယ်။"

http://www.dhammadownload.com



"ကောင်းပြီ၊ တစ်ခြား ပိန္နဲပင်တွေရယ်၊ တစ်ခြားသစ်ပင်တွေရယ် ဖယ်ထားလိုက်၊ ဘာပင်ရှိသေးတုန်း။"

"ဒီပိန္နဲပင် ရှိတာပေါ့ဘုရား။"

## ဆွေမျိုး မေးခွန်း

နောက်တစ်ခါထပ်ပြီး မေးခွန်းတစ်ခု မေးတယ်။ "အသင်မင်းကြီးမှာ ဆွေမျိုးသားချင်းတွေ ရှိလား၊"

"ရှိပါတယ်။ ဆွေမျိုးတွေ အများကြီးရှိတယ်။"

"ဒါဖြင့် ဆွေမျိုးသားချင်းတွေကို ဖယ်ထားရင် ဘယ်သူတွေ ရှိမလဲ၊" "လူတွေအများကြီး ရှိပါတယ်။" "ဆွေမျိုးမဟုတ်သူတွေရယ်၊ ဆွေမျိုးတွေရယ် ဖယ်ထားလိုက်ရင် ဘယ်သူ ရှိသေးတုန်း"၊

"တပည့်တော် ရှိပါတယ်"

ချက်ချင်းကြီး ဖြေနိုင်တယ်။

"အဲဒီမှာ ဆွေမျိုးတွေရော၊ ဆွေမျိုးမတော်တဲ့လူတွေရော ဖယ်ထားလိုက်တော့ ဘယ်သူကျန်သေးတုန်း" ဆိုတော့ သူကိုယ်သူ မေ့နေတတ်တယ်။ အဲဒီတော့ "တပည့်တော် ရှိတာပေါ့" တဲ့။ ရှင်မဟိန္ဒက သဘောကျတယ်။ ဉာဏ်ရည်ဉာဏ်သွေး အလွန်ထက်မြက်တာပဲ၊ လက်တွဲသာသနာပြုလို့တော့ အဆင်ပြေပြီလို့ တွေးမိတယ်။

## ပုံပြင်ဇာတ်လမ်းတစ်ပုဒ်

ပုံပြင်ဝတ္ထုထဲမှာ ဖော်ပြထားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ကြည့်ရအောင်။ သူငယ်ချင်း (၁၂)ယောက် တောထဲ ထွက်လာ

http://www.dhammadownload.com



ကြတယ်။ ပြန်ခါနီးအခါ ခေါင်းဆောင်လုပ်တဲ့လူက လူစစ်တယ်။ လူဦးရေကို ရေတွက်တဲ့အခါ ၁၁-ယောက်ပဲ တွေ့တယ်။ သူတို့ လူတစ်ယောက် ပျောက်နေပြီ။ အဲဒီတော့ ဒီအတိုင်းပြန်လို့ မဖြစ်သေးဘူး၊ ထပ်ရေတွက်ပြန်တယ်။

အဲဒီအချိန် သူတို့အနီး မြင်းစီးလာတဲ့ အရာရှိတစ်ဦး ရောက်လာတယ်။ အရာရှိက ဒီလူတွေ ဘာလုပ်နေတာလဲဆိုတာ သိချင်လို့ မေးလိုက်တဲ့အခါ "ကျွန်တော့် မိတ်ဆွေတစ်ယောက် ပျောက်နေလို့ပါ"တဲ့။ "ဘယ်နှစ်ယောက် လာတာတုန်း"ဆိုတော့ ၁၂-ယောက်လာတာ။ အရာရှိက စိတ်ထဲရေကြည့်လိုက်တော့ ရေတွက်တဲ့လူပါ ၁၂-ယောက်။ ရေတွက်တဲ့လူက သူ့ကိုယ်သူ မေ့နေတယ်။ သူပါဆိုရင် ၁၂-ယောက် ပြည့်တယ်။

အဲဒီအခါ အရာရှိကပြောတယ်။ မင်းတို့ ပျောက်နေတဲ့ကောင် ငါရှာပေးမယ်။ ငါ့ကို ဘာပေးမတုန်းဆိုတော့ "ခင်ဗျားလိုချင်တဲ့ ငွေကြေးပေးမယ်။ ကျွန်တော်တို့ကို ရှာပေးပါ" ဆိုတော့ "ကောင်းပြီ"

ကြာပွတ်ကို ယူလာပြီး တစ်ယောက်ချင်းကို ကြာပွတ်နဲ့ ရိုက်ရိုက်ပြီး ရေတွက်တယ်။ ၁၁-ယောက် ရေတွက်ပြီးပြီ။ ၁၂-ယောက်မြောက်မှာ အဲဒီရေတွက်တဲ့လူကို You are the Twelfth. မင်းဟာ ၁၂-ယောက်မြောက်ဆိုပြီး နာနာရိုက်လိုက်တယ်။ အဲဒီလူက ထခုန်တယ်။ "ကျေးဇူးတင်လိုက်တာဗျာ၊ လူတစ်ယောက် ပျောက်နေလို့ သူဒုက္ခရောက်နေတာ၊ ကျေးဇူးတင်လိုက်တာ"လို့ ပြောသတဲ့။

http://www.dhammadownload.com



လောကမှာလူတွေဟာ တစ်ခါတခါ ရယ်စရာတွေဖြစ်တတ်တယ်။ အခုလည်းပဲ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှု မရှိဘူးဆိုရင် ဒီမေးခွန်းလေးမှာပဲ လည်နေမှာဖြစ်တယ်။

အရှင်မဟာမဟိန္ဒက ဒေဝါနံပိယတိဿ မင်းကို မေးခွန်းတွေ မေးတဲ့အကြောင်း ပါရာဇိကကဏ္ဍအဋ္ဌကထာနိဒါနကထာမှာ မှတ်တမ်းတင်ထားတယ်။ ရှင်မဟိန္ဒက အဲဒီ မေးခွန်းနှစ်မျိုးကို မေးလိုက်ပြီးတဲ့နောက်မှာ သူနဲ့လက်တွဲလို့ရပြီ။ ပညာထက်မြက်သားပဲဆိုပြီး ဒေဝါနံပိယတိဿမင်းအပေါ် ကျေနပ်အားရသွားတယ်။

အဲဒီလိုပဲ မိလိန္ဒမင်းကြီးကလည်း ရှင်နာဂသေနကို မေးခွန်းတွေ မေးလိုက်တာ အခုလို။ မေးပြီးပြီဆိုရင် ဟိုကလည်း ဖြေပြီးပြီလို့ ပြောတာ။ ဘာဖြေတာတုန်းဆိုတဲ့အခါ ဘာမေးတာတုန်း ပြန်ပြီးပြောလိုက်တယ်။ အဲဒီမှာတင်ပဲ သဘောကျသွားပြီ။ ရှင်နာဂသေနဟာ ထက်ထက်မြက်မြက် ရှိပါတယ်။ ဆွေးနွေးလို့တော့ ရပြီလို့ ဘုရင်ကြီးက သဘောကျသွားတယ်။

**'ပဏ္ဍိတောခေါ အယံဘိက္ခု'**- ဒီဘုန်းကြီးက ဉာဏ်ထက်သားပဲ။ **'ပဋိဗလော မယာ သဒ္ဓိ သလ္လပိတုံ'** -ငါနဲ့ ဆွေးနွေးဖို့ သူတတ်နိုင်တယ်။ စွမ်းရည်သတ္တိရှိတယ်။ **'ဗဟုကာနိ စ မေ ဌာနာနိ ပုစ္ဆိတပုဂာနိ ဘဝိဿန္တိ'** ငါ့ရင်ထဲမှာလည်း မေးခွန်းတွေ အများကြီး ရှိနေတယ်။

မိလိန္ဒမင်းဟာ ပဋိကတ်သုံးပုံကို လေ့လာထားသူဖြစ်တယ်။ သူ့ရင်ထဲမှာ မရှင်းတာတွေ ရှိနေတယ်။ မေးချင်တာတွေ အများကြီး ရှိတယ်။ **'ယာဝ အပုစ္ဆိတာနိ ယေဝ'** မေးခွန်းတွေမေးလို့

http://www.dhammadownload.com



မပြီးခင်မှာ **'အထ သူရိယော အတ္ထံ ဂမိဿတိ'** နေဝင်သွားနိုင်တယ်။

ဘုရင်ကြီးလာတာက ဗိုလ်ရှုခံသဘင် စစ်ရေးပြပွဲ အခမ်းအနားက လာတာကိုး။ စစ်ရေးပြပွဲ အခမ်းအနားမှာပဲ နေ့ကတစ်ဝက်ကျိုးသွားတာ။ အဲဒီတော့ ရှင်နာဂသေနနဲ့ တွေ့တဲ့အချိန်လေးမှာ စကားပြောရင်းပြောရင်းနဲ့ နေဝင်လုနီးပါးဖြစ်သွားတယ်။ **'ယန္နူနာဟံ သွေ အန္တေပုရေ သလ္လပေယျံ'**- နက်ဖြန်ခါကျမှ နန်းတွင်းပင့်ပြီး ဆွေးနွေးမယ်။

အဲဒီလို စိတ်ကူးရပြီးတဲ့အခါမှာ သူနောက်က လိုက်ပါလာတဲ့ ဒေဝမန္တိယဆိုတဲ့ အမတ်ကြီးကို အမိန့်ပေးတယ်။ **'တေန ဟိ တွံ ဘဒန္တသ အာရောစေယျာသိ'** ရှင်နာဂသေနကို မင်းလျှောက်လိုက်၊ **'သွေ အန္တေပုရေရညာ သဒ္ဓိ သလ္လာပေါ ဘဝိဿတိ'** နန်းတွင်းမှာ ဘုရင်နဲ့ အချေအတင် ဆွေးနွေးပွဲ လုပ်မယ်လို့။

မိလိန္ဒမင်းက ထိုင်တဲ့နေရာကနေထပြီး ရထားစီး ထွက်ခွာသွားတယ်။ ရထားစီးရင်း "ဩော် နာဂသေန ၊ နာဂသေန"လို့ တိုးတိုး တိုးတိုးလေး ရွတ်ဆိုပြီး တစ်လမ်းလုံး နာဂသေနကို သတိရနေသတဲ့။

အဲဒီမှာ ဒေဝမန္တိယက ရှင်နာဂသေနကို လျှောက်တယ်။ **'ရာဇာ ဘန္တေ မိလိန္ဒော ဧဝမာဟ'**အရှင်ဘုရား၊ ဘုရင်ကြီးက အရှင်ဘုရားကို လျှောက်ဖို့ မှာခဲ့တယ်ဘုရား။ **'သွေ အန္တေပုရေ သလ္လာပေါ ဘဝိဿတိ'** မင်းတရားကြီးနဲ့ နက်ဖြန်ခါ ဝါဒရေးရာ

http://www.dhammadownload.com



အချေအတင်ပြောဆိုဖို့ နန်းတွင်းမှာဆုံမယ်လို့ ပြောသွားတယ် ဘုရား။

ရှင်နာဂသေနက "ကောင်းပါပြီ။ ပြောကြတာပေါ့" ဆိုပြီး လက်ခံလိုက်တယ်။

## နောက်ရက် နံနက်အချိန်

နောက်တစ်ရက် နံနက်မှာ အမတ်ကြီးလေးယောက်က ဘုရင်ကြီးဆီ အခစားဝင်တယ်။ **ဒေဝမန္တိယ၊ အနန္တကာယ၊ မင်္ကုရ၊ သဗ္ဗဒိန္န၊** အရှင်မင်းကြီး နန်းတွင်းကိုကြွဖို့ ရှင်နာဂသေန ကို ပင့်လိုက်ရတော့မလား ဆိုတော့ ဘုရင်ကြီးက ပင့်လိုက်လို့ ပြောတယ်။

"အရှင်မင်းကြီး ရဟန်းဘယ်နှစ်ပါး ပင့်ခဲ့ရမလဲ"။

"ကြွချင်သလောက်ကြွ၊ ဘယ်နှစ်ပါးရယ်လို့ မသတ်မှတ်ဘူး။ သူတို့ကြွချင်သလောက် ပင့်လာခဲ့"၊

ထိုအခါ သဗ္ဗဒိန္နအမတ်က လျှောက်တယ်၊ အရှင်မင်းကြီး ရဟန်းဆယ်ပါးလောက်ပဲကြွတာ ကောင်းပါတယ်။"

ဘုရင်ကြီးက "မဟုတ်ဘူး၊ ကြွချင်သလောက် ကြွပါစေ။" ကြွချင်သလောက် ကြွပါစေလို့ ပြောရက်သားနဲ့ သဗ္ဗဒိန္နက ဆယ်ပါးလောက်ပဲ ပင့်တာပေါ့လို့ ထပ်ပြောတဲ့အခါ ဘုရင်ကြီးက သဗ္ဗဒိန္နအမတ်ကို ငေါက်ငမ်းပြောဆိုလိုက်တယ်။

"**သဗ္ဗော ပနာယံ သက္ကာရော ပဋိယာဒိတော** နန်းတော်ထဲမှာ လျှဖို့ တန်းဖို့တွေ အဆင်သင့် အကုန်ရှိတယ်။ အားလုံးဟာ အဆင်သင့် ဖြစ်နေတယ်။ '**အဟံ ဘဏာမိ ဃတ္တကော ဘိက္ခူ**

http://www.dhammadownload.com



**ကျွန်တော်၊ တထွာကေဟိ ဘိက္ခုဟိ သဒ္ဒိ္ဓိ အာဂစ္ဆတု'** ရှင်နာဂ-သေနဟာ ဘယ်နှပါးနဲ့အတူ ကြွချင်ကြွချင် သူ့ဆန္ဒအတိုင်း ကြွပါစေလို့ ငါပြောထားတာ၊ ဘာဖြစ်လို့ ငါ့ကို ထပ်ထပ်ပြီး ပြောရတာတုန်း။ ငါ မတတ်နိုင်တာမှ မဟုတ်တာ။ အကုန်လုံး ကြွလည်း အကုန်လုံး ငါလှူနိုင်တယ်"လို့ ပြောလိုက်တယ်။ ထိုအခါ သင့္ဘဒိန္နအမတ်က ဆက်ပြီး စကားမပြောရဲတော့ဘူး။

ဒေဝမန္တိယ၊ အနန္တကာယ၊ မကုံရ အမတ်ကြီးသုံးယောက်တို့ ကျောင်းသွားပြီး ရှင်နာဂသေနကို ပင့်ကြတယ်။ ရှင်နာဂသေနနဲ့အတူ ပါဋလိပုတ်က လိုက်လာကြတဲ့ ရဟန်းတော်ရှစ်သောင်းပါ ကြွကြတယ်။

## ၄--အနန္တကာယပဉှာ

အဲဒီလို ကြွလာတဲ့အခါ လမ်းမှာ အနန္တကာယအမတ်ကြီးက ရှင်နာဂသေနနဲ့ အတူသွားရင်း မေးခွန်းလေးတစ်ခုကို မေးတယ်။ အဲဒီမေးခွန်းကို မိလိန္ဒပဉှာမှာ မေးခွန်းနံပါတ်(၄) အနေနဲ့ မှတ်တမ်းတင်ထားတယ်။

**"ဘန္တေ နာဂသေန၊ ယံပနေတံ ပြုသိ နာဂသေနော-တိ ကတမော ဧတ္ထ နာဂသေနော'**-အရှင်ဘုရားက နာဂသေန လို့ ပြောတယ်။ အဲဒီထဲမယ် အရှင်ဘုရားပြောတဲ့ နာဂသေနထဲမှာ ဘယ်ဟာက နာဂသေနလဲ။"

အဲဒီမှာ နာဂသေနမထေရ်က ပြန်မေးတယ်။

http://www.dhammadownload.com



**"ကောပနေတ္ထ နာဂသေနောတိ မညသိ'** ဘယ်သူဟာ နာဂသေနလို့ မင်းထင်သလဲ။ ဘယ်သူ့ကို နာဂသေနလို့ မင်းထင်သလဲ"

**"ယောသော ဘန္တေ အဘ္ဘန္တရေ ဝါတော ဇီဝေါ ပဝိသတိ စ၊ နိက္ခမတိ စ သော နာဂသေနောတိ မညာမိ'** အရှင်ဘုရား၊ အရှင်ဘုရားဟာ အမြဲတမ်းလေရူနေတာ၊ ဝင်လိုက် ထွက်လိုက်နဲ့ ရှူနေတာ။ အဲဒီလေဟာ အသက်ပဲ။ အဲဒီ အသက် ကလေးကို နာဂသေနလို့ ခေါ်တယ်ထင်ပါတယ်။"

ဗမာတွေလည်း "လေရှူတယ်လို့ မပြောဘူး၊ အသက်ရှူ တယ်"လို့ ပြောကြတယ်။ အနန္တကာယအမတ်ကလည်း ဒီရှူလိုက် လို့ ဝင်သွားတဲ့လေ ပြန်ထွက်လာတဲ့လေ၊ အဲဒီလေကို အသက်လို့ ယူဆတယ်။

ရှင်နာဂသေနက မေးတယ်။ "အဲဒီလေဟာ ထွက်ပြီး ပြန်မဝင်ဘူး၊ ဝင်ပြီးလို့ရှိရင်လည်း ပြန်မထွက်ဘူးဆိုရင် လူ တစ်ယောက်ဟာ အသက်ရှင်နိုင်သလား" "မရှင်နိုင်ဘူး" လို့ အနန္တကာယက ဖြေတယ်။

လူဟာ အသက်ရှူသွင်းလိုက်၊ ရှိုက်ထုတ်လိုက်၊ ရှူသွင်း လိုက်၊ ရှိုက်ထုတ်လိုက်၊ အဲဒီ ၂၄-နာရီ မရပ်မနား ရှူသွင်း၊ ရှိုက်ထုတ် လုပ်နေတာ။ အဲဒါ ရပ်သွားလို့ရှိရင် ရှူသွင်းလိုက်တဲ့ လေက ပြန်မထွက်တော့ဘူး။ ရှိုက်ထုတ်လိုက်တဲ့ လေကလည်း ပြန်မဝင်တော့ဘူးဆိုရင် သေတယ်လို့ပြောကြတယ်။

"ရှင်နာဂသေနက မေးတယ်။ ခရုသင်းမှုတ်တဲ့လူတွေကို ကြည့်ပေါ့။ ခရုသင်းမှုတ်တဲ့အခါ အဲဒီ ခရုသင်းမှုတ်တဲ့လူတွေ

http://www.dhammadownload.com



ဟာ ခရုသင်းကိုမှုတ်ကြတယ်။ မှုတ်တဲ့အခါမှာ အဲဒီလေက ပြန်ဝင်သလား"တဲ့။

"မဝင်ပါဘူး။"

အဲဒီအတိုင်းပဲ ပုလွေမှုတ်တဲ့လူတွေ ပါးစပ်ကနေ မှုတ်ပြီးတော့ လေသွင်းတဲ့ အခါကျတော့ ပုလွေထဲမှာ အသံလေးငွေ့ကျလာတယ်။ ပုလွေသံ ကြားရတယ်။ ဒါပေမယ့် အဲဒီလေ ပြန်ဝင်သလားဆိုတော့ မဝင်ဘူး။ ထို့အတူပဲ ကျွဲချို့တို့ နွားချို့တို့၊ ကျွဲချို့ကိုလည်းပဲ မှုတ်တဲ့ဟာလုပ်ပြီးတော့ မှုတ်သွင်းလိုက်တယ်။ အဲဒီလေးကလည်း ပြန်မဝင်ဘူး။

အဲဒီလို သူတို့ မှုတ်ထုတ်လိုက်တဲ့လေတွေ ပြန်မဝင်တာနဲ့ ဒီလူဟာ သေသလားတဲ့။ ပါးစပ်ကမှုတ်ပြီးတော့ ပုလွေမှုတ်လို့ ပုလွေထဲရောက်သွားတဲ့ လေ၊ ခရုသင်းမှုတ်လို့ ခရုသင်းထဲရောက်သွားတဲလေ၊ အဲဒါတွေဟာ ပြန်ဝင်လားလို့ဆိုတော့ မဝင်ဘူး။ မဝင်တာနဲ့ ဒီလူဟာ သေသလား။

"မသေဘူး။"

"ခုနက ခရုသင်းထဲ မှုတ်သွင်းလိုက်တဲ့လေဟာ မှုတ်တဲ့လူရဲ့ ပါးစပ်ထဲ ပြန်မှ မဝင်တော့တာလေ။ ပြန်မဝင်တော့ ဒီလူဟာ သေသွားသလားဆိုတော့ မသေဘူး။ မသေလို့ရှိရင် ဘာကြောင့် သူမသေတာတုန်း၊ မင်း မစဉ်းစားသေးဘူးလား"ဆိုတော့ '**နာဟံ ပဋိဗလော တယာ ဝါဒိနာ သဒ္ဓိ သလ္လပိတုံ**' အရှင်ဘုရားလို စကားတတ်တဲ့ကိုယ်တော်နဲ့ တပည့်တော် ဆက်မဆွေးနွေးရဲတော့ဘူးတဲ့။

http://www.dhammadownload.com



"**သာဓု ဘန္တေ အတ္ထံ ဇပ္ပေဟိ**' အရှင်ဘုရား၊ အတိအကျ ပြောချင်တဲ့အကြောင်းအရာလေးကို တပည့်တော်ကို ပြောပါ"လို့ လျှောက်တယ်။

ရှင်နာဂသေနက ပြောတယ်။ '**နေသော ဇီဝေါ**' အဲဒီ ထွက်လေဝင်လေဟာ အသက်မဟုတ်ဘူး။ '**အဿာသ ပဿာသာ နာမေတေ ကာယသခ်ီရာ**' ထွက်သက် ဝင်သက်သာ ဖြစ်တယ်။ ကာယသခ်ီရလို့ ခေါ်တယ်။ သို့သော် အသက်ရှင်မှုအတွက် အထောက်အကူ ဖြစ်နေတာသာ ဖြစ်တယ်လို့ အဘိဓမ္မာ တရားအရ ရှင်းပြတယ်။

ထွက်သက် ဝင်သက်ကို ကာယသခ်ီရလို့ ခေါ်တယ်။ ဘာဖြစ်လို့တုန်းဆိုရင် ကာယနဲ့ ဆက်စပ်ပြီး ဖြစ်ပေါ်နေတဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်လို့ပဲ။ ထွက်လေ ဝင်လေဟာ ဝါယောဓာတ်သာ ဖြစ်တယ်။ အသက်မဟုတ်ဘူးလို့ ဆိုတာကို အဘိဓမ္မာ တရားအရ ရှင်နာဂသေနက ရှင်းပြတယ်။ "ကာယသခ်ီရ ဆိုတာ ထွက်လေ ဝင်လေမျှသာ ဖြစ်တယ်။ လူ့အသက် မဟုတ်ဘူး။ လူ့အသက်ရှင်ဖို့အတွက် အထောက်အကူသာ ဖြစ်တယ်။"

အဲဒီလို ရှင်းပြလိုက်တဲ့အခါ ထွက်လေ ဝင်လေကို တစ်သက်လုံး အသက်လို့ထင်လာတဲ့ အနန္တကာယအမတ်ကြီးဟာ သဘောကျသွားပြီး ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းသွားတယ်။

ရှင်နာဂသေနတို့ ဘုရင့်နန်းတော် ရောက်သွားကြတယ်။ ဘုရင်ကြီး စိမ်ချက်ပြုတ်ထားတဲ့အတိုင်း ရှင်နာဂသေန အပါဝင် ရဟန်းရှစ်သောင်းအား ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ

http://www.dhammadownload.com



အဖြာဖြာတွေကို ဆက်ကပ်လှူဒါန်းတယ်။ ဆွမ်းကပ်ပြီး ရဟန်းတော်တစ်ပါးကို သင်္ကန်းတစ်စုံစီ၊ သင်္ကန်းအစုံရှစ်သောင်း လှူတယ်။ ရှင်နာဂသနကို ဒုကုဋ္ဌလို့ခေါ်တဲ့ နှစ်ထပ်သင်္ကန်းကြီး အပါအဝင် သင်္ကန်းသုံးထည်လှူတယ်။

လှူပြီးတဲ့အခါ "အရှင်ဘုရား နာဂသေန၊ အရှင်ဘုရားတို့ ဆယ်ပါးလောက်ပဲ ဒီမှာကျန်ရစ်ပြီး ကျန်တဲ့ကိုယ်တော်တွေ ကျောင်းပြန် ကြွပါစေတော့" ဟု မိလိန္ဒမင်းက လျှောက်တယ်။

အဲဒီလို နန်းတော်မှာ အဆင်သင့်ဖြစ်နေပြီ ဆိုတဲ့အချိန်မှာ ဘုရင်ကြီးက ခါတိုင်းလို မဟုတ်ဘူး။ ရှင်နာဂသေနပေါ်မှာ လေးစားတဲ့စိတ် ရှိလာတယ်။ ရှင်နာဂသေနတို့ ရဟန်းတွေကို သူ့ထက်မြင့်တဲ့ထိုင်ခုံမှာ ထိုင်စေပြီး သူက နိမ့်တဲ့ထိုင်ခုံနဲ့ ထိုင်တယ်။ အဲဒီလို နိမ့်တဲ့ထိုင်ခုံမှာထိုင်ပြီး ဘုရင်ကြီးက ရှင်နာဂသေနကို စတင်လျှောက်တယ်။

## ဆွေးနွေးပွဲစခြင်း

"**ဘန္တေ နာဂသေန ကိမ့ိ ဟောတိ ကထာသလ္လာပေါ်**' ဆွေးနွေးကြမယ်ဆိုလို့ရှိရင် ဘယ်အချက်ပေါ်မှာ အခြေခံပြီး ဆွေးနွေးကြမလဲ။"

ဆွေးနွေးမှုနဲ့ ပတ်သက်လာတဲ့အခါမှာ အကြောင်းတစ်ခု ရှာရမယ်။ ဘယ်အချက်မှာ ဆွေးနွေးကြမလဲလို့ ဆွေးနွေးမှုနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းက မေးလျှောက်တယ်။

ရှင်နာဂသေက "**အတ္ထေန မယံ မဟာရာဇ အတ္ထိကာ**' အကျိုးတရားကို လိုလားကြတာ ဖြစ်သောကြောင့် '**အတ္ထေ**

http://www.dhammadownload.com



**ဟောတု ကထာ သလ္လာပေါ်**' အကျိုးကျေးဇူး ရည်ရွယ်ချက်နဲ့ စပ်ဆိုင်တဲ့ အကြောင်းအရာပေါ်မှာ ဆွေးနွေးကြတာပေါ့" လို့ ပြောလိုက်တယ်။

မိလိန္ဒမင်းကြီးက "ကောင်းပါပြီ။ ကဲ- စကားစကြမယ်။" သူမေးခွန်းတွေက အခုမှ စမှာ။ ပထမဆုံး သူမေးတဲ့မေးခွန်းက အကျိုးကျေးဇူးနဲ့ ပတ်သက်တယ်။ "ဘုန်းကြီးဝတ်တာ ဘာ အတွက်လဲ" ဆိုတဲ့မေးခွန်းကို စတယ်။

ဘုန်းကြီးဝတ်တာဟာ ဘာအတွက် ဝတ်တာလဲ။ လူဘဝ မနေချင်လို့ ဝတ်တာလား၊ ပျင်းလို့ဝတ်တာလား။ လုပ်မစားချင်လို့ ဝတ်တာလား၊ သို့မဟုတ် ဘုရားသခင်ရဲ့ အမှုထမ်းဖို့ ဝတ်တာ လား။ ဗုဒ္ဓဘာသာတွေက ဘာလို့ ဘုန်းကြီးဝတ်တာလဲ။

မြန်မာပြည်မှာဆို ဒုလ္လဘရဟန်းခံတွေ လုပ်ကြတယ်။ ဘာလို့ ရဟန်းခံကြလဲ၊ ဒုလ္လဘရဟန်းခံတင် မကဘူး။ ဒုလ္လဘ သီလရှင်လည်း လုပ်ကြသေးတယ်။ ယောင်တစ်လုံး အဆုံးခံပြီး ဘာလို့ သီလရှင်ဝတ်တာလဲ။ ဘာရည်ရွယ်ချက်နဲ့ ဝတ်တာလဲ။ ရည်ရွယ်ချက်တော့ ရှိရမှာလေ။ အလုပ်တစ်ခု လုပ်တယ်ဆိုရင် ရည်ရွယ်ချက်ဆိုတာ ရှိကိုရှိရမယ်။ မရှိလို့ မရဘူး။

ဗုဒ္ဓဘာသာမှာသာ ဘုန်းကြီးရှိတာ မဟုတ်ဘူး။ ဟိန္ဒူ ဘာသာမှာလည်း ဘုန်းကြီးရှိတာပဲ။ ခရစ်ယာန်မှာလည်း ဘုန်းကြီး ရှိတယ်။ MONKတို့ PRIESTတို့ရှိတာပဲ။ ဘာရည်ရွယ်ချက်နဲ့ ဝတ်ကြတာလဲ။ ဗုဒ္ဓဘာသာဘုန်းကြီးတွေက ဘာရည်ရွယ်ချက် နဲ့လဲ၊ ခရစ်ယာန်ဘုန်းကြီး၊ ဟိန္ဒူဘုန်းကြီးတွေက ဘာရည်ရွယ် ချက်နဲ့ ဝတ်ကြတာလဲ။ အဲဒီတော့ ရည်ရွယ်ချက်တော့ ရှိရမယ်။

http://www.dhammadownload.com



## ၅–ပဗ္ဗဇ္ဇပဉှာ

အဲဒီ ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီး မိလိန္ဒမင်းကြီးက မေးတယ်။ **"ကိုမတ္တိယာ ဘန္တေ တုမှာကံ ပဗ္ဗဇ္ဇာ'** အရှင်ဘုရား တို့၊ ရဟန်းလုပ်တာ ဘာအတွက်လဲ။ **'ကော စ တုမှာကံ ပရမတ္ထော'** အရှင်ဘုရားတို့ မျှော်မှန်းတဲ့ အမြင့်ဆုံးရည်မှန်းချက် က ဘာလဲ။"

ရှင်နာဂသေနက ဖြေတယ် **"ကိန္တိ မဟာရာဇ ဣဒံ ဒုက္ခံ နိရုဇ္ဈေယျ၊ အညဉ္စ ဒုက္ခံ န ဥပ္ပဇ္ဇေယျာတိ၊ ဧတဒတ္ထာ မဟာရာဇ အမှာကံ ပဗ္ဗဇ္ဇာ"**။

မြတ်စွာဘုရားရဲ့ သာသနာတော်မှာ တို့ရဟန်းဝတ်တယ် ဆိုတာ တစ်ခြားအတွက် မဟုတ်ဘူး။ "အခုရထားတဲ့ ဆင်းရဲဒုက္ခ ဘယ်လို အဆုံးသတ်ရမလဲ။ နောက်ထပ် ဆင်းရဲဒုက္ခတစ်ခု မဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကိုသိဖို့" ဝတ်တာပါ။ အခု လက်ရှိရထားတဲ့ ဒုက္ခချုပ်ငြိမ်းသွားပြီးတော့ နောက်ထပ်ဒုက္ခ တစ်ခု မရဖို့ ဝတ်တာပါ။

ဒီနေရာမှာ ဒုက္ခဆိုတာ ဘာကိုပြောတာတုန်း။ ဒုက္ခဆိုတာ အားလုံးသိတဲ့ ဒုက္ခထက် နက်နဲတယ်၊ လူအများသိတဲ့ ဒုက္ခက အိုရခြင်းဟာလည်း ဒုက္ခ၊ နာရခြင်းဟာလည်း ဒုက္ခ၊ သေရခြင်း ဟာလည်း ဒုက္ခ၊ ချစ်ခင်သူနဲ့ ခွဲနေရခြင်းဟာလည်း ဒုက္ခ၊ မုန်းသူနဲ့ အတူနေရခြင်းဟာလည်း ဒုက္ခ၊ လိုချင်တာ မရတာလည်း ဒုက္ခ ဆိုပြီး ဓမ္မစကြာမှာ ဟောထားတဲ့ ဒုက္ခတွေ ရှိတယ်လေ။

http://www.dhammadownload.com



အဲဒီ ဒုက္ခတွေအပြင် ဒုက္ခလို့ မသိတဲ့အရာက ဘာတုန်း။ **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ'** ဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခဖြစ်တယ်။ ခန္ဓာငါးပါး ရထားတာ ဒုက္ခဟုတ်မဟုတ် စဉ်းစားကြည့်ပေါ့။

ခန္ဓာရလာတဲ့အချိန်မှစပြီး ဒုက္ခပေးတာ မရပ်မနားပဲလေ၊ မြတ်စွာဘုရားကဟောတယ်။ **'ယော ဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ ဒုက္ခဿေသော ဥပ္ပါဒေါ'**တဲ့။ ရုပ်တရားကြီး ရလာတာဟာ ဒုက္ခရလာတာတဲ့။ ဒုက္ခဖြစ်လာခြင်းပဲ။ ဝေဒနာဆိုတဲ့ စိတ်ခံစားမှု ရလာတာလည်း ဒုက္ခရလာတာပဲ။ သညာဆိုတဲ့ စိတ်မှတ်သားမှု ရလာတာလည်း ဒုက္ခကိုရတာ။ ပြုလုပ်ဖန်တည်းမှုဆိုတဲ့ သခ်ါရ ရလာတာကလည်း ဒုက္ခရလာတာပဲ။ အသိစိတ်လို့ဆိုတဲ့ဝိညာဏ် ရလာတာလည်း ဒုက္ခ။ ဆိုလိုတာက ခန္ဓာငါးပါး ရလာတာဟာ ဒုက္ခရလာတယ်လို့ဆိုလိုတယ်။

ဘာဖြစ်လို့ ဒုက္ခလို့ သတ်မှတ်သလဲဆိုရင် ဖြစ်ပြီးပျက်နေလို့၊ ထာဝရပြောင်းလဲနေတဲ့ အရာဖြစ်လို့။ ဖြစ်မှုပျက်မှုတွေက အမြဲတမ်းနှိပ်စက်နေလို့ ဒုက္ခလို့ခေါ်တာ။ လူတစ်ယောက် မွေးလာပြီဆိုရင် တစ်ရက်သားကနေ တစ်လသား၊ တစ်လသားကနေ တစ်နှစ်သား ဖြစ်လာတယ်။ တဖြည်းဖြည်း တစ်နှစ်သားကနေ ဆယ်နှစ်သား၊ ဆယ်နှစ်သားကနေ အနှစ်နှစ်ဆယ်၊ ဒီလိုပြောင်းပြောင်းလာတယ်။ ရုပ်နေတာ မဟုတ်ဘူး။ တဖြည်းဖြည်း အိုမင်း အိုမင်းလာတယ်။ သွားရင်းလာရင်း စားရင်းသောက်ရင်း ပျော်ရင်းပါးရင်းနဲ့ ခေါင်းပေါ်မှာ ဆံပင်တွေကဖြူ။ ပါးစပ်ထဲက သွားတွေက ပြုတ်ထွက်၊ ဒီကြားထဲမှာ နေမကောင်းလို့ ဆေးခန်း

http://www.dhammadownload.com



သွားရတာက ခဏခဏ။ အဲဒီတော့ ခန္ဓာကြီးရထားတဲ့ လူတစ်ယောက်ဟာ ပြောင်းလဲနေတာကြီးကို မပြောင်းလဲအောင် ရပ်တန့်ပစ်လို့ရမလားဆိုရင် မရဘူး။

တစ်လသားကနေ နှစ်လသား သွားနေတာ။ ရှေ့တိုးနေတာ၊ တိုးနေတယ်ဆိုတာက တိုးတိုးပြီး ပျိုလာတာမဟုတ်ဘူး။ နောက်ပိုင်းကျတော့ တိုးတိုးပြီးတော့ အိုလာတာ ဖြစ်တယ်။ အသက် ၅၀-ကျော်လာပြီဆိုရင် အင်အားတွေ တဖြည်းဖြည်း ကုန်လာတယ်။ နုပျိုမှုတွေလည်း တဖြည်းဖြည်း လျော့ကျလာတယ်။ မျက်စိတွေက မှုန်လာတယ်။ နားတွေက ထိုင်းလာတယ်၊ ပါးရေတွေက တွန့်လာတယ်။ နောက်ဆုံးမှာ အဖိုးအို အဖွားအို ဘဝ ရောက်လာပြီးတဲ့အခါမှာ အိပ်ရာထဲမှာ ဘုံးဘုံးလဲသွားကြပြန်တယ်။

အဲဒါကို ကျော်လွှားနိုင်ဖို့ နည်းလမ်းရှိသလားဆိုတော့ မရှိဘူး။ ဘယ်သူမှလည်း မကျော်လွှားနိုင်ဘူး။ ဗုဒ္ဓဘာသာဝင်လည်း မကျော်လွှားနိုင်ဘူး။ တစ်ခြားဘာသာဝင်လည်း မကျော်လွှားနိုင်ဘူး။ မြန်မာလူမျိုးလည်း မကျော်လွှားနိုင်ဘူး၊ တစ်ခြားလူမျိုးတွေလည်း မကျော်လွှားနိုင်ဘူး။ ကမ္ဘာမှာ ရှိသမျှလူတွေအားလုံးဟာ ဒီပုံစံနဲ့ပဲ သွားနေတာဆိုတော့ အဲဒါကို ကြည့်လိုက်မယ်ဆိုရင် ကိုယ်ရထားတာ ဒုက္ခကြီးရတယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။

အဲဒီဒုက္ခကို ဘယ်လိုနည်းနဲ့ရပ်မလဲ။ ဒီဘဝပြီးလို့သေရင် နောက်ဒီလိုခန္ဓာတစ်ခု ရဦးမယ်။ နောက်ခန္ဓာတစ်ခု အစပြုပြီးရင် အဆုံးဆိုတာ လာဦးမယ်။ မွေးဖွားခြင်း လာလို့ရှိရင် သေဆုံးခြင်း

http://www.dhammadownload.com



လာမှာပဲ။ နောက်တစ်ခါ သေဆုံးသွားလို့ရှိရင် မွေးဖွားခြင်းဆိုတာ လာဦးမယ်။ လာပြီးရင် နောက်ထပ် ပြန်လည်သေဆုံးခြင်းနဲ့ ပြန်လည်မွေးဖွားခြင်း လာပြန်တယ်။ ဘယ်တော့မှ ရပ်လို့မရတဲ့ Non-stop ဖြစ်စဉ်ကြီးတစ်ခုထဲမှာ တစ်ဝဲလည်လည်နဲ့ ဒုက္ခ ရောက်နေကြတာ။

အဲဒီတော့ ဒီလိုဒုက္ခတွေရောက်နေတာ လူတွေဟာ ကျော်လွှားနိုင်ဖို့ အခွင့်အလမ်း ရှိသလားဆိုတော့ မရှိဘူး။ မရှိသည့် အတွက်ကြောင့် မြတ်စွာဘုရားရဲ့အဆုံးအမအရဆိုရင် သာသနာ့ဘောင် ဝင်ရောက်ပြီး ရဟန်းပြုတယ်ဆိုတာ အဲဒီ ဒုက္ခတွေ ဘယ်နည်းနဲ့ ရပ်တန့်ပစ်မလဲ။ နောက်ထပ် ဒုက္ခတစ်ခု မရအောင် ဘယ်လိုလုပ်ရမလဲ။ အဲဒါသိရှိဖို့အတွက် ဘုန်းကြီးဝတ်တာပါ။ ဒါဟာ မှန်ကန်တဲ့ရည်ရွယ်ချက်ပဲ။

ဘုန်းကြီးဝတ်တာ ဘုရားရဲ့ ဝတ်ကြီးဝတ်ငယ်လုပ်ဖို့လည်း မဟုတ်ဘူး။ ဝန်ထမ်းလုပ်ဖို့လည်း မဟုတ်ဘူး၊ အခုလက်ရှိ ရထားတဲ့ဒုက္ခတွေ ချုပ်ငြိမ်းသွားပြီ၊ နောက်ထပ်ဒုက္ခတစ်ခု မဖြစ်ဖို့ အဓိက ရည်မှန်းပြီး ရဟန်းဝတ်တယ်လို့ **ရှင်နာဂသေန** က ဖြေဆိုတာ ဖြစ်တယ်။ အင်မတန်မှတိကျပြီးသေချာတဲ့ လေးနက်တဲ့ အဖြေတစ်ခုကို ပေးလိုက်တာ။

မိလိန္ဒမင်း မေးတဲ့မေးခွန်းက နှစ်ပိုင်းရှိတယ်။ ဘာအတွက် ရဟန်းဝတ်တာလဲဆိုတာက တစ်ခု၊ အမြင့်ဆုံး မျှော်မှန်းချက်က ဘာလဲဆိုတာ တစ်ခု။ အဲဒီ အမြင့်ဆုံးမျှော်မှန်းချက်နဲ့ ပတ်သက်တဲ့အဖြေက -

http://www.dhammadownload.com



'**အနုပါဒါ ပရိနိဗ္ဗာန် ခေါ ပန အမှာကံ ပရမတ္ထော**' စွဲလမ်းမှုတွေ လုံးဝစွန့်လွှတ်လိုက်တဲ့ ငြိမ်းချမ်းမှုဟာ တို့ရဲ့ အမြင့်ဆုံးပန်းတိုင် နောက်ဆုံးပန်းတိုင်ပဲ ဖြစ်တယ်။

တဏှာစွဲဆိုတာ "ငါ့ဟာ"၊ ဒိဋ္ဌိစွဲဆိုတာ "ငါ"။ ငါ၊ ငါ့ဟာ ဆိုတဲ့ ဒီစွဲလမ်းမှုတွေ လုံးဝငြိမ်းသွားပြီ။ နောက်ဆုံးမှာ စွဲလမ်းမှုတွေက လွတ်မြောက်သွားပြီး ထာဝရငြိမ်းတဲ့ အငြိမ်းဓာတ်တစ်ခုကို ရရှိဖို့ဆိုတာ အမြင့်ဆုံး ရည်မှန်းချက်ပဲ။ ဆိုလိုတာက နိဗ္ဗာန်ဟာ အမြင့်ဆုံး မျှော်မှန်းချက်ပေါ့။

နိဗ္ဗာန်ကိုရည်စူးပြီး ဝတ်တာပါဆိုတော့ မိလိန္ဒမင်းကြီးက ထပ်မေးတယ်။

"**ကိံ ပန ဘန္တေ သတ္ထေ ဧတဒတ္ထာယ ပဗ္ဗဇန္တီ**' ဘယ်လိုလဲ အရှင်ဘုရား၊ ဘုန်းကြီးဝတ်သမျှ ပုဂ္ဂိုလ်တွေဟာ ဒီအတွက် ဝတ်ကြတာချည်းပဲလား။ "

ဗုဒ္ဓဘာသာ ဘုန်းကြီးတွေ ဘုန်းကြီးဝတ်တယ်ဆိုတာ ဒါအတွက်ချည်းပဲလားလို့ဆိုတော့ ရှင်နာဂသေနက ဖြေတယ်။ "မဟုတ်ဘူး၊ ဒီအတွက်ချည်း ဝတ်ကြတာ မဟုတ်ဘူး။"

'**နော ဟိ ကေစိ ဧတဒတ္ထာယ**' တစ်ချို့က အဲဒီအတွက် မဟုတ်ဘူး။ '**ကေစိ ရာဇာဘိနီတာ**' တစ်ချို့က သင်္ကန်းဝတ်တာ တိုင်းပြည်အုပ်ချုပ်တဲ့မင်းရဲ့ ဖမ်းဆီးချုပ်နှောင်မှုကိုကြောက်လို့ ဝတ်တာ။ ရာဇဝတ်ဘေးက ရှောင်ဖို့ဝတ်တာ။ ဖမ်းဆီးချုပ်နှောင်ခြင်းခံရမှာကြောက်လို့ ဝတ်တယ်။

တစ်ချို့ကတော့ '**စောရာဘိနီတာ**' သူပုန်တွေ ဖမ်းဆီးခေါ်ဆောင်မှာကြောက်လို့ ဘုန်းကြီးဝတ်ပြီး တိမ်းတယ်။ တစ်ချို့

http://www.dhammadownload.com



ကျတော့ '**ဣဏဋ္ဌာ**' အကြွေးမပေးနိုင်လို့ ကြွေးရှောင်တဲ့အနေနဲ့ ဘုန်းကြီးဝတ်တာ။ တစ်ချို့ကျတော့ '**အာဇီဝိကတ္ထာယ ပဗ္ဗဇန္တိ**' စားစရာမရှိလို့ အသက်မွေးဝမ်းကျောင်းအတွက် ဘုန်းကြီးဝတ်တာ။

"**ယေ ပန သမ္မာ ပဗ္ဗဇန္တိ၊ တေ ဧတဒတ္ထာယ**' အားလုံးဟာ မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ ဘုန်းကြီးဝတ်မယ်ဆိုလို့ရှိရင် လက်ရှိ ဒုက္ခအဆုံးသတ်ဖို့နဲ့ နောက်ထပ်ဒုက္ခ အသစ်မဖြစ်ဖို့ အဲဒီရည်ရွယ်ချက်နဲ့သာ ဝတ်တာဖြစ်ပါတယ်။ ဒါ မှန်ကန်တဲ့နည်းနဲ့ ဝတ်တဲ့ပုဂ္ဂိုလ်တွေဆိုရင် အဲဒီရည်ရွယ်ချက်နဲ့ဝတ်တာ။ တစ်ခြားနည်းနဲ့ ဝတ်တာမဟုတ်ဘူးလို့ ဒီလို ရှင်နာဂသေနက ဖြေလိုက်တယ်။

ထိုအခါမှာ မိလိန္ဒမင်းကြီးက ရှင်နာဂသေနအဖြေကို ကောက်ပြီး ဘာမေးတုန်းဆိုရင် "**တွံ ပန ဘန္တေ ဧတဒတ္ထာယ**' ကိုယ်တော်ကရော ဒီဒုက္ခတွေ ချုပ်ငြိမ်းပြီး နောက်ဒုက္ခ မရဖို့ အတွက် ဒီလို မှန်ကန်တဲ့ရည်ရွယ်ချက်နဲ့ ဝတ်တာလား"တဲ့။

ရှင်နာဂသေနက ဖြေတယ်။ "**အဟံ မဟာရာဇ ဒဟရကော သန္တော ပဗ္ဗဇိတော**' သူက ငယ်ငယ်ကတည်းက သင်္ကန်းဝတ်လာတာဆိုတော့ '**န ဇာနာမိ ဣမဿ နာမတ္ထာယ ပဗ္ဗဇာမိ**' ဒီလို ရည်ရွယ်ချက်ထားပြီးဝတ်ရတယ်လို့ မသိဘူးတဲ့၊ ငယ်ငယ်တုန်းက ဝတ်သည့်အတွက်ကြောင့် ဒီလို ရည်ရွယ်ချက်ထားရမယ်လို့ မသိဘူး။" ဒါပေမယ့်လို့ မြတ်စွာဘုရားရဲ့ တပည့်သာဝက ရဟန်းတွေက ပညာရှိကြတယ်။ ပညာရှိပုဂ္ဂိုလ်တွေက ဘယ်လို ရည်ရွယ်ချက်ထားရမယ်ဆိုတာ ရှင်းပြမှာဖြစ်တယ်။

http://www.dhammadownload.com



မြန်မာနိုင်ငံမှာဆိုရင် ရှင်လောင်းလေးတွေကို 'သကလ ဝဋ္ဋဒုက္ခနိဿရဏာ နိဗ္ဗာနဿ သစ္ဆိကရဏာတ္ထာယ ဣမံ ကာသာဝံ' စသည်ဖြင့် ဆိုခိုင်းတယ်၊ ဒါ ရည်ရွယ်ချက် အမှန်ကို ပြောခိုင်းတာ။

'ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ' ဘုန်းကြီးဝတ်တယ်ဆိုတာ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ ဝတ်တယ်ဆိုတာ သိသာတယ်။ ဒါ ထားရမယ့်ရည်ရွယ်ချက်တွေကို သင်ပေးတာဖြစ်တယ်။

"တေ မံ သိက္ခာပေဿန္တိ၊ သွာဟံ သိက္ခာပိကော ဇာနာမိ' "ပညာရှိ သက္ကပုတ္တိယသမဏတွေက သူ့ကိုသင်ပြသည့် အတွက်ကြောင့် ဘာအတွက် သင်္ကန်းဝတ်တယ်ဆိုတာ သူနား လည်ခဲ့ရတယ်" ရှင်နာဂသေနက ပြောပြတာ။

ရှင်နာဂသေနက သူသင်္ကန်းဝတ်ခြင်းရဲ့ ရည်ရွယ်ချက်ကို အခုလို ရှင်းလင်းပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက သဘောကျ သွားတယ်။ "အရှင်ဘုရားဖြေတာ ဟုတ်ပါတယ်။"

ရှင်အာယုပါလဖြေဆိုတုန်းက ဆိုလို့ရှိရင် "ကိုယ်တော်တို့ ဘုန်းကြီးဝတ်တာ ဟိုတုန်းက မားပြတိုက်ခဲ့လို့နေမှာ၊ သူများအိမ်တွေ ဖျက်ဆီးခဲ့လို့နေမှာ ဆိုပြီးတော့ ပြောခဲ့တယ်လေ။ အခု ရှင်နာဂသိန်က အဲဒီလို မဖြေဘူး။ ဓမ္မစရိယ သမစရိယ တရားကျင့်ဖို့ ဘုန်းကြီးဝတ်တယ်လို့ မပြောဘူး။ အခု လက်ရှိဒုက္ခတွေ ချုပ်ငြိမ်းပြီး နောက်ဒုက္ခအသစ် မဖြစ်ဖို့ ဆိုတာကျတော့ သူ လက်လှမ်းမမီတော့ဘူး။ အဲဒါနဲ့ သူပြောစရာမရှိတော့ နောက်ဆုံးမှာ ရှင်နာဂသေနရဲ့အဖြေကို လုံးဝသဘောကျ လက်ခံလိုက်

http://www.dhammadownload.com



## နိဂုံးစကား

**"မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့ရဲ့ ပုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ"** ဟာ အလွန်မှတ်သားစရာ ကောင်းပြီး ကြားနာရတဲ့ပုဂ္ဂိုလ်တွေ အတွက်လည်း အသိဉာဏ် တိုးပွားစေနိုင်တယ်။ ဒီအသိဉာဏ်တွေကို ရရှိခြင်းဖြင့် အခြား ကိစ္စတွေမှာလည်းပဲ မိမိတို့မှာ ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက် ဖြစ်ပေါ်လာနိုင်တာ ဖြစ်သောကြောင့် မိလိန္ဒမင်းကြီးတို့ရဲ့ ဆွေးနွေးချက်ဟာ အကျိုးသက်ရောက်မှုကို များစွာဖြစ်စေ နိုင်တယ်လို့ ကိုယ်စီကိုယ်စီ မှတ်သားနာယူကာ လိုက်နာကျင့်သုံး နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

Transcribed by-Ko Thu Rein Aung

Typed by- Wai Wai Lwin

Final edition copy by- **Htet Naing San (I-D-E)**

http://www.dhammadownload.com

# မိလိန္ဒပဉှာ

## မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ

## အပိုင်း(၄)

### မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း (၇)ရက်၊ (၁၂-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိ ဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇော မြတ်မင်္ဂလာတရားအလှူတော် အထူး ဓမ္မသဘင် အခမ်းအနား၌ (၁)ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရွှေရတနာလမ်း၊ 18-D/15-B နှစ်ဘက်သောမိဘများ အမှူးထား၍ ဦးဝင်းကြိုင် + ဒေါ်ပြုံးပြုံးမွန် မိသားစုတို့၏အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၄)'** အကြောင်း တရားဒေသနာတော်။

မိလိန္ဒမင်းကြီးက မေးခွန်းတွေ တစ်ခုပြီးတစ်ခု ဆက်မေးတယ်။ အမှတ်(၆) မေးခွန်းအနေနဲ့ ပဋိသန္ဓိလို့ခေါ်တဲ့ ဘဝပြန်လည်စတင်ခြင်း၊ Rebirth ပြန်လည်မွေးဖွားခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးတယ်။ ဗုဒ္ဓဘာသာမှာ ဒီမေးခွန်းက အလွန်အရေးကြီးတယ်။

http://www.dhammadownload.com



## ၆--ပဋိသန္ဓိပဉ္ဟာ

မြန်မာစကားမှာ ပဋိသန္ဓေလို့ဆိုပြီး ဒီပါဠိစကားကိုပဲ ပြောကြတယ်။ အဲဒီစကားမှ '**ပဋိ**' ဖြုတ်ပြီး '**သန္ဓေ**' တည်တယ် ဖြစ်လာတယ်။ ပါဠိစကားလုံးအစစ် အပြည့်အစုံက **ပဋိသန္ဓိ**။ မြန်မာမှုပြုတဲ့အခါမှာ **ပဋိသန္ဓေ** လို့ ဖြစ်လာတယ်။ အဲဒါကိုပဲ ထပ်ပြီးတော့ အတိုသုံးတဲ့အခါ သန္ဓေတည်တယ်။ အဲဒီ သန္ဓေ ဆိုတဲ့နေရာမှာ တစ်ခါ ထပ်ပြီးပြောကြပြန်တယ်၊ "သန္ဓေ ကောင်းတယ်၊ သန္ဓေမကောင်းဘူး"။

ပဋိသန္ဓိဆိုတဲ့ စကားလုံးက ဘာကိုဆိုလိုတာလဲ။ '**ပဋိ**' ဆိုတာ တစ်ဖန်၊ '**သန္ဓိ**' ဆိုတာ ဆက်စပ်ထားတာ။ တစ်ဖန် ပြန်ဆက်ခြင်းလို့ ဆိုလိုတယ်။ သေသွားတာဟာ ဘဝတစ်ခုကို အဆုံးသတ်လိုက်ခြင်းပဲ ဖြစ်တယ်။ ဘဝတစ်ခု အဆုံးသတ်ပြီးရင် ကံတရားနဲ့ ကိလေသာတွေ ရှိနေတဲ့ပုဂ္ဂိုလ်တွေအဖို့ နောက်ထပ် ဘဝတစ်ခု ပြန်ပြီးဆက်လာတယ်။ ပြန်ပြီး ဆက်စပ်ခြင်းကို **ပဋိသန္ဓိ** လို့ ခေါ်တယ်။

အင်္ဂလိပ်လို ပြန်တဲ့အခါ Relinking. (Re - ဆိုတာ တစ်ဖန်၊ linking ဆိုတာ ဆက်စပ်ခြင်း။) ပြန်ပြီးဆက်ခြင်းလို့။ ဘဝတစ်ခုနဲ့ တစ်ခု ပြန်လည်ဆက်စပ်ခြင်း၊ ဒီအဓိပ္ပာယ်နဲ့သုံးတာ။ အင်္ဂလိပ်လို Rebirth လို့လည်း ပြောကြတယ်။ Rebirth ဆိုတာ ပြန်လည် မွေးဖွားခြင်းလို့ အဓိပ္ပာယ်ရတယ်ပေါ့။

ပြန်လည် မွေးဖွားတယ်ဆိုတဲ့နေရာမှာ ဘယ်သူ ပြန်လည် မွေးဖွားတာလဲလို့ အကောင်အထည်အားဖြင့် ပြောမယ်ဆိုရင်

http://www.dhammadownload.com



ဗုဒ္ဓရဲ့အဆုံးအမမှာ သတ္တဝါဆိုတာ မရှိဘူး။ ရုပ်နဲ့နာမ် ၂-မျိုးပဲ ရှိတယ်။ သတ္တဝါမရှိဘူး။ အဲဒီလို သတ္တဝါမရှိဘူးဆိုရင် ဘယ်သူ ပြန်ဆက်စပ်တုန်းဆို မေးမယ်ဆိုရင် ခန္ဓာငါးပါးဟာ ပြန်လည် ဆက်စပ်ခြင်းပဲလို့ ဒီလိုပဲပြောရမယ်။

သတ္တဝါအနေနဲ့ မရှိဘူးဆိုတာ ကိုယ့်ဟာကိုယ် analysis လုပ်ကြည့်လိုက်၊ ခွဲကြည့်လိုက်တဲ့အခါ မရှိဘူးဆိုတာ သေချာတယ်ပေါ့နော်။ သေချာတယ်။ ပြောင်းလဲပြီးတော့နေတဲ့ အခေါ် အဝေါ်လေး တစ်ခုမျှသာ ဖြစ်တယ်။

ဒီနေရာမှာ မိလိန္ဒမင်းကြီးက **ပဋိသန္ဓိ**လို့ဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး ဒီမေးခွန်းကို ရွေးချယ်ပြီး မေးတာ။ "ဘုန်းကြီး ဘာကြောင့် ဝတ်သလဲ၊ ရဟန်းဝတ်ရခြင်းအကြောင်း၊ အမြင့်ဆုံး ရည်မှန်းချက်က ဘာလဲ"ဆိုတဲ့ အမေးကို "လက်ရှိ ဖြစ်ပေါ်နေတဲ့ ဒုက္ခ အဆုံးသတ်သွားပြီး နောက်ထပ်ဒုက္ခတစ်ခု မဖြစ်ဖို့။ မဖြစ်တဲ့ နည်းကို တွေ့လိုတွေ့ငြား ရည်မှန်းချက်ထားပြီး ဝတ်ပါတယ်"လို့ ရှင်နာဂသေနရဲ့ အဖြေက ဒီလိုဆိုတာနော်။

အဲဒီတော့ အမြင့်ဆုံးရည်မှန်းချက်က ဘာတုန်းဆိုရင် **အနုပါဒါပရိနိဗ္ဗာန**-အစွဲအလမ်းတွေ အကုန်ပြတ်ပြီး ငြိမ်းချမ်းမှု ဟာ အမြင့်ဆုံး ရည်ရွယ်ချက်ပဲ။ အစွဲအလမ်းကင်းပြီး ဘဝတစ်ခု အဆုံးသတ်သွားတယ်ဆိုရင် ဘယ်လိုပုဂ္ဂိုလ်မျိုးတွေဟာ အဆုံး သတ်သလဲ။ ဘယ်လိုပုဂ္ဂိုလ်တွေဟာ ပြန်ပြီး ဆက်စပ်သလဲ။ အဲဒါနဲ့ ဆက်စပ်ပြီး မေးခွန်းထုတ်တယ်။ ဒီမေးခွန်းဟာ ရှေ့က မေးခွန်းနဲ့ ဆက်စပ်တယ်။

http://www.dhammadownload.com



"**ဘန္တေ နာဂသေန အတ္ထိ ကောစိ မတော, န ပဋိသန္ဓေ-ဟတိ**'၊ သေသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပြန်ပြီး မမွေးဖွားဘူးဆိုတာ ရှိသလား။ သေပြီးတဲ့နောက် ပြန်မမွေးတဲ့သူ ရှိသလား"။

ဒါက ယုံကြည်မှုနဲ့မဆိုင်ဘူး၊ ဓမ္မအသိနဲ့သာ ဆိုင်တယ်။ တစ်ချို့ ဘာသာတရားတွေက ပြန်မွေးတယ်ဆိုတာ မရှိဘူး။ နောက်ဘဝကို လက်မခံတဲ့ ဘာသာတရားတွေ ရှိတယ်။ နောက်ဘဝဆိုတာလည်း မရှိဘူး၊ အတိတ်ဘဝဆိုတာလည်း မရှိဘူး။ ဘုရားသခင် ဖန်ဆင်းလို့ ဖြစ်လာတယ်။ ဖြစ်လာပြီးရင် ဘုရားသခင်ရဲ့ အဆုံးအဖြတ်အတိုင်း ကောင်းကင်ဘုံကို သွားမလား၊ ငရဲဘုံကို သွားမလား၊ ဒီ ၂-ခုပဲ။ နောက်ဘဝတွေဆိုတာ မရှိဘူး၊ သံသရာဆိုတာမရှိဘူးဆိုတဲ့ ဘာသာတရားတွေလည်း ရှိတယ်။ သံသရာကိုလက်ခံတဲ့ ဘာသာတရားတွေလည်း ရှိတယ်။

"မြတ်ဗုဒ္ဓရဲ့ အဆုံးအမမှာ သံသရာရှိတယ်။ သံသရာရှိလို့ သံသရာလည်တဲ့ပုဂ္ဂိုလ်ရှိသလို သံသရာမလည်တဲ့ပုဂ္ဂိုလ်လည်းပဲ ရှိတယ်။" အဲဒါနဲ့ပတ်သက်ပြီး မိလိန္ဒမင်းက မေးတာ။

ရှင်နာဂသေနက ဖြေတယ်၊ "**ကောစိ ပဋိသန္ဓဟတိ၊ ကောစိ န ပဋိသန္ဓဟတိ**' တဲ့။ တစ်ချို့ပုဂ္ဂိုလ်က ပြန်လည်မွေးဖွားတယ်၊ တစ်ချို့ပုဂ္ဂိုလ်က ပြန်လည် မမွေးဖွားဘူး၊ ၂-မျိုး ရှိတယ်။" ဘဝတစ်ခု အဆုံးသတ်ပြီးတဲ့နောက်မှာ ပြန်မွေးတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်၊ ပြန်မမွေးတဲ့ပုဂ္ဂိုလ်လည်း ရှိတယ်။

ဒီနေရာမှာ ဗုဒ္ဓဝါဒစစ်စစ်ကို နားလည်သဘောပေါက်ဖို့ လိုအပ်တယ်။ ဒီကနေ့ အင်္ဂလိပ်အဘိဓာန်တွေမှာ reincarnation-

http://www.dhammadownload.com



ပြန်လည်ဖြစ်ပေါ်လာခြင်းဆိုတဲ့ စကားလုံးပါရှိတယ်။ အဲဒီ re-incarnation ကို Buddhism (ဗုဒ္ဓဘာသာ အယူအဆ) လို့ ဖော်ပြထားတာ ရှိတယ်။

အနောက်တိုင်းကလူတွေ အမှန်မသိလို့ Buddhism မှန်သမျှ reincarnation လို့ ရောရေးလိုက်တာ။ ထေရဝါဒ Buddhism မှာ reincarnation ဆိုတာ မရှိဘူး။ reincarnation ရဲ့ အဓိပ္ပာယ်က ဘာတုန်းဆိုရင် "လူတစ်ယောက် သေသွားပြီးရင် ပြန်ဝင်စားခြင်း" လို့ ဒီလိုဆိုလိုတယ်။

သို့သော် ဘယ်သူသေပြီး ဘယ်သူ ဝင်စားတယ်လို့တော့ ပြောကြတယ်နော်။ ဒါဖြင့် ဘယ်လိုနားလည်ရမလဲလို့ဆိုရင် '**နစ သော၊ နစ အညော**' လူဝင်စားဆိုတဲ့လူဟာ သေသွားတဲ့လူလည်း မဟုတ်ဘူး၊ နောက်ထပ် တစ်ခြားလူလည်း မဟုတ်ဘူး။ သေသွားတဲ့လူကို အကြောင်းခံပြီးတော့ နောက်လူတစ်ယောက် ဖြစ်လာတာသာ ဖြစ်တယ်။ "**နစ သော**- သူလည်း မဟုတ်၊ **နစ အညော**- တစ်ခြားလူလည်း မဟုတ်ဘူး"။ ဒီလိုပဲပြောရမှာ။

အဲဒီမှာ Double Negative နဲ့ ပြောထားလို့ သာမန်ပုဂ္ဂိုလ်တွေ နားလည်ဖို့ခက်ခဲတယ်။ အဲဒီတော့ ဘာကို နားလည်ရမလဲလို့ဆိုလို့ရှိရင် ထာဝရမြဲနေသည့်အရာ မရှိသည့်အတွက်ကြောင့် ဒီဘဝ သေသွားတဲ့သူဟာ ဒီဘဝ ဒီခန္ဓာမှာ ချုပ်ငြိမ်းသွားတယ်။ သို့သော် အကြောင်းတရားတွေက နောက်ဘဝ၊ နောက်ခန္ဓာတစ်ခုကို ဖန်တီးလိုက်တယ်၊ ဒီလိုတော့ ပြောလို့ရတယ်။ ဒီဘဝက "**အရာတစ်ခု**"ဟာ ထွက်ပြီး နောင်ဘဝကို ဝင်စားတယ်ဆိုတာတော့ မရှိဘူး။

http://www.dhammadownload.com



သုမေဓာရသေ့, ဒီပင်္ကရာ မြတ်စွာဘုရားထံ ဆုပန်လို့ ဂေါတမဘုရား ဖြစ်လိမ့်မယ်လို့ ဘုရားက ဗျာဒိတ်ပေးခဲ့တယ်။ အဲဒီကစပြီး ပါရမီတွေဖြည့်တယ်။ သုမေဓာရသေ့ဘဝက သေသွားတယ်။ နောက်ဘဝတစ်ခုရတယ်၊ အဲဒီလိုနဲ့ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ဘဝပေါင်း မရေမတွက်နိုင်အောင် ဖြစ်ပြီးတဲ့ နောက်မှာ ဂေါတမဗုဒ္ဓဆိုတာ ဖြစ်လာတယ်။

အဲဒီမှာ "သုမေဓာရသေ့သန္တာန်မှာရှိတဲ့ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်က ဘဝပေါင်းများစွာ ဖြတ်ကျော်ပြီး ဂေါတမဗုဒ္ဓ ဖြစ်လာတာလား" ဒီလိုမေးစရာရှိတယ်။ တကယ်တော့ အားလုံးဟာ သူ့ movement နဲ့သူ, သူ့အခိုက်အတန့်နဲ့သူဖြစ်ပြီး ချုပ်ပျက်သွားတယ်။ ချုပ်ပျက်ပေမယ့်လို့ line တစ်ခုထဲမှာ ဖြစ်နေတာ။ one line လို့ ပြောရမယ်။

အခု ဘုန်းကြီးတို့ တရားဟောနေတဲ့အသံပဲကြည့်, စတင်တဲ့အသံဟာ ပျက်သွားပြီ။ နောက်ဖြစ်တဲ့ အသံတွေဟာ ဆက်ဖြစ်တာ၊ အဲဒီအသံဟာ တစ်ခုချုပ်သွားမှ နောက်တစ်ခုပေါ်တယ်။ ဘဝတစ်ခုဟာလည်း ဘဝတစ်ခုအဆုံးသတ်မှ နောက်ဘဝတစ်ခုပေါ်တာ။ အဲဒီနောက်ဘဝတစ်ခုဖြစ်ပေါ်ဖို့ ရှေ့ဘဝ ချုပ်ပေးခြင်းအားဖြင့် အထောက်အကူပြုလိုက်တာ၊ ရှေ့ဘဝကနေ ထွက်သွားတာ မဟုတ်ဘူး။

ထင်ရှားအောင် ပြောမယ်ဆိုရင် က, ခ, ဂ ဆိုတာ ရွှတ်ကြည့်လိုက်။ က, ခ, ဂ ဆိုတာ ရွှတ်ကြည့်လိုက်လို့ရှိရင် 'က'သံ ပျောက်ပြီးတဲ့နောက်မှာ 'ခ'သံ ပေါ်တာ၊ 'ခ'သံ ပျောက်ပြီးတဲ့နောက်မှာ 'ဂ'သံ ပေါ်တာ။ A,B,C,D ရွှတ်လို့ရှိရင်လည်း

http://www.dhammadownload.com



တူတူဘဲ။ ဒါဖြင့် ဒီပေါ်နေတဲ့ အသံတွေမှာ A ပျောက်သွားပြီး အဲဒီ A က B ဖြစ်လာသလား။ B ပျောက်သွားပြီးတော့လည်း B က C အဖြစ် ပြောင်းလဲသွားသလား။ C ပျောက်သွားပြီးတဲ့ နောက်မှာ C က ဒီ D အဖြစ် ပြောင်းလဲသွားသလားလို့ မေးမယ် ဆိုရင် မဟုတ်ဘူးလို့ ဖြေရမှာပဲ။

A က A ဖြစ်ပြီး ပျောက်သွားပြီ။ နောက်ထပ် B ဆိုတာ ထပ်ရွတ်တာလေ။ B တို့, C တို့, D တို့ဆိုတာ ထပ်ပြီးရွတ်လို့ ပေါ်လာတာ၊ သူ့အကြောင်းနဲ့သူ ပေါ်လာတာ။ အသံထွက်ချင်း တူမှ မတူတာ။ A လို့ရွတ်တုန်းက ပါးစပ်မပိတ်ဘူးလေ။ B လို့ ရွတ်တဲ့အခါကျတော့ နှုတ်ခမ်းကထွက်တဲ့အသံ၊ ထွက်ဖဲ့နေရာ ချင်းလဲ မတူဘူး။ A ဆိုတာ လည်ချောင်းထဲက လာတာ။ လည်ချောင်းက ထုတ်လုပ်တာ။ B ကျတော့ ပါးစပ်နှစ်ခုထိပြီး နှုတ်ခမ်းနှစ်ခုက ထုတ်လုပ်လိုက်တာ။ C ကျတော့ လျှာနဲ့ကပ်ပြီး တော့ ထုတ်တာ။ ဟော- ထုတ်တဲ့နေရာချင်း မတူတော့ A ကနေပြီး B ဖြစ်တာ မဟုတ်ဘူး။ B ကနေပြီးတော့ C ဖြစ်တာ မဟုတ်ဘူး။ C ကနေ D ဖြစ်တာ မဟုတ်ဘူး။ A ချည့်ထပ်ရွတ်လဲ သူ့အကြောင်းနဲ့သူပဲ။

အဲဒီလိုပဲ ဘဝမှာ လူတစ်ယောက်သေဆုံးပြီး နောက်ဘဝ မှာ ဖြစ်လာတယ်ဆိုတာဟာ အကြောင်းကြောင့်ဖြစ်တာ။ ရှေ့နဲ့ မဆက်စပ်ဘဲနဲ့ အသစ်ဖြစ်တယ်ဆိုလို့ရှိရင် သတ္တဝါတွေ အသစ်, အသစ် ပေါ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ အဲဒီတော့ "တစ်ပိုင်းက သေသွားတဲ့လူနဲ့ ပတ်သက်တယ်။ တစ်ပိုင်းက သူ့အကြောင်းနဲ့သူဖြစ်တယ်" နော်။

http://www.dhammadownload.com



ဝိပဿနာဉာဏ် ဝိပဿနာအမြင် မရှိဘူးဆိုရင် ဒါကို နားလည်ဖို့ရာ ခက်တယ်။ အရာခပ်သိမ်းဟာ ever change အမြဲတမ်း ပြောင်းနေတာ။ ဘယ်အရာပဲဖြစ်ဖြစ် momentry ပဲ၊ အခိုက်အတန့်လေးမှာ ဖြစ်ပြီး ပျက်သွားတယ်။ အဲဒီဖြစ်ပျက်မှု အစဉ်အတန်းအနေနဲ့သာရှိတယ်။ ဖြစ်ပြီးမပျက်ဘဲနဲ့ ဆက်ပြီး သွားတာမဟုတ်ဘူး။ "Reincarnation ဆိုတာ ဖြစ်ပြီးတဲ့နောက် မပျက်တဲ့အရာတစ်ခုက နောက်တစ်ခု၊ ဒီဘဝကနေ နောက် တစ်ခုထဲမှာ ဝင်စားတာ။"

လူတွေရဲ့ သန္တာန်မှာရှိတယ်လို့ တွေးထင်ထားကြတဲ့ Soul ဆိုတဲ့ အရာဟာ ကံတရားတွေကို လုပ်တတ်တယ်၊ ကံတရားရဲ့ အကျိုးတွေကို ခံစားတယ်။ Soul ကို ဝိညာဉ်ကောင်လို့ ပြောချင် ပြော၊ အဲဒီ ဝိညာဉ်ကောင်လေးဟာ ဒီဘဝမှာ ကောင်းတာရော၊ မကောင်းတာရောလုပ်ပြီး ဒီဘဝ ဒီခန္ဓာ ပျက်စီးသွားပြီးတဲ့နောက် Body တစ်ခု ပြောင်းတယ်ပေါ့။ အဲဒီလို ယူဆတာကမှ Reincarnation ဝင်စားတယ်ဆိုတဲ့ အဓိပ္ပာယ်နော်။

အဲဒီတော့ ထေရဝါဒဗုဒ္ဓဘာသာမှာ အဲဒီလို ဝင်စားတာမျိုး မဟုတ်ဘူး။ ဆက်စပ်သွားတာ။ ခုနက A ပြီးတော့ B ဆိုတဲ့ အသံပေါ်လာတာဟာ ဒီအသံ ၂-ခုဟာ တစ်ခုပျက်သွားရင် နောက်တစ်ခု ပေါ်လာတာ။ ကြားထဲမှာ ပြတ်မသွားဘူး။ ဆက်စပ် ပြီးတော့ ပေါ်လာတယ်လို့ ဒီလိုပဲဆိုတယ်နော်။

သို့သော် နောက်မှာ ဖြစ်တဲ့အရာဟာ ရှေ့ပိုင်းကလုပ်တဲ့ အကြောင်းတရားရဲ့ တွန်းအားနဲ့ ပတ်သက်တယ်။ အဲဒါကို ပဌာန်းမှာ **အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ အာသေဝန-**

http://www.dhammadownload.com



**ပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊** ရှေ့က ဖျက်သွားမှ နောက်က ပေါ်လာတာ။ ရှေ့ကချုပ်ငြိမ်းသွားမှ နောက်က ပေါ်လို့ ရတယ်။ အဲဒီလို ရှေ့ကချုပ်ငြိမ်းသွားခြင်းသည် ကျေးဇူးပြုခြင်းပဲ။ နောက်ကပေါ်ခြင်းဟာ သူ့ကြောင့်ပေါ်တာ မဟုတ်ဘူး။ သူက ဖယ်ပေးတာ၊ အဲဒီလို နေရာဖယ်ပေးခြင်းကြောင့် ပေါ်လာတာ။ ဒါပေမယ့် တစ်ခြားစီလားဆိုရင် တစ်ခြားစီလည်း မဟုတ်ဘူး။ ဒီလိုဆိုလိုတယ်။

အားလုံးဟာ အပြတ်အပြတ်နဲ့ သွားနေတဲ့အရာဖြစ်တယ်။ ဒီလိုဆိုတယ်။ အဲဒီတော့ ဒီကြားထဲမှာ ပြန်ဆက်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပဋိသန္ဓိလို့သုံးတာ၊ ဒီဘဝ ဒီခန္ဓာပြီးတဲ့အခါ နောက်ဘဝ နောက်ခန္ဓာတစ်ခုနဲ့ ပြန်ဆက်စပ်မိသွားတယ်။ ဘယ်လို ဆက်စပ်လဲ။ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်တယ် ဆိုတဲ့ ဆက်စပ်မှုမျိုး၊ ပဋိစ္စသမုပ္ပါဒ်ကလည်း ဒါကို ရှင်းပြတာပဲ။ အဲဒီတော့ ဗုဒ္ဓရဲ့တရားဟာ reincarnation နဲ့ မဆိုင်ဘူးလို့ မှတ်သားထားဖို့ လိုတယ်ပေါ့။

ကောင်းပြီ၊ ဒီမှာရှင်နာဂသေနက ဖြေလိုက်တယ်။ **'ကောစိ ပဋိသန္ဓဟတိ'။ ကောစိ န ပဋိသန္ဓဟတိ။** တစ်ချို့က ပြန်မွေးတယ်တဲ့၊ တစ်ချို့က ပြန်မမွေးဘူးတဲ့။ ပါဠိမှာ မွေးတယ်လို့တောင် မသုံးဘူး။ "ပြန်ဆက်မိတယ်။ ပြန်မဆက်မိဘူး"လို့သာ သုံးလိုက်တာ။ အဲဒီတော့ ပြန်မမွေးဘူး၊ ပြန်မွေးတယ်ဆိုတာ အရပ်သုံးစကားသာ ဖြစ်တယ်။

မိလိန္ဒမင်းကြီးက ထပ်မေးတယ်။ **"ကော ပဋိသန္ဓဟတိ၊ ကော န ပဋိသန္ဓဟတိ'** အရှင်ဘုရား၊ အဲဒီလိုဆိုရင် ပြန်

http://www.dhammadownload.com



ဆက်စပ်တာက ဘယ်သူပြန်ဆက်စပ်သလဲ။ ပြန်မဆက်ဘူးဆိုရင် ဘယ်ပုဂ္ဂိုလ် ပြန်မဆက်သလဲ။" သို့မဟုတ် ပြန်မွေးတယ်ဆိုရင် ဘယ်ပုဂ္ဂိုလ်က ပြန်မွေးတာလဲ၊ ပြန်မမွေးဘူးဆိုရင်လည်း ဘယ်သူဟာ ပြန်မမွေးတာလဲ။

ဒီမေးခွန်းကို ရှင်နာဂသေနကဖြေတယ်။ "**သကိလေသော မဟာရာဇ ပဋိသန္ဓဟတိ၊ နိက္ကိလေသော န ပဋိသန္ဓဟတိ**' ကိလေသာရှိနေတဲ့ ပုဂ္ဂိုလ်သည် ပြန်မွေးမယ်၊ ကိလေသာ မရှိတော့တဲ့ ပုဂ္ဂိုလ်သည် ပြန်မမွေးတော့ဘူး။"

General Point နဲ့ ဖြေလိုက်တာ၊ ကိလေသာ ရှိနေဦးမယ်ဆိုရင် ပြန်မွေးမယ်တဲ့။ ကိလေသာရှိနေလို့ရှိရင် ပြန်မွေးမယ်၊ ကိလေသာ မရှိဘူးဆိုရင် ပြန်မမွေးဘူး။ ဘာကြောင့်တုန်းဆိုရင် ကိလေသာသည် ကံတရားကို အထောက်အကူပြုတယ်။ ဒါအတွက်ကြောင့် ကံက အကျိုးပေးလို့ရတယ်။

ဥပမာ ဘာနဲ့တူတုန်းဆိုရင် မျိုးစေ့က အပင်ပေါက်တယ်ဆိုတာ သူ့ဟာသူ ပေါက်လို့ရတာ မဟုတ်ဘူး။ အစိုဓာတ်တို့၊ မြေတို့နဲ့ပေါင်းမိမှ အမြစ်ကလေး ဆင်းလာတယ်။ အညှောက်ကလေး ထွက်လာတယ်။ ရေနဲ့မြေနဲ့ပေါင်းပြီးမှ မျိုးစေ့က အပင် ထွက်တာ။

ထို့အတူပဲ ကံတရားဆိုတာ မျိုးစေ့နဲ့တူတယ်။ ကံတရားက အကျိုးတစ်ခုထုတ်လုပ်တယ်ဆိုတာ ရေမြေနဲ့တူတဲ့ ကိလေသာနဲ့ ပေါင်းမှရတယ်။ ကိလေသာကုန်သွားလို့ရှိရင် မြေရဲ့ အထောက်အပံ့၊ ရေရဲ့ အထောက်အပံ့မရှိတဲ့ မျိုးစေ့လိုပဲ ဘဝတစ်ခုကို မပေါက်ဖွားစေနိုင်တော့ဘူးတဲ့။ ဒီလိုဆိုတာနော်။ အဲဒါကြောင့်

http://www.dhammadownload.com



ရှင်နာဂသေနက ဖြေတယ်။ "ကိလေသာမကင်းသူက ပြန်မွေးမယ်။ ကိလေသာကင်းတဲ့ ပုဂ္ဂိုလ်ကတော့ ပြန်မမွေးတော့ဘူး"၊ ဒီလို ဖြေလိုက်တာ။

အချို့က ယခုလို ဖြေကောင်းဖြေလိမ့်မယ်၊ "ကံရှိသေးရင် ပြန်မွေးမှာပဲ။ ကံမရှိရင် မမွေးတော့ဘူး"၊ ရှင်နာဂသေနက ကံနဲ့ မဖြေဘူး။ ကံရှိရုံနဲ့ ပြန်မမွေးဘူး၊ ကိလေသာရှိတာ အဓိကကျတယ်။ ရဟန္တာဖြစ်တယ်ဆိုတာ ကံကိုပယ်တာ မဟုတ်ဘူး။ ကိလေသာကို ပယ်တာ။ ကိလေသာကိုပယ်ပြီးရင် ကံကိုလည်း ပယ်ပြီးဖြစ်တယ်။ ကိလေသာကို ပယ်လိုက်သဖြင့် ကံတွေဟာ အလုပ်မဖြစ်တော့ဘူး။

ရတနသုတ်မှာ-

**'ခီဏံ ပုရာဏံ နဝနတ္ထိသမ္ဘဝံ၊**
**ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။**
**တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊'** လို့ ကံကုန်တာကို ပြောတယ်။ အဲဒီတော့ ကံကုန်တာကို နားလည်ရမှာက ကိလေသာကုန်လို့ ကံကုန်တယ်လို့ ဆိုလိုတယ်။ အဓိကကတော့ ကိလေသာကို ပယ်တာ၊ ကံကိုပယ်တာ မဟုတ်ဘူး။

တရားကိုယ်အားဖြင့် ပြောမယ်ဆိုရင် စေတနာဆိုတဲ့ သဘောတရားဖြစ်တဲ့ ကံကို ပယ်လို့မရဘူး စဉ်းစားကြည့်ပေါ့။ စေတနာဆိုတာ တစ်စုံတခုကို တွန်းအားပေးပြီးရင် သူက ချုပ်သွားတာ။ ချုပ်သွားသည့်အတွက်ကြောင့် ပယ်လို့မရနိုင်ဘူး။

ကိလေသာဆိုတာ ချုပ်သွားပေမယ့် လူတွေရဲ့သန္တာန်မှာ Positve ဖြစ်နေတယ်။ အဲဒီ Positve ဖြစ်နေရင် activate ဖြစ်ဖို့

http://www.dhammadownload.com



အတွက် အထောက်အကူတွေ လိုအပ်တယ်။ အဲဒီ အထောက်အကူတွေ ဖယ်ရှားပစ်လိုက်လို့ရှိရင် Positve ဖြစ်နေ တဲ့ ကိလေသာကို ဖျက်ဆီးပြီးဖြစ်တယ်၊ ပြန်ပေါ်စရာ အကြောင်း မရှိတော့ဘူး။

ဆိုပါစို့၊ ရင့်သန်နေတဲ့ မိုးစေ့လေး တစ်စေ့ထဲမှာ၊ အညှောင့် ထွက်တဲ့ နေရာလေးရှိတယ်။ အဲဒါကို ဖျက်လိုက်လို့ရှိရင်တော့ ပေါက်လို့ မရတော့ဘူး။ အဲဒါလိုပဲ ကိလေသာကို ဖြတ်လိုက်လို့ ရှိရင် ကံတရားတွေဟာ အလုပ်မဖြစ်တော့ဘူး။ အဲဒီနည်းအား ဖြင့် ချုပ်တယ်လို့ ဒီလိုဆိုလိုတယ်။

"ကိလေသာရှိတဲ့ပုဂ္ဂိုလ်ဟာ ပြန်မွေးမှာပဲ။
ကိလေသာမရှိရင် ပြန်မမွေးဘူး။"

ဒါဟာ အင်မတန်မှ ပြည့်စုံလုံလောက်တဲ့စကား။ ကံရှိရင် ပြန်မွေးမယ်၊ ကံမရှိရင် ပြန်မမွေးဘူးဆိုရင် ဥပမာမယ်- မြတ်စွာဘုရားသန္တာန်မှာ ကံတွေရှိတယ်လေ၊ ကံရှိလို့ လိုက်ပြီး အကျိုးပေးတာပေါ့။ ရှင်မောဂ္ဂလာန်ရဲ့ သန္တာန်မှာရော ကံမရှိ ဘူးလား၊ ရှိတာပဲ။ ကံရှိလို့မှ ရှင်မောဂ္ဂလာန်ဟာ လူသတ်ခံလိုက် ရတာပေါ့။ အတိတ်က လိုက်လာတဲ့ကံက ရှိတာပဲ။ အဲဒီတော့ ကိလေသာရှိခြင်းက အဓိကကျတယ်ပေါ့။ "ကိလေသာရှိရင် ပြန်မွေးမယ်၊ ကိလေသာမရှိရင် ပြန်မမွေးဘူး"လို့ ဒီလိုဖြေရမယ်။ ဒါက အင်မတန်မှ ပြည့်စုံတဲ့အဖြေပဲ။

http://www.dhammadownload.com



## အငိုက်ဖမ်းအဖေး

မိလိန္ဒမင်းက ဒီအဖြေတွေကို သူ သဘောကျသော်လည်းပဲ အငိုက်ဖမ်းတဲ့အနေနဲ့ ရှင်နာဂသေနကို မေးပြန်တယ်။

"**တွံ ပန ဘန္တေ ပဋိသန္ဓဟိဿသိ**' ကိုယ်တော်ရော ပြန်မွေးဦးမှာလား။"

အဲဒီတော့ ရှင်နာဂသေနက အမှတ်တမဲ့ဖြေလိုက်လို့ သူပြန်မမွေးဘူးလို့ဆိုရင် ကိုယ်တော် ရဟန္တာလား၊ ဘာလား ပြောတော့မှာနော်။

"ကိုယ်တော်ရော ပြန်မွေးဦးမှာလား" လို့ မေးလိုက်တဲ့အခါ ရှင်နာဂသေနက '**သစေ မဟာရာဇ သဉ္ဇပါဒါနော ဘဝိဿာမိ၊ ပဋိသန္ဓဟိဿာမိ၊ သစေ အနုပါဒါနော ဘဝိဿာမိ၊ န ပဋိသန္ဓဟိဿာမိ**' ဥပါဒါန် အစွဲအလမ်း ရှိနေသေးရင်တော့ ပြန်မွေးမှာပဲ။ ဥပါဒါန်အစွဲအလမ်းတွေ မရှိတော့ဘူးဆိုရင် ပြန်မမွေးတော့ဘူး။"

ရှင်နာဂသေနရဲ့ အဖြေဟာ ဝိနည်းနဲ့ လွတ်ကင်းသွားတယ်။ ဘုန်းကြီးဆိုတာ ရဟန္တာဖြစ်လျှင်တောင် လူတွေအားကိုလေသာကုန်တယ်လို့ ပြောခွင့်မရှိဘူး။ အဲဒါကြောင့် အရှင်နာဂသေန ဖြေဆိုလိုက်တဲ့ စကားဟာ ဝိနည်းရှောင်လိုက်တဲ့ စကားပဲ၊ ရှင်နာဂသေန ပြောလိုက်တာဟာ General Point နဲ့ ပြောလိုက်တာ။ "သူမှာ ဥပါဒါန်အစွဲအလမ်း ရှိရင် ပြန်မွေးမှာပဲ။ ဥပါဒါန် အစွဲအလမ်းမရှိရင် ပြန်မမွေးတော့ဘူး"၊ ဒီလို ဆိုလိုက်တယ်ပေါ့နော်။

http://www.dhammadownload.com



အဲဒီမှာ မိလိန္ဒမင်းကြီးက "**ကလ္လောသိ ဘန္တေနာဂသေန အရှင်နာဂသေနရဲ့အဖြေဟာ သင့်တင့်ပါပေတယ်**"လို့ ဝန်ခံလိုက်တယ်၊ ကျေနပ်သွားတယ်။ အဲဒီမေးခွန်းနဲ့ ဆက်စပ်ပြီးတော့ နောက်မေးခွန်းတစ်ခု ဆက်ပြီးမေးပြန်တယ်။

## ၇-ယောနိသော မနသိကာရပဉ္ဟာ

အမှတ်(၇)မေးခွန်းက **ယောနိသော မနသိကာရ** နဲ့ ပတ်သက်တယ်။ **ယောနိသော**-မှန်ကန်သော နည်းလမ်းဖြင့် **မနသိကာရ**-နှလုံးသွင်းခြင်း။ နှလုံးသွင်းတယ် ဆိုတာ စိတ်ထဲမှာ တွေးထင်တာ။ အဲဒီစိတ်ထဲမှာ တွေးထင်မှုဟာ အမှန်အကန် တွေးထင်မှုနဲ့ မမှန်မကန် တွေးထင်မှုဆိုတာ ၂-ခု ရှိတယ်။ မှန်မှန်ကန်ကန် တွေးထင်မှုကို **ယောနိသော မနသိကာရ** လို့ ခေါ်တယ်။ မမှန်မကန်တွေးထင်မှုကို **အယောနိသော မနသိကာရ**။

ယောနိသောဆိုတာ နည်းလမ်းကျကျ, မှန်ကန်တဲ့ နည်းလမ်းနဲ့ တွေးတာ အင်္ဂလိပ်လို Wise attention လို့ပြန်တယ်။ attention ဆိုတာ သတိထားတယ်။ စိတ်ထဲမှာ ထားတယ်။ ဒီ wise attention ဆိုတာ မှန်ကန်တဲ့နည်းနဲ့ နှလုံးသွင်းဆင်ခြင်မှု၊ Unwise attention မမှန်ကန်တဲ့နည်းနဲ့ နှလုံးသွင်းဆင်ခြင်မှု။

အဲဒီ ယောနိသော မနသိကာရနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းကြီးကမေးတယ်။ "**ဘန္တေ နာဂသေန ယော န ပဋိသန္ဓဟတိ၊ နနု သော ယောနိသော မနသိကာရေန န ပဋိသန္ဓဟတိ**' ဘဝတစ်ခုမှာ ပြန်မမွေးတဲ့ပုဂ္ဂိုလ်ဟာ **ယောနိသော မနသိကာရ** အစွမ်းကြောင့် ပြန်မမွေးတာလား"တဲ့။

http://www.dhammadownload.com



ရှင်နာဂသေနက ဖြေတယ်၊ **"ယောနိသော စ မဟာရာဇ မနသိကာရေန ပညာယ စ အညေဟိ စ ကုသလေဟိ ဓမ္မေဟိ'** ပြန်မမွေးတော့ဘူးဆိုတာ ယောနိသော မနသိကာရ ဆိုတဲ့ မှန်ကန်တဲ့ နှလုံးသွင်းမှုကြောင့်လည်းဖြစ်တယ်။ မင်ပညာ, ဖိုလ်ပညာဆိုတဲ့ အဆင့်မြင့်တဲ့ ပညာကြောင့်လည်း ဖြစ်တယ်။ အခြား ကောင်းကျိုးချမ်းသာကို ဖြစ်ပွားစေတတ်တဲ့ ကုသိုလ် တရားတွေကြောင့်လည်း ဖြစ်တယ်။

ဆိုလိုတာက တရားမမှ ကျင့်သုံးပြီးတဲ့အခါ အသိပညာနဲ့ နိဗ္ဗာန်ကို ရှုမြင်သုံးသပ်ပြီး ကိုယ့်သန္တာန်မှာရှိတဲ့ ကိလေသာတွေ ငြိမ်းသွားမှ ပြန်မမွေးဘူးဆိုတာ ဖြစ်မှာကိုး။ အဲဒီလို ကိလေသာ တွေ ငြိမ်းဖို့ဆိုတာ ယောနိသော မနသိကာရလည်း ရှိရမယ်၊ ပညာလည်း ရှိရမယ်၊ အခြားကုသိုလ်တွေလည်း ရှိရမယ်လို့ ဒီလို ဆိုလိုတယ်။ ယောနိသော မနသိကာရ တစ်ခုတည်း မဟုတ်ဘူး လို့ ဒီလိုဖြေတာ ဖြစ်တယ်။

အဲဒီလိုဖြေတဲ့အခါ မိလိန္ဒမင်းကြီးက ထပ်မေးတယ်။ **"နန ဘန္တေ ယောနိသော မနသိကာရော ယေဝ ပညာ'** အရှင်ဘုရား၊ ယောနိသော မနသိကာရသည်ပင်လျှင် ပညာ မဟုတ်ဘူးလား"တဲ့။

အဘိဓမ္မာသဘောအရ မနသိကာရဟာ မနသိကာရပဲ။ ပညာဟာ ပညာပဲ။ knowledge နဲ့ attaention ဟာ တစ်ခြားစီ။ မနသိကာရဆိုတာ စိတ်ကိုအာရုံဘက်ကို လှည့်ပေးတာ၊ ဦးလှည့်ပေးတာ။ ပညာဆိုတာက အာရုံကို သိမြင်တဲ့သဘောသာ ဖြစ်တယ်။

http://www.dhammadownload.com



အဲဒီမှာ ယောနိသော မနသိကာရကို ပညာလို့ယူဆပြီး **ယောနိသော မနသိကာရ** သည်ပင်လျှင် ပညာမဟုတ်ဘူးလား လို့ မိလိန္ဒမင်းကြီးက မေးတယ်။

ရှင်နာဂသေနကဖြေတယ်။ '**န ဟိ မဟာရာဇ**' မြတ်သော မင်းကြီး မဟုတ်ပါဘူး။ "**အညော မနသိကာရော၊ အညာ ပညာ**'။ **မနသိကာရ** က တစ်ခြား၊ ပညာက တစ်ခြား၊ သဘာဝ တရားချင်း မတူဘူး။ သဘာဝတရား တစ်ခုစီပါ"လို့ အဘိဓမ္မာ ရှုထောင့်ကနေ ဖြေလိုက်တယ်။

ဖြေပြီး ဆက်လက်ရှင်းပြလိုက်တယ်။ '**ဣမေသံ ခေါ မဟာရာဇ အဇေဋ္ဌက ဂေါဏ မဟိသ ဩဋ္ဌ ဂဒြဘာနမွိ**'။ **အဇ**- ဆိတ်၊ **ဧဋ္ဌက** သိုး၊ **မဟိသ**-ကျွဲ၊ **ဂေါဏ**-နွား၊ **ဂဒြဘ**- မြည်းဆိုတဲ့ အကောင်တွေ၊ ကျွဲ၊ နွား တိရစ္ဆာန်တွေမှာ '**မနသိကာရော အတ္ထိ**' နှလုံးသွင်းမှုရှိတယ်။ သူတို့ကိုငေါက်ရင် ငေါက်တယ်လို့ သိတယ်။ နှလုံးသွင်းမှုရှိတယ်။ '**ပညာ ပန နေသံ နတ္ထိ**' ဒါပေမယ့် သူတို့မှာ အသိပညာတော့ မရှိဘူး။"

နှလုံးသွင်းတယ်ဆိုတာ သူတို့ နားလည်တယ်ပေါ့။ သို့သော် ပညာမဟုတ်ဘူး။ ဒါ မနသိကာရပဲ attaention ဆိုရင် တစ်ချို့ ခွေးလေးတွေဆိုရင် နားထောင်ဆိုရင် နားရွက်လေးစုပြီး နားထောင်တယ်။ ကြောင်လေးတွေလည်း အဲဒီလို နားထောင် တတ်တယ်။ ငှက်လေးတွေဆိုလည်း နားထောင်တတ်တယ်။ ဒီလို နားထောင်တဲ့ မနသိကာရဆိုတာ တစ်မျိုး၊

ပညာ ဆို့တာကတော့ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့ အကျိုး ခွဲခြားသိတာ မြင်တာသာဖြစ်တယ်။

http://www.dhammadownload.com



အဲဒီတော့ တိရစ္ဆာန်တွေမှာ မနသိကာရတော့ ရှိတယ်။ ပညာမရှိဘူး။ အဲဒါကို ထောက်ကြည့်သောအားဖြင့် မနသိကာရနဲ့ ပညာ တစ်ခြားစီပါလို့ ပြောလိုက်တယ်။

မိလိန္ဒမင်းကြီးက သဘောကျသွားပြီး **"ကလ္လောသိ ဘန္တေ နာဂသေန'** အရှင်ဘုရားဖြေဆိုချက်တွေဟာ သင့်လျော်ပါတယ်" လို့ ပြောတယ်။

## ၈–မနသိကာရလက္ခဏပဉှာ

အဲဒီလို ဖြေပြီးတဲ့နောက်မှာ မိလိန္ဒမင်းက ဆက်မေးပြန်တယ်။ **"ကိ လက္ခဏော ဘန္တေ မနသိကာရော၊ ကိ လက္ခဏာ ပညာ'**။ အရှင်နာဂသေန၊ မနသိကာရရဲ့ လက္ခဏာက ဘာလဲ။ ပညာရဲ့ လက္ခဏာက ဘာလဲ။"

လက္ခဏာဆိုတာ charateristics အမှတ်အသားကို ခေါ်တယ်။ charateristics လို့ခေါ်တဲ့ သူ့ရဲ့အမှတ်အသားက ဘာလဲ။ တစ်ခုနဲ့တစ်ခု မတူဘူးဆိုရင် မနသိကာရရဲ့ အမှတ်အသား လက္ခဏာက ဘာလဲ။ ပညာရဲ့ အမှတ်အသား လက္ခဏာက ဘာလဲလို့ မေးတယ်။

**ရှင်နာဂသေန** က ဖြေတယ်။ **'ဥဟနလက္ခဏော မဟာရာဇ မနသိကာရော'**။ မနသိကာရဆိုတာ စိတ်ကူးမှုနဲ့ ပတ်သက်တယ်။ သူ့ရဲ့ လက္ခဏာဟာ စိတ်ကူးကြံစည်မှု ရှိတယ်ပေါ့။"

http://www.dhammadownload.com



ဘာပြောတာတုန်းဆိုတာကို နားစွင့်လိုက်တယ်လေ။ May I have your attention ဆိုရင် နားစွင့်လိုက်တယ်၊ တခြားသူ ပြောတဲ့စကားကို နားစွင့်ထောင်။ အာရုံတစ်ခုကို သူက ဖမ်းယူတဲ့ သဘော ရှိတယ်ပေါ့။ **ဥဟာနလက္ခဏော**- ကြဲစည်တွေးတောမှု သဘော ရှိတယ်။

**"ဆေဒနလက္ခဏာပညာ'**။ ပညာဆိုတာ ဆုံးဖြတ်တတ်တဲ့ လက္ခဏာရှိတယ်။" ဘာပြောတာပဲဆိုတာ သိတာက ပညာ, ပြောတဲ့စကားကို နားထောင်လိုက်တာက မနသိကာရ ဒီလိုဆိုလိုတယ်။

နားစိုက်ထောင်တယ်၊ နားစိုက်ထောင်ပြီးတော့ ဘာပဲ ဆိုတာကို သိတာက ပညာ။ အဲဒီတော့ သူဟာနဲ့ သူသဘာဝ တရားတွေဟာ မတူကြဘူး။ ပူးပေါင်းပြီး ဆောင်ရွက်ကြတယ် ဆိုတဲ့ အဓိပ္ပာယ်ကို ပြောတာ။

အဲဒီမှာ ဘုရင်ကြီးက ထပ်မေးပြန်တယ်။ **"ကထံ ဥဟာနလက္ခဏော မနသိကာရော'** မနသိကာရက ကြဲစည်ခြင်း လက္ခဏာရှိတယ်ဆိုတာ ဘယ်လိုရှိတာလဲ။" **ကထံ ဆေဒနလက္ခဏာ ပညာ**၊ အသိပညာက ဆုံးဖြတ်ခြင်း လက္ခဏာရှိတယ် ဆိုတာ ဘယ်လိုလဲ။ **'ဩပမ္မံ ကရောဟိ'** ဥပမာလေးနဲ့ ပြောစမ်းပါ။"

**'ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ'** တစ်ချို့ ကိစ္စတွေက နက်နဲခက်ခဲတဲ့အခါမှာ ဥပမာဆိုတာ ပြောရတယ်။ မြန်မာတွေလည်း စကားပြောတဲ့အခါ "ဥပမာဗျာ" ဆိုတာ ပြောလေ့ရှိကြတယ်။ Example တို့၊ ဥပမာတို့ဆိုတာ ထင်ရှားအောင် ပြောတဲ့နေရာမှာ အင်မတန်မှ အသုံးဝင်တယ်ပေါ့။

http://www.dhammadownload.com



ရှင်နာဂသေနက ပြန်မေးလိုက်တယ်။ **"ဇာနာသိ တွံ မဟာရာဇ ယဝလာဝကေ'** ဂျုံရိတ်တဲ့သူတွေကို သိလား"တဲ့။ ဂျုံရိတ်တာ ဘယ်လိုရိတ်သလဲသိလားတဲ့၊ စပါးရိတ်တာ ဘယ်လို ရိတ်သလဲသိလား။ စပါးရိတ်တယ်၊ ဂျုံရိတ်တယ်။ သီးနှံတွေကို ရိတ်သိမ်းတဲ့အခါ ဘယ်လိုရိတ်တာလဲ။

ဘုရင်ကြီးက **'အာမ ဇာနာမိ'** သိတာပေါ့၊ သိပါတယ်။

**"ကထံ မဟာရာဇ ယဝလာဝကာ ယဝံ လုနန္တိ'** ဒါဖြင့် ဂျုံရိတ်တဲ့လူတွေက ဂျုံရိတ်တဲ့အခါမှာ ဘယ်လို ရိတ်တာလဲ။"

မိလိန္ဒမင်းကြီးက ပြောတယ်။ **"ဝါမေန ဟတ္ထေန ယဝကလာပံ ဂဟေတွာ'** လက်ဝဲဘက်နဲ့ ဂျုပင်တွေကို စုကိုင်လိုက်တယ်။ **'ဒက္ခိဏေန ဟတ္ထေန ဒါတ္တံ ဂဟေတွာ'** လက်ယာဘက်နဲ့ တံစဉ်ကို ကိုင်ထားပြီး၊ **ဒါတ္တေန လုနန္တိ**- တံစဉ်နဲ့ ရိတ်ဖြတ်ကြတာပေါ့။"

အဲဒီမှာ ရှင်နာဂသေနက ဥပမာ ဥပမေယျကို ရှင်းပြတယ်။

**"ယထာ ယဝံ ဆိန္ဒတိ၊ ဧဝမေဝ မဟာရာဇ'** အဲဒီ ဂျုံရိတ်တဲ့ပုဂ္ဂိုလ် ဂျုံရိတ်သလိုပဲ ယောဂီပုဂ္ဂိုလ်ဟာ မနသိကာရနဲ့ စိတ်ကို ဆုပ်ကိုင်လိုက်ပြီး **'ပညာယ ကိလေသေ ဆိန္ဒတိ'** ပညာဖြင့် ကိလေသာတွေကို ရိတ်ချလိုက်တယ်။"

ရိတ်တယ်ဆိုတာ ဖြတ်တာကို ပြောတာနော်။ ဖြတ်တာကို အမျိုးမျိုး ပြောတယ်လေ။ လူတွေက ကတုံးတုံးတာကျတော့ ခေါင်းရိတ်တယ်လို့ ပြောတာနော်။ ခေါင်းရိတ်တာကို ဆံပင်ဖြတ်တယ်လို့ မပြောဘူး။ ခေါင်းရိတ်တယ်လို့ ပြောတယ်နော်။ ဘာသာစကားက အဲဒီလို။ ခေါင်းရိတ်တယ်၊ ရိတ်တယ်ဆိုတာ ဖြတ်တာပဲ။

http://www.dhammadownload.com



အဲဒီလို ဒီယောဂီပုဂ္ဂိုလ်ဟာ မနသိကာရနဲ့စိတ်ကို ဖမ်းဆုပ်ထားပြီး ပညာနဲ့ အဲဒီစိတ်မှာ ဖြစ်ပေါ်လာတဲ့ ကိလေသာတွေကို ဖြတ်တယ်၊ ရိတ်ပစ်တယ်၊ ဒီလိုဆိုလိုတယ်ပေါ့။ အဲဒီအတိုင်းပဲတဲ့ **"ဖမ်းဆုပ်တာက မနသိကာရ၊ ရိတ်ဖြတ်တာက ပညာ"** တဲ့။ အဲဒီတော့ သူတို့ ၂-ခုဟာ တစ်ခုနဲ့ တစ်ခု မတူဘူးလို့ဆိုတယ်။

ကဲ- မတူဘူးဆိုတာ စဉ်းစားကြည့်ရအောင်။ စာအုပ် တစ်အုပ် ရှိတယ်ဆိုပါစို့။ စာလုံးတွေကိုကြည့်တာ ဘယ်အရာက ကြည့်တာတုန်းဆို မျက်လုံးကကြည့်တာ။ ဘယ်အရာက စာအုပ်ကို ဖွင့်ပေးတုန်းဆို လက်က ဖွင့်ပေးတယ်။ လက်က စာအုပ်ကို ယူပေးတယ်၊ စာအုပ်ကို ဖွင့်ပေးတယ်၊ မျက်စိက ကြည့်တယ်။ မျက်စိကစာအုပ်ကို မဖွင့်နိုင်ဘူး။ လက်ကလည်း မကြည့်နိုင်ဘူး။ မျက်စိက ကြည့်တဲ့ကိစ္စ လုပ်တယ်။ လက်က ဖွင့်ပေးတဲ့ကိစ္စ လုပ်တယ်။ သူတို့ ၂-ခု မတူဘူး။ နေ့စဉ် လုပ်နေတဲ့ အထဲမယ် သဘာဝတရားတွေဟာ ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ စဉ်းစားကြည့်။

အဲဒီအတိုင်းပဲ မနသိကာရဆိုတာ စဉ်းစားခြင်း၊ တွေးတောခြင်းဆိုတဲ့ **ဥဟာကလက္ခဏာ** ရှိတယ်။ ပညာက **ဆေဒနလက္ခဏာ** ကိလေသာကို ဖြတ်တောက်ခြင်း လက္ခဏာရှိတယ်။

အဲဒီလို ရှင်းပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက **"ကလ္လောသိ ဘန္တေ နာဂသေန'** အရှင်ဘုရားဖြေဆိုချက် သင့်လျော်ပါတယ်"

ကောင်းတယ်ကို တစ်ခါမှ မပြောသေးဘူး။ အရှင်ဘုရား အဖြေတော်ပါတယ်၊ သင့်တော်ပါတယ် ယုတ္တိရှိပါတယ်။ suitable လောက်ပဲ သူပြောချင်တယ်။ very good လို့ မပြောဘူး။

http://www.dhammadownload.com



ကောင်းပါတယ်လို့တောင် မပြောဘူး။ သင့်တော်ပါတယ်လို့ ပြောတယ်။

အဲဒီလို မနသိကာရနဲ့ ပညာ ဒီ၂-ခု ကွဲကွဲပြားပြား သိပြီးတဲ့အခါမှာ ခုနကစကားကိုပြန်ကောက်တယ်။ "နောက်ဘဝ ပဋိသန္ဓေ ပြန်မနေအောင် ဘာနဲ့လုပ်တုန်း" လို့ မိလိန္ဒမင်းကြီးက မေးတာကို ရှင်နာဂသေန ဖြေတဲ့စကားထဲမှာ "ပညာရယ်။ တစ်ခြား ကုသိုလ်တရားတွေရယ်၊ အဲဒါတွေကြောင့် နောက်ဘဝမှာ ပြန်မမွေးတာ" လို့ ပြောတယ်။

"နောင်ဘဝ ပြန်မဆက်ဖို့အတွက် တစ်ခြားကုသိုလ်တွေဆိုတာ ဘယ်ကုသိုလ်ကို အရှင်ဘုရား ပြောချင်တာတုန်း"။

အရှင်နာဂသေနက ဖြေတယ်။ '**သီလံ မဟာရာဇ သဒ္ဓါ ဝီရိယံ သတိ သမာဓိ၊ ဣမေ တေ ကုသလာ ကမ္မာ**'၊ သီလ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ ဒီ ကုသိုလ်တရားတွေကို ပြောတာပါ"တဲ့။

ပညာဆိုတာတော့ တိုက်ရိုက်ပါပြီးသားနော်၊ ဒါကြောင့်မို့ သူပြောတဲ့ တစ်ခြားကုသိုလ်တရားတွေဆိုတာ။ သီလ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိလို့ ဒီလိုဆိုလိုတာ။

ကမ္မဋ္ဌာန်းအလုပ် အားထုတ်ပြီဆိုလို့ရှိရင် ဒီအခြေအနေတွေဟာ မပါမဖြစ်တဲ့ အရာတွေ။ တရားအားထုတ်တယ်ဆိုတာ ဘာတွေနဲ့ အားထုတ်ရမှာတုန်း။ ကိုယ့်သန္တာန်မှာ ဘာတွေ ရှိရမှာတုန်းနော်။ အရည်အချင်းတွေက ဘာတွေတုန်းဆိုရင် သီလ ရှိရမယ်၊ သဒ္ဓါရှိရမယ်၊ ကြိုးပမ်းအားထုတ်မှု ဝီရိယရှိရမယ်။ သတိရှိရမယ်၊ သမာဓိရှိရမယ်။

http://www.dhammadownload.com



မဟာသတိပဋ္ဌာနသုတ်မှာ ကြည့်လေ။ **"အာတာပီ** ဆိုတာ လုံ့လဝီရိယရှိသူ၊ **သတိမာ**-သတိရှိသူ၊ **သမ္မဇာနော**-ပညာရှိသူ" ဆိုတော့ ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါမှာ အရေးကြီးတဲ့ တရား ၃-ခု၊ လုံ့လဝီရိယရယ်၊ သတိရယ်၊ ပညာရယ်၊ မရှိမဖြစ်တရားတွေလို့ ဒီလိုဆိုလိုတယ်။

မဂ္ဂင်ရှစ်ပါးနဲ့ ပြောမယ်ဆိုရင် ကမ္မဋ္ဌာန်း အားထုတ်နေတဲ့ အချိန် **သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, သမ္မာ-သင်္ကပ္ပ, သမ္မာဒိဋ္ဌိ** ဒီငါးခုပဲ။ သမ္မာဝါယာမက ကြိုးစားတယ်၊ ကြိုးစားပြီး တရားမှတ်တယ်။ သမ္မာသတိက အာရုံစိုက်ပေးတယ်။ သမ္မာသမာဓိက အာရုံပေါ်မှာ စိတ်ကို စုစည်းမိအောင် လုပ်တယ်။ သမ္မာသင်္ကပ္ပက မှန်ကန်တဲ့ရှုထောင့်က တွေးတောဆင်ခြင်တယ်။ အဲဒီအခါကျမှ သမ္မာဒိဋ္ဌိက အမှန်မြင်တယ်၊ ဒီလိုပြောတာနော်။ ဒီ ငါးခု ပူးပေါင်းလုပ်ခြင်းပဲ။

နောင်ဘဝ ပြန်မဖြစ်အောင် လုပ်ဖို့ဆိုတာ သီလရှိရမယ်။ သဒ္ဓါရှိရမယ်၊ ဝီရိယရှိရမယ်၊ သတိရှိရမယ်၊ သမာဓိရှိရမယ်၊ ဒါတွေနဲ့ လုပ်ရမယ်။ အဲဒီတရားတွေနဲ့စုပေါင်းပြီး ကြိုးစားလိုက်လို့ မဂ်ဖိုလ် နိဗ္ဗာန် ရပြီဆိုရင် ဘဝပြန်မဆက်တော့ဘူး။ နောက်ဘဝမှာ ပြန်မမွေးတော့ဘူးလို့ ဒီလိုဆိုလိုတယ်။

အဲဒီမှာ သဒ္ဓါကို ရှင်နာဂသေနက ထည့်ဖြေတာဟာ သဒ္ဓါဆိုတဲ့ ယုံကြည်မှုဖြစ်လို့ ကျန်တဲ့ကုသိုလ်တွေလုပ်ဖြစ်ဖို့ အခြေခံဖြစ်တယ်။ ယုံကြည်မှုသဒ္ဓါသည် တစ်ခါတရံမှာ ပညာနဲ့ သက်ဆိုင်တယ်ပေါ့။ ယုံကြည်ရင် ဆုံးဖြတ်နိုင်တယ်။ ဒါအမှန်လို့ ဆုံးဖြတ်နိုင်တာ သဒ္ဓါလို့ခေါ်တယ်ပေါ့။ ဒါကြောင့်မို့ သဒ္ဓါကို ထည့်ပြော

http://www.dhammadownload.com



တာ။ ဒီလိုပဲ မှတ်ယူရမှာပဲဖြစ်တယ်။ မဂ္ဂင်ရှစ်ပါးနဲ့ ပြောရင်တော့ သဒ္ဓါကို ထည့်မပြောဘူးပေါ့။ ဟုတ်ပြီ။

ဒီလိုဖြေလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက မေးစရာထပ်ပြီး 'အစ' ရသွားတယ်။ ဒါ့ကြောင့် ဆက်မေးပြန်တယ်။

## ၉–သီလလက္ခဏပဉာ

"**ကိလက္ခဏံ ဘန္တေ သီလံ**'။ သီလရဲ့ လက္ခဏာက ဘာတုန်း"တဲ့။

ရှင်နာဂသေနက ဖြေတယ်။ "မြတ်သောမင်းကြီး၊ သီလ ဆိုတာ တည်ရာအဖြစ်ကို ဆောင်ရွက်တဲ့ လက္ခဏာရှိပါတယ်။ အလုံးစုံသော ကုသိုလ်တရားတွေ မှန်သမျှ, အပြစ်ကင်းတဲ့ တရားတွေမှန်သမျှ သီလပေါ်မှာ တည်နေကြပါတယ်။ ဆိုပါစို့၊ **ဣန္ဒေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်** ဆိုတဲ့ ဒီတရားတွေအားလုံးဟာ သီလပေါ်မှာ ရပ်တည်နေကြတယ်။ **သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဈာန်၊ ဝိမောက္ခ၊ သမာပတ္တိ** ဆိုတဲ့ အဆင့်မြင့်တရား အားလုံးဟာ သီလပေါ်မှာ တည်ရှိပါတယ်။ ဒါကြောင့်မို့ "သီလ သည် ကုသိုလ်အားလုံးရဲ့ တည်ရာဖြစ်လို့ တည်ရာလက္ခဏာ ရှိပါတယ်"လို့ ဒီလိုဖြေတာ။

သီလပေါ်မှာရပ်တည်၊ သီလကို အမှီပြုပြီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတဲ့ ဣန္ဒေငါးပါး စွမ်းအားတွေ၊ အရည် အချင်း ငါးမျိုးတွေကို ရအောင်လုပ်လို့ရပါတယ်။ ကုသိုလ်တရား တွေ ဆုတ်ယုတ်မသွားအောင် ဒါတွေနဲ့ ထိန်းရတယ်လို့ ရှင်နာဂသေနက ရှင်းပြတယ်။

http://www.dhammadownload.com



"အရှင်ဘုရား၊ ဥပမာလေးတစ်ခု ပြောစမ်းပါဦး" တဲ့။ ရှင်းအောင် ဥပမာလေးနဲ့ ပြောစမ်းပါတဲ့။

မြတ်စွာဘုရား ကိုယ်တိုင်ဟောတဲ့ ဥပမာကို မိလိန္ဒမင်းကြီးလည်း ပိဋကတ် ၃-ပုံကို လေ့လာထားတာဆိုတော့ သိပါတယ်။ အရှင်နာဂသေန စာတတ်မတတ် သူက စူးစမ်းတဲ့သဘောလည်း ပါပုံရတယ်ပေါ့နော်။

မြတ်စွာဘုရားဟောတဲ့ ဥပမာအတိုင်းပဲ ရှင်နာဂသေနက ပြောတယ်။

"အရှင်မင်းကြီးတဲ့၊ လောကမှာ မျိုးစေ့ဟူသမျှ၊ အပင်ဟူသမျှဟာ မြေကြီးပေါ်မှာပေါက်ပြီး ကြီးထွားကြရတယ်။ အဲဒီအတိုင်းပဲ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာလို့ဆိုတဲ့ လူရဲ့ စွမ်းရည်တွေ၊ ထက်မြက်တဲ့ အရည်အချင်းတွေ အားလုံးဟာ သီလပေါ်မှာမှီပြီး ဖြစ်ပေါ်ကြရတာပါ။ ဒါကြောင့်မို့ သီလက မြေကြီးနဲ့ အလားတူတယ်၊ မှီရာဖြစ်တယ်"။

"အရှင်ဘုရား၊ **'ဘိယျော သြပမ္မံ ကရောဟိ'** နောက် ဥပမာတစ်ခု ထပ်ပြောပါဦး"။

**"ယထာ မဟာရာဇ ကောစိ ဗလ ကရဏီယာ ကမ္မန္တာ ကယိရန္တိ'** မင်းကြီး အားနဲ့အင်နဲ့ အလုပ်တစ်ခုကိုလုပ်ရပြီ ဆိုလို့ ရှိရင် **"သဗ္ဗေ တေ ပထဝီ ပတိဋ္ဌာယ ကယိရန္တိ'** မြေကြီးပေါ်မှာ ရပ်တည်ပြီး လုပ်ကြရတယ်တဲ့။ မြေကြီးပေါ် မရပ်ဘဲနဲ့ ဘာမှလုပ်လို့မရဘူး။ မြေကြီးပေါ်မှာ ရပ်တည်ပြီးတော့ လုပ်ရတယ်"။

http://www.dhammadownload.com



"အဲဒီအတိုင်းပဲ ယောဂီပုဂ္ဂိုလ်ဟာလည်းပဲ သီလပေါ်မှာ ရပ်တည်ပြီး အရည်အချင်းတွေကိုရအောင် လုပ်ယူရတယ်ပေါ့။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ အရည်အချင်းတွေ ရအောင် လုပ်ယူရပါတယ်"။

"အရှင်ဘုရား၊ နောက်ထပ် ဥပမာတစ်ခု ထပ်ပေးစမ်းပါဦး" ရှင်နာဂသေနက မြို့ပြတည်ဆောက်တဲ့ ဥပမာကို ပြောတယ်။

"မြို့တည်ဆောက်သူဟာတဲ့ ပထမမြို့ရာကို အရင်ရွေးချယ်ရတယ်။ ရွေးချယ်ပြီးတဲ့အခါ မြို့ရာမြေကို ရှင်းလင်းသုတ်သင်ရတယ်။ မြေညှိတဲ့လုပ်ငန်း လုပ်ရတယ်၊ ဆူးငြောင့်ခလုတ်တွေ ဖယ်ရှားပြီး မြေကြီးကို ညီသွားအောင်ညှိ၊ ညှိပြီးတဲ့အခါကျမှ အကွက်ချ၊ 'ဒါက လမ်း၊ ဒါက လမ်းဆုံ၊' ဒီလို အကွက်တွေချပြီးပြီ ဆိုတဲ့အခါမှာ မြို့ကိုစတင်တည်ဆောက်တာ"တဲ့။

အဲဒီတော့ မြို့ပြတည်ဆောက်ပြီဆိုရင် သူက မြို့ကွက်ကို သေချာချရတယ်။ ချပြီးရင် ဘယ်နေရာက drainage၊ ဘယ်နေရာက လမ်း၊ ဘယ်နေရာက ဓာတ်တိုင်၊ ဘယ်နေရာက ဘာဆိုတာ အကုန်လုံး ဘယ်နေရာကို ရေဝပ်ဧရိယာထားရမယ်။ မြေပေါ်မှာ စနစ်တကျ ပုံစံထုတ်ပြီးတဲ့အခါ မြို့ပြတည်ဆောက်ရသလိုပဲတဲ့။

သီလပေါ်မှာ အခြေခံပြီး သဒ္ဓါတိုးတက်လာအောင်၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ တိုးတက်လာအောင် ကြိုးစားရမယ်လို့ ဆိုလိုတယ်။ အဆောက်အဦးတွေခိုင်မာအောင်ဆောက်တယ်။ အဲဒီဥပမာနဲ့ ရှင်းပြတယ်။

http://www.dhammadownload.com



မိလိန္ဒမင်းကြီးက အားမရသေးဘူး။ "**ဘိယျော ဩပမ္မံ ကရောဟိ**' ကိုယ်တော် ထပ်ပြောပါဦး" တဲ့။ ဥပမာတစ်ခု နောက်ထပ်ပြောပါဦး။

ရှင်နာဂသေနက ထပ်ပြောတယ်။ "ကျွမ်းဘားအတတ်ကို ပြတဲ့ပုဂ္ဂိုလ်ဟာ ဆူးငြောင့်ခလုတ်တွေ အကုန်ဖယ်၊ မြေကြီး ညီအောင်လုပ်ပြီး မြေကြီးပေါ်မှာကျလို့ရှိရင် မနာရအောင်လို့လုပ်ပြီး ဘားကျွမ်းအတတ်ကို ပြသလိုပဲတဲ့၊ သီလဆိုတဲ့ အပေါ်မှာ အခြေခံပြီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတာ တိုးပွားအောင် လုပ်ရမယ်။"

အဲဒါကြောင့် မြတ်စွာဘုရားက အခုလို ဟောတယ်တဲ့။

**သီလေ ပတိဋ္ဌာယ၊**
**နရော သပညော၊**
**စိတ္တံ ပညဉ္စ ဘာဝယံ၊**
**အာတာပီ နိပကော ဘိက္ခု၊**
**သော ဣမံ ဝိဇဋယေ ဇဋံ။**

"**သီလေ ပတိဋ္ဌာယ**- ကိုယ်ကျင့်သီလပေါ်မှာ ရပ်တည်၍၊ **နရော သပညော**- ပင်ကိုယ်ဉာဏ် ထက်မြက်တဲ့ပုဂ္ဂိုလ်ဟာ၊ **စိတ္တံ ပညဉ္စ ဘာဝယံ**- သမာဓိနဲ့ပညာကို တိုးတက်အောင်လုပ်" ဒီလိုဆိုလိုတာ။

သီလကို အခြေခံပြီး သမာဓိ ပညာကို တိုးတက်အောင် လုပ်ရမယ်။ ဒါကြောင့်မို့ သီလဟာ အခြေခံအနေနဲ့ အင်မတန်မှ အရေးကြီးတယ်။ ကမ္မဋ္ဌာန်းတရား အားထုတ်ပြီဆိုရင် သီလကို အရင်ယူကြရတယ်။ သီလပေါ်မှာ အခြေခံပြီးတော့မှ ကမ္မဋ္ဌာန်း

http://www.dhammadownload.com



တရား အားထုတ်ရတယ်။ အဲဒီလို ဒီအချက်တွေကို ကြိုတင်ပြီး တော့ ပြောတာ။

မြေကြီးဟာ သတ္တဝါတွေအားလုံးရဲ့ ရပ်တည်ရာဖြစ်သလို ကုသိုလ်တရားတွေမှန်သမျှဟာလည်းပဲ ဒီသီလပေါ်မှာ ရပ်တည် နေတာဖြစ်လို့ သီလဆိုတဲ့ မြင့်မြတ်တဲ့တရားတစ်ခုဟာ ပုဒ္ဓမြတ်စွာ သာသနာတော်မှာ အရေးပါတဲ့ တည်ရာမှီရာကြီးတစ်ခု ဖြစ်ပါ တယ်ဆိုတာ မြတ်စွာဘုရားကိုယ်တိုင် ဟောခဲ့ပါတယ်။

ရှင်နာဂသေနက ယခုလို ကိုးကားပြီးတော့ ပြောလိုက်မှ မိလိန္ဒမင်းကြီးက "**ကလ္လောသိ ဘန္တေ**' အရှင်ဘုရားပြောတာ သင့်တော်ပါတယ်။ အရှင်ဘုရားဟောတာ သင့်တော်လှပါတယ်" လို့ လက်ခံသွားတယ်ပေါ့။

## နိဂုံးစကား

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ မိလိန္ဒ မင်းကြီး မေးသမျှကို ပိဋကတ် ၃-ပုံမှာလာတဲ့အတိုင်း မြတ်စွာ ဘုရား ဟောတရားနဲ့ညှိနှိုင်းပြီး ရှင်နာဂသေနက အခုလို ဖြေရှင်း ဆုံးဖြတ်ပေးသွားတာဖြစ်ပါတယ်။ ဒါကြောင့် သာမန်နဲ့လက်ခံလေ့ မရှိတဲ့ လူတတ်ကြီး မိလိန္ဒမင်းဟာ နောက်ဆုံးမှာတော့ "အရှင် ဘုရားအဖြေ သင့်တော်ပါတယ်"လို့ ဝန်ခံရတာပဲ ဖြစ်တယ်ပေါ့။

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ အမေး အဖြေကို နားထောင်ရသဖြင့် ဓမ္မဗဟုသုတတွေ များစွာရရှိပြီး မိမိတို့ဘဝ တိုးတက်မြင့်မားဖို့အတွက် အသိဉာဏ်ဟာ အလွန်

http://www.dhammadownload.com



တန်ဖိုးရှိတယ်ဆိုတာ ကိုယ်စီကိုယ်စီ သဘောကျပြီး အသိဉာဏ်
မြင့်မားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ma Pyone Pyone Hlaing**
Typed by- **Wai Wai Lwin**
Final edition copy by- **Htet Naing San (I-D-E)**

http://www.dhammadownload.com

# မိလိန္ဒပဉ္ဟာ

## မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင် ပြောဆိုချက်များ အပိုင်း(၅)

### မှတ်တမ်း

သာသနာတော်နှစ် ၂၅၆၀-ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၈-ခုနှစ်၊ နယုန်လဆန်း (၈)ရက်၊ (၁၃-၆-၂၀၁၆) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိပိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သာသနာ့ပူဇာမြတ်မင်္ဂလာ တရားအလှူတော် အထူးဓမ္မသဘင် အခမ်းအနားဌာန ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မိခင်-ဒေါ်ညိုညိုအား အမှူးထားလျက် ကွယ်လွန်သူဖခင် ဦးစောဦး အားရည်စူး၍ ဒေါ်နေနေပန်း (ခေါ်) မသန္တာ Gold Crab Thai Style Seafood Restaurant မိသားစုနှင့် (၇)ရက် သားသမီးတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **'မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ အပိုင်း(၅)'** အကြောင်း တရားဒေသနာတော်။

မိလိန္ဒမင်းကြီး၏ မေးခွန်းတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာ ဖြစ်တယ်။ အရင်မေးတဲ့ မေးခွန်းထဲမှာ **"နောက်ဘဝမှာ ပြန်လည် မမွေးဖွားခြင်းဟာ ယောနိသော မနသိကာရကြောင့်လား"** ဆိုတာ ပါတယ်။ ပြန်လည်မွေးဖွားမှုကို မဖြစ်စေတာဟာ ယောနိသော မနသိကာရဆိုတဲ့ wise attention ကြောင့်လား? တဲ့။

http://www.dhammadownload.com



ရှင်နာဂသေနကဖြေတဲ့အခါမှာ **"ယောနိသော မနသိကာရကြောင့်ရော၊ ပညာကြောင့်ရော၊ တစ်ခြားကုသိုလ်ကြောင့်ရော၊ နောင်ဘဝ ပြန်လည်မွေးဖွားခြင်းမရှိတာ ဖြစ်တယ်"** လို့ ဒီလိုဖြေခဲ့တယ်။

အဲဒီ အဖြေစကားမှာပါတဲ့ **ကုသိုလ်တရားတွေ** ဆိုတာ ဘာတွေတုန်းလို့ ထပ်ပြီးမေးတဲ့အခါမှာ ကုသိုလ်ဆိုတာ သဒ္ဓါ၊ သီလ၊ ဝိရိယ၊ သတိ ဒါတွေကို ဆိုလိုတယ်လို့ ရှင်နာဂသေနက ဖြေဆိုခဲ့ပြီ။ သီလပေါ်မှာအခြေခံပြီးတော့ တစ်ခြားအရည်အချင်းတွေရအောင် လုပ်ရတယ်ဆိုတာ ဥပမာ ဥပမေယျနဲ့ ကျကျနန ရှင်းပြပြီးသွားပြီ။

အဲဒီတော့ ဆက်မေးတဲ့ မေးခွန်းက **သဒ္ဓါရဲ့ သွင်ပြင်လက္ခဏာ** ဖြစ်တယ်။ ဘယ်အရာပဲဖြစ်ဖြစ် သွင်ပြင်လက္ခဏာမှ သဘာဝတရားကို တွေ့ကြရတာပဲ ဖြစ်တယ်။ လူကိုတောင်မှ လူတစ်ကိုယ်လုံးကို ခြုံပြီးမှတ်တာ မဟုတ်ဘူး။ အရပ်ထွားသလား၊ အရပ်ပုသလား၊ ဒါကြည့်တာ။ တစ်ခုခုကို မှတ်တယ်။ မှတ်ပုံတင်ထဲမှာတောင် ထင်ရှားတဲ့ အမှတ်အသား **မဲ့၊ အမာရွတ်** ဒါမျိုးတွေနဲ့မှတ်ကြတာပေါ့။ အဲဒီလိုပဲ သဘာဝတရားတွေမှာလည်းပဲ အမှတ်အသားတွေ ရှိတယ်။ အမှတ်အသားကို ပါဠိစာပေမှာ **"လက္ခဏာ"** လို့ခေါ်တယ်။

သဘာဝတရားတစ်ခုကို အမှတ်အသားတစ်ခုကနေ ကြည့်ကြရတယ်။ ဥပမာမယ် သဒ္ဓါဆိုတာ ဘယ်လိုအမှတ်အသားရှိတုန်း။ နာမ်တရားတွေဆိုတာ မြင်ရတဲ့အရာ မဟုတ်သည့် အတွက်ကြောင့် ယင်းတရားရဲ့ characteristics အမှတ်အသားနဲ့

http://www.dhammadownload.com



တရားကို ရှာတွေ့ရမယ်။ ဒါကြောင့်မို့ မိလိန္ဒမင်းကြီးက တစ်ခုချင်း မေးတယ်။

## သဒ္ဓါ၏ လက္ခဏာ

**"ဘန္တေ နာဂသေန ကီ လက္ခဏာ သဒ္ဓါ၊** အရှင်ဘုရား ပြောတဲ့ သဒ္ဓါဆိုတာ ဘယ်လို သွင်ပြင်လက္ခဏာ ရှိသလဲ။ အဲဒီ သဒ္ဓါရဲ့ သွင်ပြင်လက္ခဏာက ဘာလဲ" လို့ မိလိန္ဒမင်းကြီးက မေးတာ။

ရှင်နာဂသေနက ဖြေတယ်။ **"သမ္ပသာဒန လက္ခဏာ မဟာရာဇ သဒ္ဓါ၊ သမ္ပက္ခန္ဒန လက္ခဏာ စ'** သဒ္ဓါဆိုတာ **သမ္ပသာဒန လက္ခဏာ**- စိတ်အစဉ်ကို ကြည်လင်သန့်ရှင်းသွား အောင်လုပ်တဲ့ အမှတ်အသား ရှိတယ်။ စိတ်အစဉ်ဟာ ကြည်သွားတယ်၊ ရေကြည်နေသလို စိတ်အစဉ်ဟာ ကြည်သွားအောင် စွမ်းဆောင်နိုင်တဲ့ အမှတ်အသား ရှိတယ်"။ နောက်တစ်ခုက **သမ္ပက္ခန္ဒနလက္ခဏာ**- ရဲရဲဝံ့ဝံ့ ဆုံးဖြတ်သွားရောက်နိုင်တဲ့ လက္ခဏာရှိတယ်။ ရဲဝံ့တယ်၊ ပြတ်သားတယ်၊ ဖြတ်ကူးနိုင်တယ်" ဆိုတဲ့ အမှတ်လက္ခဏာရှိတယ်။

**ပက္ခန္ဒန** ဆိုတာ အာရုံတစ်ခုခုကို တွန့်ဆုတ်ခြင်းမရှိဘဲနဲ့ ဝင်ရောက်ပြီး လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက် ဝင်ရောက်သွား နိုင်တဲ့ စွမ်းရည်ရှိခြင်း ဖြစ်တယ်။

အဲဒီတော့ သဒ္ဓါဟာ **သမ္ပသာဒန** စိတ်ကိုကြည်အောင် လုပ်နိုင်တယ်၊ **သမ္ပက္ခန္ဒန**- စိတ်ကို ရဲရင့်ပြတ်သား ထိုးဖောက်

http://www.dhammadownload.com



သွားအောင် လုပ်နိုင်တယ်လို့ ဒီလိုဆိုလိုတယ်။ သဒ္ဓါရဲ့ စွမ်းဆောင်မှု၊ ဒီနှစ်ခုကိုကြည့်ပြီး သဒ္ဓါဟာ အဲဒီလို အမှတ်လက္ခဏာ ရှိတယ်လို့ ဒီလိုပြောတယ်။

မိလိန္ဒမင်းကြီးက ဤမျှဖြင့် ရှင်းသွားသလားဆိုရင် မရှင်းဘူး။ မရှင်းသည့်အတွက်ကြောင့် ပြန်မေးတယ်။

## ၁၀--သမ္မသာဒနု လက္ခဏပဉ္ဟာ

**"ကထံ ဘန္တေ သမ္မသာဒနလက္ခဏာ သဒ္ဓါ၊** သဒ္ဓါဆိုတာ စိတ်ကိုကြည်လင်စေတဲ့ အမှတ်လက္ခဏာ ရှိတယ်ဆိုရင် ဘယ်လိုကြည်လင်စေတာလဲ"လို့ ထပ်မေးတယ်။

ရှင်နာဂသေနက ဖြေတယ်။ **"သဒ္ဓါ ခေါ မဟာရာဇ ဥပ္ပဋ္ဌမာနာ'** အရှင်မင်းကြီးတဲ့၊ လူတွေရဲ့ သန္တာန်မှာဖြစ်တဲ့ ယုံတယ်၊ ကြည်တယ် ဆိုတဲ့သဒ္ဓါ ဖြစ်လာပြီဆိုရင် . . . "

ယုံကြည်တယ်ဆိုတဲ့ စကားမှာ ယုံတာကတစ်ခု၊ ကြည်တာကတစ်ခု။ "ယုံတယ်"ဆိုတာကို ဘာသာပြန်ရင် confidence သို့မဟုတ် faith လို့ပြန်တယ်။

သို့သော် "ကြည်တယ်" ဆိုတဲ့ ဒီစကားလုံးကို ထည့်ပြောလေ့ မရှိကြဘူး။ ယုံကြည်တယ်ဆိုတာ ပြောလိုက်တာနဲ့ confidence လို့ပဲ ပြန်ကြတယ်နော်။ ဒီမှာ ကြည်တယ်ဆိုတဲ့ အဓိပ္ပာယ်က စိတ်ရဲ့ အညစ်အကြေး ကင်းစင်မှုကို ဆိုလိုတယ်။ လူရဲ့ စိတ်အစဉ်ဟာ ကြည်လင်နေတယ်၊ စိတ်ထဲမှာ နောက်ကျနေတာ မရှိဘူးဆိုတဲ့ အဓိပ္ပာယ်ရတယ်။

http://www.dhammadownload.com



ရှင်နာဂသေနက သဒ္ဓါဆိုတာ စိတ်ကို ကြည်စေတဲ့ လက္ခဏာရှိတယ်လို့ပြောပြီး ယခုလို ရှင်းပြတယ်။

သဒ္ဓါစွမ်းအားဟာ စိတ်ကိုမှီဖြစ်တယ်။ သဒ္ဓါဖြစ်လာပြီဆိုရင် **'နီဝရဏော ဝိက္ခမ္ဘေတိ'** နီဝရဏတရားတွေကို တွန်းထုတ်ဖယ်ရှားလိုက်တယ်။ စိတ်ထဲမှာ အနှောင့်အယှက်တွေ ဝင်မလာနိုင်ဘူး။ သဒ္ဓါဖြစ်နေတဲ့အချိန်မှာ ခံစားချင်တဲ့ လောဘစိတ်တွေ မလာဘူး။ မုန်းတီးတဲ့ ဒေါသစိတ်တွေ မလာဘူး။ အဲဒါတွေကို သဒ္ဓါက ဖယ်လိုက်တယ်။

နီဝရဏဆိုတာ ကုသိုလ်စိတ်တွေမဖြစ်ရအောင် ပိတ်ဆို့တတ်တဲ့တရားတွေကိုခေါ်တာ ဖြစ်တယ်။ **ကာမစ္ဆန္ဒ** ပျော်စရာအာရုံတွေနဲ့ ပျော်ချင်တဲ့လောဘ၊ ကိုယ်မကြိုက်တဲ့ အာရုံတွေပေါ်မှာ အလိုမကျတဲ့ **ဗျာပါဒ**၊ ကောင်းတဲ့ အလုပ်တွေဘက် မလုပ်ချင်လောက်အောင် စိတ်ဓာတ်တွန့်ဆုတ်တဲ့ **ထိနမိဒ္ဓ**၊ စိတ်စုစည်းလို့မရအောင် လွင့်ပျံနေတဲ့ **ဥဒ္ဓစ္စ**၊ စိတ်ထဲမှာ ပူလောင်နေတဲ့ **ကုက္ကုစ္စ**၊ သံသယတွေ ဖြစ်နေတဲ့ **ဝိစိကိစ္ဆာ**၊ အဲဒီတရားတွေကို နီဝရဏလို့ ခေါ်တယ်။ ဒီ အဆိုးတရားငါးမျိုးကို သဒ္ဓါက ရှင်းပစ်လိုက်တယ်။

**'ဝိနီဝရဏံ စိတ္တံ ဟောတိ'**-စိတ်မှာ နီဝရဏဆိုတဲ့ အဆို့အပိတ်တွေ ကင်းသွားတယ်။ စိတ်ဟာ ပွင့်လင်းလာတယ်။ တိမ်တိုက်တွေ ကင်းစင်သွားတဲ့အခါ နေလတွေ ထင်ရှားလာတယ်။ အလင်းရောင်တွေ ဖြန့်ကျက်လာတယ်။ သဒ္ဓါဆိုတာ ပေါ်လိုက်တာနဲ့ တပြိုင်နက် အဆို့အပိတ်တွေ မရှိတော့ဘူး၊ ကင်းစင်

http://www.dhammadownload.com



လင်းချင်းသွားပြီ။ **အစ္ဆဲ ဝိပ္ပသန္နံ အနာဝိလံ** ဟောတိ-စိတ်လေးဟာ ကြည်လာတယ်၊ အလွန်အလွန် ကြည်လာတယ်။

သဒ္ဓါဖြစ်လာပြီဆိုရင် အဲဒီစိတ်ရဲ့ အနှောင့်အယှက် အဆို့အပိတ်တွေ စိတ်ပူတာတွေ စိတ်လွင့်တာတွေ လိုချင်တာတွေ မုန်းတီးတာတွေ ဒါတွေအကုန် သဒ္ဓါက ရှင်းပစ်လိုက်တယ်၊ သဒ္ဓါစွမ်းအားဟာ အဲဒီလို ဆို့ပိတ်တတ်တဲ့ အရာတွေကို အကုန် ရှင်းပစ်လိုက်နိုင်တယ်။

လေတိုက်လိုက်တဲ့အခါ ကောင်းကင်ယံမှာ တိမ်တိုက်တွေ လွင့်ပျံကင်းစင်သွားသလိုပဲ စိတ်အစဉ်ဟာ ရှင်းသွားတယ်၊ ကြည်လင်သွားတယ်။ အဲဒီလို သဒ္ဓါဟာ **သမ္မာဒနလက္ခဏာ**-စိတ်ကိုကြည်လင်စေတတ်တဲ့ လက္ခဏာ ရှိပါတယ်။ စိတ်ကို မကြည်မလင် ဖြစ်စေနိုင်တဲ့အရာတွေအားလုံးကို ရှင်းပစ်နိုင်စွမ်း ရှိပါတယ်။ ဒီလိုရှင်းပြတယ်။

သဒ္ဓါစွမ်းအားကြောင့် ဘုရားကိုအာရုံပြုရင် စိတ်ကြည်နူးသွားတယ်။ တရားနာလိုက်လို့ စိတ်ကြည်နူးသွားတယ်၊ အာရုံတစ်ခုခုပေါ်မှာ ကြည်နူးစရာတွေ ဖြစ်လာတယ်ဆိုရင် ခုနက အရှုပ်တွေ အနောက်တွေ အကုန်ပျောက်သွားတယ်။ စိတ်ရဲ့ အနောက်တွေကို သဒ္ဓါက ရှင်းပစ်တာ ဖြစ်တယ်။ ဒါကြောင့် သဒ္ဓါသည် **သမ္မာဒနလက္ခဏာ** - စိတ်အစဉ်ကို ကြည်လင်စေတတ်တဲ့ စွမ်းအင်လက္ခဏာ ရှိတယ်လို့ ရှင်နာဂသေနက ရှင်းပြတာ။

မိလိန္ဒမင်းကြီးက "**ဩပမ္မံ ကရောတိ**' ကိုယ်တော် ဥပမာလေးနဲ့ ပြောပါဦး"တဲ့။

http://www.dhammadownload.com



ရှင်နာဂသေနက ပြောတယ်၊ "အရှင်မင်းကြီး၊ ရှေးခေတ်က စကြဝတေးမင်းဆိုတာ ရှိတယ်။ အဲဒီမင်းမှာ အင်မတန်မှ အဖိုး ထိုက်တန်တဲ့ ပတ္တမြားရတနာရှိတယ်။ စကြဝတေးမင်းကြီးက "ငါရေသောက်ချင်တယ်၊ ရေကြည်တော်ဆက်ကြ" လို့ ဆိုတဲ့အခါ ရေတစ်ခွက်ခပ်၊ စကြဝတေးမင်းကြီးမှာပါတဲ့ရေကို ကြည်စေ တတ်တဲ့ ပတ္တမြားကိုထည့်လိုက်တဲ့အခါမှာ ပတ္တမြားရဲ့ စွမ်းအား ကြောင့် ရေဟာ ကြည်သွားတယ်။

ခပေါင်းရေကြည် အစေ့ဆိုတာ ရှိတယ်။ အဲဒီ အစေ့ ထည့်လို့ရှိရင်လည်း ကြည်တယ်လို့ ပြောကြတယ်။ တွေ့တော့ မတွေ့ဖူးဘူး၊ တစ်ချို့က ကျောက်ချဉ်ခပ်ရင် ကြည်တယ်လို့ ပြောတာပဲ။

ပတ္တမြားရတနာကြီး ထည့်လိုက်တဲ့အခါမှာ ရေက ကြည် သွားတယ်။ ရေရဲ့ အညစ်အကြေးတွေအားလုံး ထိုင်သွားတယ်။ ထိုင်သွားတဲ့အခါမှာ ရေအကြည်သန့်သန့်ကို စကြဝတေးမင်းကြီး အား ဆက်သတယ်။

အဲဒီ ဥပမာအတိုင်းပဲ သဒ္ဓါဖြစ်လာပြီဆိုရင် နိဝရဏတရား တွေကို ဖယ်ရှားပစ်နိုင်တယ်။ နိဝရဏကင်းလို့ စိတ်အစဉ်ဟာ ကြည်လင်လာတယ်။ ဒါ့ကြောင့် သဒ္ဓါဟာ **'သမ္မသာဒနလက္ခ-ဏာ'** စိတ်အစဉ်ကို ကြည်လင်စေတတ်တဲ့ အမှတ်လက္ခဏာ ရှိတယ်လို့ ဆိုတာပါလို့ ရှင်းပြတယ်။

မိလိန္ဒမင်းက **"ကလ္လောသိ ဘန္တေ နာဂသေန'** အရှင် ဘုရား ရှင်းတာ သင့်လျော်ပါတယ်၊ ယုတ္တိရှိပါတယ်" လို့ လက်ခံ လိုက်တယ်။

http://www.dhammadownload.com



အဲဒီမှာ သဒ္ဓါနဲ့ ပတ်သက်၍ ကြည်စေတာက တစ်ခုနဲ့ ဆုံးဖြတ်နိုင်တဲ့စွမ်းအား ရှိတာက တစ်ခုလို့ ၂-မျိုး ရှိတယ်။ **'သမ္မက္ခန္ဓနလက္ခဏာ'** ဆိုတာ ခုနက သဒ္ဓါရဲ့စွမ်းအားက အာရုံတစ်ခုခုပေါ်မှာ ချီတုံချတုံ မဖြစ်ဘဲ ထိုးဖောက်ဝင်ရောက်ပြီး ဆုံးဖြတ်နိုင်တဲ့ စွမ်းအားရှိတယ်။ အဲဒါနဲ့ ပတ်သက်ပြီး မိလိန္ဒ မင်းကြီးက ဆက်မေးတယ်။

## ၁၁–သမ္မက္ခန္ဓနလက္ခဏပဉှာ

**"ကထံ ဘန္တေ သမ္မက္ခန္ဓနလက္ခဏာ သဒ္ဓါ'** သဒ္ဓါမှ လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက်ဝင်ရောက်နိုင်စွမ်း လက္ခဏာ ရှိတယ်ဆိုတာ ဘယ်လိုလဲ။"

ရှင်နာဂသေနက "မင်းကြီးတဲ့၊ ဥပမာ-ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တစ်ယောက်ဟာ ကြားသိထားတယ်။ "ယောဂီတစ်ဦးဟာ သဒ္ဓါစိတ်ဓာတ်နဲ့ ကြိုးစားအားထုတ်လိုက်သည့်အတွက်ကြောင့် ကိလေသာဆိုတဲ့ အညစ်အကြေးတွေက လွတ်မြောက်သွားတယ်၊ သောတာပန် ဖြစ်သွားတယ်၊ သကဒါဂါမ် ဖြစ်သွားတယ်၊ အနာဂါမ် ဖြစ်သွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်"ဆိုတာ သူ ကြားသိရတယ်။

အဲဒီလို ကြားရတဲ့အခါမှာ ရဟန္တာဖြစ်သူကို အားကျပြီး ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်တယ်။ မရသေးတာတွေ ရဖို့၊ မသိသေးတာတွေ သိဖို့၊ မျက်မှောက် မပြုနိုင်သေးတာတွေ မျက်မှောက်ပြုဖို့ဆိုပြီး ကြိုးစားအားထုတ်တယ်တဲ့။ "သူတောင်

http://www.dhammadownload.com



ရသေးတာပဲ၊ ငါ ဘာလို့မရဘဲ ဖြစ်ရမှာတုန်း" ဆိုတဲ့ ယုံကြည်ချက် သဒ္ဓါစွမ်းအားနဲ့ ကြိုးစားလိုက်တဲ့အခါမှာ သူလည်း ပေါက်ပေါက် ရောက်ရောက် တရားထူးတရားမြတ်တွေ ရသွားတယ်။

ဒါကြောင့်မို့ သဒ္ဓါဟာ အဲဒီလို ပေါက်ရောက်အောင်မြင်အောင် စွမ်းဆောင်နိုင်တဲ့ လက္ခဏာရှိတယ်ပေါ့။ ယုံကြည်ချက်နဲ့ ဆုံးဖြတ်ပြီး လုပ်ကိုင်လိုက်တဲ့အခါမှာ အောင်မြင်သွားတယ်လို့။ ဒါကြောင့်မို့ **သမ္မက္ခန္ဓနလက္ခဏာ** ပြေးဝင်သွားတယ်၊ ပေါက်ရောက်သွားနိုင်တယ် ဆိုတဲ့ အမှတ်လက္ခဏာ ရှိတယ်လို့ ဒီလို ဆိုလိုတာပါ"လို့ ဖြေတယ်။

မိလိန္ဒမင်းက "**ဩပမ္မံ ကရောဟိ** အရှင်ဘုရား၊ ဥပမာ လေးတစ်ခု ပြောစမ်းပါဦး၊ ပိုပြီးထင်ရှားအောင် ဥပမာနဲ့ရှင်းပါ" လို့ ဆိုပြန်တယ်။

ရှင်နာဂသေနက "မင်းကြီး၊ ဥပမာ ပြောရမယ်ဆိုရင် တောင်ကျရေကိုကြည့်၊ တောင်ပေါ်မှာ ရွာချတဲ့မိုးက မိုးရေတွေဟာ အရှိန်အဟုန်နဲ့ စီးဆင်းလာပြီး ချောင်းတွေ မြောင်းတွေ မြစ်တွေ နှစ်ဖက်ကမ်းလုံးပြည့်မျှ စီးဆင်းသွားတယ်တဲ့။

အဲဒီလို တောင်ကျရေတွေစီးဆင်းလို့ မြစ်ရေစီးသန်နေတဲ့ အချိန် ကျန်းမာသန်စွမ်းပြီး ရဲစွမ်းသတ္တိရှိသူက တောင်ကျချောင်းကို ဖြတ်ကူးတယ်။ သူစွမ်းအားနဲ့ဖြတ်ပြီး ကူးလိုက်တဲ့အခါ ဟိုဖက်ရောက်သွားတယ်။ ဟိုဖက်ရောက်သွားတဲ့အခါ နောက်ကလူတွေ လိုက်ပြီး ကူးကြတယ်။

အဲဒါလိုပဲ၊ ယောဂီပုဂ္ဂိုလ်ဟာ သူများတွေရဲ့အောင်မြင်မှုကို ကြည့်ပြီး ဒီလမ်းမှန်တယ်၊ ဒီအကျင့်မှန်တယ်၊ ငါလည်း ရအောင်

http://www.dhammadownload.com



လုပ်မယ်ဆိုတဲ့ ယုံကြည်ချက် ဖြစ်ပေါ်လာတယ်။ အဲဒီ ယုံကြည်ချက် ဆုံးဖြတ်ချက်နဲ့ ထိုးဖောက်ဝင်ရောက်နိုင်တယ်၊ အောင်မြင်အောင် လုပ်နိုင်တယ်။ ဒါကြောင့်မို့ **သမ္မက္ခန္ဓနလက္ခဏာ**-သဒ္ဓါဟာ ဆုံးဖြတ်နိုင်စွမ်းရှိတယ်။ ဒီလိုဆိုလိုတယ်။

သဒ္ဓါကို အဓိမောက္ခလို့ တစ်ခါတခါ စာပေကျမ်းဂန်မှာ ဆိုတယ်။ resolution လို့ အဓိပ္ပါယ်ရတယ်။ အမှန်အကန် ဆုံးဖြတ်နိုင်စွမ်း ရှိတယ်။

မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောထားတာ ရှိတယ်။ **'သဒ္ဓါယ တရတိ သြဃံ'**။ တောင်ကျရေလို အင်မတန် အရှိန်ပြင်းစွာ စီးဆင်းနေတဲ့ ဒီလှိုင်းကြီးတွေကို ယုံကြည်ချက်နဲ့မှ ဖြတ်ကူးနိုင်တယ်။ ကိုယ့်ကိုယ်ကို မယုံကြည်ရင် မလုပ်နိုင်ဘူး၊ ဒီအလုပ်ကိုနော်။ သြဃဆိုတဲ့ အကော်အခဲတွေကို ယုံကြည်ချက်နဲ့မှ ဖြတ်ကူးလို့ ရတယ်တဲ့။

ဒါကြောင့်မို့ တရားထူးတရားမြတ် ရဖို့ဆိုတာ အခက်အခဲတွေကို ကျော်လွှားရခြင်းပဲဖြစ်တယ်။ သဒ္ဓါဆိုတာ ဆုံးဖြတ်ချက်ချနိုင်တယ်၊ ရဲဝံ့ပြတ်သားတယ်၊ သူ့ရဲ့တွန်းအားက အင်မတန်မှ ကြီးမားတယ်။ တစ်ခုခုကို အောင်မြင်ပေါက်ရောက်အောင် စွမ်းဆောင်နိုင်တာ သဒ္ဓါရဲ့ စွမ်းအားပဲ။

လူတွေမှာ ယုံကြည်ချက်ရှိလာပြီဆိုရင် ဘယ်လို အခက်အခဲပဲ ဖြစ်ဖြစ် ဖြတ်ကျော်နိုင်တယ်။ သဒ္ဓါစွမ်းအားနဲ့ ဖြတ်ကျော်နိုင်တယ်။ အေး- လျှုချင်တန်းချင်တဲ့စိတ် ရှိတာလေးကိုသာ သဒ္ဓါလို့ ဒီလိုမအောက်မေ့လေနဲ့။ သဒ္ဓါဆိုတာ ကိုယ်လုပ်ရမယ့် အလုပ်တစ်ခုကို အောင်အောင်မြင်မြင် လုပ်နိုင်တာကို ဆိုလိုတယ်ပေါ့။ စိတ်ရဲ့ စွမ်းအားတစ်မျိုးပဲ။

http://www.dhammadownload.com



ဆိုပါစို့၊ သံသရာဝဋ်က လွတ်ချင်တယ်ဆိုရင် သံသရာဝဋ်က လွတ်ရာလွတ်ကြောင်းတရားကို ယုံကြည်လက်ခံပြီး အားလုံးကို စွန့်လွှတ်တာ၊ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား လုပ်ဆောင်တာ သဒ္ဓါလို့ ဆိုလိုတယ်ပေါ့။ "ယုံကြည်မှုနဲ့ ဖြတ်ကူးနိုင်တယ်"လို့ မြတ်စွာဘုရားကိုယ်တိုင်က ဟောတာလို့ ဖြေလိုက်တယ်။

မိလိန္ဒမင်းက "**ကလ္လောသိ ဘန္တေ**' အရှင်ဘုရားဖြေတာ သင့်တော်ပါတယ်ဘုရား"တဲ့။ ရှင်နာဂသေနရဲ့ ရှင်းပြချက်ကို လက်ခံလိုက်တယ်။

## ၁၂-ဝီရိယလက္ခဏပဉှာ

ဝီရိယဆိုတဲ့ ကုသိုလ်တရားနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းက မေးတယ်၊ လူစိတ်ထဲမှာ သဒ္ဓါဟာ စွမ်းအားကြီးသလိုပဲ ဝီရိယဟာလည်း စွမ်းအားကြီးတယ်။ '**ဝီရာနံ ကမ္မံ ဝီရိယံ**' ရဲရင့်သူတို့ရဲ့ အလုပ်ကို ဝီရိယလို့ ခေါ်တယ်။ အဲဒီ ဝီရိယ အကြောင်းကို မိလိန္ဒမင်းကြီးက မေးတယ်။

"**ဘန္တေ နာဂသေန ကီလက္ခဏံ ဝီရိယံ**'။ အရှင်ဘုရား ဝီရိယရဲ့ လက္ခဏာက ဘာလဲ"တဲ့။

ရှင်နာဂသေနက ဖြေတယ်၊ "**ဥပတ္ထမ္ဘနလက္ခဏံ မဟာရာဇ ဝီရိယံ**' အရှင်မင်းကြီး၊ ဝီရိယဆိုတာ အထောက်အကူပြုတဲ့ ထောက်ပံ့ကူညီတတ်တဲ့ လက္ခဏာရှိတယ်။"

စိတ်ကို ထောက်ပံ့ပေးနိုင်တဲ့ စွမ်းအားရှိတယ်။ '**ဝီရိယူပတ္ထမ္ဘိတာ သဗ္ဗေ ကုသလာ ဓမ္မာ နု ပရိဟာယန္တိ**' ဝီရိယက

http://www.dhammadownload.com



အကူပေးလိုက်ပြီဆိုရင် လူတွေရဲ့သန္တာန်မှာရှိတဲ့ တခြားကုသိုလ်တွေဟာ ဘယ်တော့မှ ဆုတ်ယုတ်မသွားဘူးတဲ့။ ဝိရိယမပါရင် ကျန်တာတွေ ဆုတ်ယုတ်လျော့ကျသွားနိုင်တယ်။ ဝိရိယကနေတွန်းအားပေးထားရင် ကုသိုလ်တွေဟာ လျော့ကျမသွားနိုင်ဘူး။

အဲဒီလိုဖြေလိုက်တဲ့အခါ မိလိန္ဒမင်းက **"ဩပမ္မံကရောဟိ ဘန္တေ'** အရှင်ဘုရား၊ ဥပမာလေး ပြောပါဦး"တဲ့။

ရှင်နာဂသေနက ဥပမာ ပေးတယ်။

**"ယထာ မဟာရာဇ ပုရိသော ဂေဟေ ပတန္တေ အညေန ဒါရုနာ ဥပတ္ထမ္ဘေယျ'** အရှင်မင်းကြီး သစ်သားနဲ့ဆောက်ထားတဲ့ အိမ်တစ်အိမ်ဟာ ယိုင်လာပြီဆိုရင် ကျားကန်ပေးရတယ်။ **ဥပတ္ထမ္ဘိတံ သန္တံ ဧဝံ တံ ဂေဟံ န ပတေယျ** အဲဒီလို ပြုကျမယ့်အိမ်ကို ကျားကန်ပေးထားရင် အဲဒီအိမ်ဟာ မပြိုတော့ဘူး။

သစ်ပင်တစ်ပင် ယိုင်ပြီးလဲတော့မယ်ဆိုရင် တုတ်ထောက်ပေးလိုက်၊ ထောက်ပေးထားတဲ့ တုတ်ရဲ့စွမ်းအားကြောင့် သစ်ပင်ဟာ လဲမသွားနိုင်တော့ဘူး။ အဲဒီလို အထောက်အကူတစ်ခုပေးလိုက်ရင် အဲဒီအိမ်ဟာ ပြိုကျမသွားနိုင်ဘူး။

"လူတွေရဲ့သန္တာန်မှာ ကုသိုလ်တရားတွေကို ဝိရိယနဲ့ထောက်ပံ့ပေးထားမယ်ဆိုရင် ကုသိုလ်တရားတွေဟာ လျော့မသွားနိုင်ပါဘူး"တဲ့။

မိလိန္ဒမင်းကြီးက **"ဘိယျော ဩပမ္မံကရောတိ'**၊ အရှင်ဘုရား ထပ်ပြီးထင်ရှားတဲ့ ဥပမာနဲ့ ပြောပါဦး"တဲ့။

http://www.dhammadownload.com



ရှင်နာဂသေနက ဥပမာပေးတယ်၊ "အရှင်မင်းကြီးတဲ့၊ ဥပမာမယ် စစ်ပွဲတစ်ပွဲကိုတိုက်ကြတယ်၊ တစ်ဖက်က စစ်အင်အားနည်းတယ်၊ တစ်ဖက်က စစ်အင်အားများတယ်။ အင်အားများတဲ့ဘက်က ဖိတိုက်တယ်။ အဲဒီတော့ လူအင်အားနည်းတဲ့ စစ်တပ်က နောက်ဆုတ်ရတယ်။ အဲဒီအခါ နောက်က စစ်ကူရောက်လာတယ်၊ စစ်ကူပေးပြီး တွန်းလှန်လိုက်မယ်ဆိုရင် ရှေ့က အင်အားကြီးတဲ့ စစ်တပ်ကြီးက တုန့်ဆိုင်းသွားတယ်။ ရှေ့မတိုးနိုင်တော့ဘူး။ အဲဒါလိုပဲ ကုသိုလ်တရားတွေ လျော့ကျမသွားအောင် ဝီရိယက တွန်းအားပေးပြီး တောင့်ခံထားတယ်။

မကောင်းတဲ့အုပ်စုနဲ့ ကောင်းတဲ့အုပ်စု ကိုယ့်စိတ်ထဲမှာ အမြဲတမ်း ယှဉ်ပြိုင်တိုက်ခိုက်မှု ရှိနေတယ်။ ကောင်းတဲ့စိတ်က ဝင်လာလိုက်၊ မကောင်းတဲ့စိတ်က ဝင်လာလိုက်၊ မကောင်းတဲ့စိတ်ကို ကောင်းတဲ့စိတ်နဲ့ တွန်းလှန်ရမယ်။ မတွန်းလှန်နိုင်ဘူးဆိုရင် နောက်က စစ်ကူလာဖို့လိုတယ်။ ဝီရိယနဲ့ ကူလိုက်မယ်ဆိုရင် မကောင်းတဲ့စိတ်တွေ တန့်သွားနိုင်တယ်ပေါ့။ **"ဝီရိယူပတ္ထမ္ဘိတာ သဗ္ဗေ ကုသလာဓမ္မာ န ပရိဟာယန္တီ'**၊ ဝီရိယနဲ့ ကျားကန်ပေးထားလိုက်လို့ရှိရင် ကုသိုလ်တရားတွေဟာ ဆုတ်ယုတ်မသွားဘူး"လို့ မြတ်စွာဘုရားကိုယ်တိုင်ကိုက ဟောခဲ့တာ ရှိတယ်။

**"ဝီရိယဝါ ဘိက္ခဝေ အရိယသာဝကော အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ** ချစ်သားရဟန်းတို့၊ ဝီရိယရှိတဲ့ပုဂ္ဂိုလ်ဟာ မကောင်းတဲ့စိတ်ကိုဖယ်ရှားနိုင်ပြီး ကောင်းတဲ့စိတ်ကို ဖြစ်ပွားစေနိုင်တယ်။"

http://www.dhammadownload.com



"**သာဝတ္ထိ ပဇဟတိ၊ အနဝတ္ထိ ဘာဝေတိ**' အပြစ်ရှိတဲ့ သဘာဝတရားတွေ ဖယ်ရှားပစ်ပြီး၊ အပြစ်ကင်းတဲ့ သဘာဝတရားတွေ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်စေတယ်။" '**သုဒ္ဓမတ္တာနံ ပရိဟရတိ**' ကိုယ့်ရဲ့စိတ်ကို သန့်သန့်ပြန့်ပြန့်ရှိအောင် ဆောင်ရွက်နိုင်တယ်။

ကြည့်လေ၊ **သမ္မပ္ပဓာန်** လေးပါးဆိုတာ ဝီရိယရဲ့ စွမ်းဆောင်မှု လေးချက်ကို ပြောတာ။ မဂ္ဂင်ရှစ်ပါးထဲမှာ မြတ်စွာဘုရားက သမ္မာဝါယာမလို့ ဟောထားတယ်။ **သမ္မာဝါယာမ**-မှန်မှန်ကန်ကန် ကြိုးစားမှုဆိုတာ ဘာတုန်း။

(၁) **သံဝရ**၊ ကိုယ့်သန္တာန်မှာ မကောင်းတဲ့စိတ် မဖြစ်ရအောင် ဆို့ပိတ်ဖို့ ကြိုးစားခြင်း၊ ကိုယ့်စိတ်ထဲမှာ မကောင်းတဲ့ အတွေးတွေ မဝင်အောင် ဆို့ပိတ်ဖို့ ကြိုးစားရမယ်။ ဒါလည်း ဝီရိယပဲ။

(၂) ဆို့ပိတ်တဲ့အခါမှာ မနိုင်ဘူးဆိုရင် **ပဟာန**- ဖယ်ရှားဖို့ ကြိုးစားရမယ်။ ကိုယ့်သန္တာန်မှာ ဒေါသမဖြစ်သေးဘူးဆို မဖြစ်အောင်ထိန်း၊ ဖြစ်လာပြီဆိုရင် ဒေါသကိုလည်း ကိုယ့်သန္တာန်မှာ မနေနိုင်အောင်လို့ မောင်းထုတ်လိုက်။ အဲဒီလို ကြိုးစားတာဟာ အကုသိုလ်ဖက်က မကောင်းတာကို ဖယ်ရှားဖို့အတွက် ကြိုးစားမှုနှစ်ရပ်လို့ခေါ်တယ်။

နောက်တစ်ခါ ကောင်းတဲ့ဖက်က ကြည့်လို့ရှိရင် မကောင်းတာကို ဖယ်ရှားသလို ကောင်းတာကို မွေးမြူဖို့လိုတယ်။ အလုပ်က နှစ်ခုလုပ်ရမယ်နော်။ ကောင်းတာကျတော့

http://www.dhammadownload.com



(၃) **ဘာဝနာ**- ကိုယ့်သန္တာန်မှာ မေတ္တာစိတ်မဖြစ်သေးရင် ဖြစ်အောင်ကြိုးစား၊

(၄) **အနုရက္ခဏာ**- ဖြစ်လာတဲ့ မေတ္တာစိတ်ကို ထိမ်းသိန်းဖို့ ကြိုးစား။ အဲဒီလို ကောင်းတဲ့စိတ်အနေအထားတွေ ဖြစ်ပေါ်လာအောင် ကြိုးစားခြင်း၊ ကောင်းတဲ့စိတ်ကိုဖြစ်အောင် တိုးပွားအောင် ကြိုးစားခြင်းဆိုတာ ကောင်းတဲ့ဖက်က တိုးမြှင့်ပေးတဲ့ အချက်နှစ်ချက်။

မကောင်းတာနဲ့ ပတ်သက်ပြီး ကြိုးစားမှုက နှစ်ခု၊ ကောင်းတာနဲ့ ပတ်သက်ပြီး ကြိုးစားမှုကနှစ်ခု၊ အားလုံး လေးခု။ အဲဒါကို **သမ္မာဝါယာမ** သို့မဟုတ် သမ္မပ္ပဓာန်တရားလေးပါးလို့ ခေါ်တာ။

မြတ်စွာဘုရားက ဟောတယ်၊ "ဝီရိယရှိရင် အကုသိုလ်ဖယ်ရှားနိုင်တယ်၊ ကောင်းကျိုးကိုပေးမယ့် ကုသိုလ်တွေကို ကိုယ့်သန္တာန်မှာ ဖြစ်ပွားစေနိုင်တယ်။ အပြစ်ရှိတဲ့အရာတွေ ကိုယ့်သန္တာန်မှာ ဖယ်ရှားပြီး အပြစ်ကင်းတဲ့အရာတွေ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်စေနိုင်တယ်။ ကိုယ့်ကိုယ်ကို မကောင်းမှုတွေကနေ စင်ကြယ်အောင်လုပ်ပြီးထားနိုင်တယ်" ဒီလိုဆိုလိုတယ်နော်။

နောက်တစ်နည်းအားဖြင့် မကောင်းတဲ့ အတွေးတွေ တွေးပြီး လက်ခံနေလို့ရှိရင် လူပျင်းလို့ခေါ်တယ်။ မကောင်းတဲ့ အတွေးကိုတွေးမိတာနဲ့ ချက်ချင်း တွန်းလှန်ဖယ်ရှားပစ်ရမယ်။ တွန်းလှန်ဖယ်ရှားမှု မလုပ်ဘဲနဲ့ အဲဒီအတွေးလေးနဲ့ မှိန်းနေတဲ့ လူကို လူပျင်းလို့ခေါ်တယ်နော်။ အဲဒီလိုမဖြစ်ရအောင် မကောင်းတဲ့အတွေးတွေ တွေးမိတာနဲ့ တစ်ပြိုင်နက် ရင်ထဲမှာမထားနဲ့၊ ဖယ်ရှားပစ်ရမယ်။

http://www.dhammadownload.com



အဲဒီလို ရှင်းပြလိုက်တဲ့အခါ မိလိန္ဒမင်းကြီးက **"ကလ္လောသိ ဘန္တေ နာဂသေန'** အရှင်ဘုရားဖြေတာ သင့်တော်ပါတယ်။"

## ၁၃–သတိလက္ခဏပဉ္ဟာ

မိလိန္ဒမင်းက နောက်တစ်ခု မေးပါရစေဦးတဲ့။ **"ဘန္တေ နာဂသေန ကီလက္ခဏာ သတိ'** အရှင်ဘုရား၊ သတိဆိုတာ ဘယ်လိုလက္ခဏာ ရှိပါသလဲ။"

ရှင်နာဂသေနက ဖြေတယ်၊ **"အပိလာပနလက္ခဏာ မဟာရာဇ သတိ ဥပဂ္ဂဏှနလက္ခဏာ စ'** သတိဆိုတာ အမှတ်ရခြင်း၊ ပေါ်လာစေခြင်းကိစ္စရှိတယ်။ မြုပ်နေတာ ပေါ်လာအောင် လုပ်တယ်။ ပေါ်လာစေခြင်း၊ အမှတ်ရစေခြင်း၊ ခိုးမြှင့်ပေးခြင်း လက္ခဏာရှိတယ်။

မိလိန္ဒမင်းက ထပ်မေးတယ်၊ **"ကထံ ဘန္တေ အပိလာပန လက္ခဏာ သတိ'** အရှင်ဘုရား၊ သတိက ပေါ်လာစေတယ် ဆိုတာ ဘာကို ပြောတာလဲ။ ပေါ်လာစေတဲ့ လက္ခဏာဆိုတာ ဘယ်လိုဟာကို ဆိုလိုတာလဲ။"

**"သတိ မဟာရာဇ ဥပဋ္ဌမာနာ'** အရှင်မင်းကြီးတဲ့၊ သတိဟာ လူတွေရဲ့စိတ်ထဲမှာ ဖြစ်ပေါ်လာပြီဆိုရင် ဒါက ကုသိုလ်၊ ဒါက အကုသိုလ်ဆိုတာ သတိပြုမိလာတယ်။ သတိပြုမိခြင်းဟာ ပေါ်လာခြင်းပဲလေ။ ကိုယ့်စိတ်ထဲမယ် ကောင်းတယ် မကောင်းဘူး၊ အပြစ်ရှိတယ် မရှိဘူးဆိုတာ ပေါ်လာတယ်။ ဒါကို လူတွေကတော့ သတိထားတယ်လို့ပြောတယ်။

http://www.dhammadownload.com



သတိကြောင့် ပေါ်လာတာက "ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိတယ်၊ မရှိဘူး၊ ဒါက ကောင်းတယ်၊ ဒါက မကောင်းဘူး၊ ဒါက အဖြူ၊ ဒါက အမည်း" စသဖြင့် ကောင်း မကောင်း၊ အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုး ဆိုတာတွေ သတိစိတ်ထဲ ပေါ်ပေါက်လာစေတယ်။ သတိရပြီဆိုရင် စိတ်ထဲမှာ ပေါ်လာတာပဲလေ။ မှန်ကန်တဲ့ အကြောင်းအရာတစ်ခု စိတ်ထဲမှာ ပေါ်လာစေတယ်။

သတိပဋ္ဌာန်တရားလေးပါးတို့၊ သမ္မပ္ပဓာန်တရားလေးပါးတို့ ကောင်းတဲ့အရာတွေ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာတယ်။ သတိရှိလာလို့ရှိရင် ဒါက သမထကျင့်စဉ်ပဲ၊ တရားအားထုတ်ရမှာတွေပေါ်လာတယ်။ ကုသိုလ်တွေ လုပ်ရမယ်ဆိုတာ ပေါ်လာတယ်။ ဝိပဿနာကျင့်စဉ် ကျင့်ရမယ်ဆိုတာ ပေါ်လာတယ်။ အဆင့်မြင့်တဲ့ တရားတွေထိအောင် ကိုယ့်သန္တာန်မှာ သတိစွမ်းဆောင်မှုနဲ့ တရားထူးတရားမြတ်တွေဟာ ပေါ်လွင်ထင်ရှားလာတယ်တဲ့။ ဒါကြောင့်မို့ "သတိဟာ ပေါ်လာစေခြင်းလက္ခဏာရှိတယ်"တဲ့။

ဘာနဲ့ ဥပမာတူတုန်းဆိုရင် အခန်းထဲမှာ မှောင်နေရင် ဘာရှိတယ်ဆိုတာ မမြင်ရဘူး။ မီးထွန်းလိုက်ရင် အဲဒီအခန်းထဲမှာရှိတဲ့ ပစ္စည်းတွေကို မီးကပြလိုက်တယ်၊ ဘာတွေရှိတယ်ဆိုတာ ပေါ်လာတယ်။ ထို့အတူပဲ လူရဲ့စိတ်ထဲမှာ ပေါ်မလာတဲ့အရာတွေကို သတိကနေ ဆွဲယူပြလိုက်တဲ့အခါ စိတ်ထဲမှာ ဘာတွေရှိတယ်ဆိုတာသိလာရတယ်၊ သတိက ပေါ်လာစေတယ်၊ အမှတ်ရလာစေတယ်။

http://www.dhammadownload.com



အဲဒီလို ပေါ်လာပြီဆိုတဲ့အခါ ယောဂီပုဂ္ဂိုလ်ဟာ 'ဒါက လုပ်သင့်တယ်၊ ဒါက မလုပ်သင့်ဘူး'။ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ မှတ်သားသင့်တာနဲ့ မမှတ်သားသင့်တာ၊ အဲဒါတွေကို ခွဲခွဲခြားခြား သိလာတယ်တဲ့။ သတိစွမ်းအားနဲ့ ရယူပြီး အကုန် သိလာတယ်။ ဒါကြောင့် ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုရင် သတိကစ ထူထောင်ကြတယ်။

ဒီနေ့ခေတ်မှာ mindfulness ရဲ့ အကျိုးကျေးဇူးကို တော်တော် အသိအမှတ်ပြုလာကြတယ်။ mindfulness နဲ့ emotion ကို ဖယ်ရှားတယ်၊ mindfulness နဲ့ stress ကိုဖယ်ရှားတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများက mindfulness based stress reduction ဆိုတဲ့ subject တစ်ခုကို တီထွင်ထားကြတယ်။ သတိကိုအခြေခံပြီး စိတ်ဖိစီးမှုကိုဖယ်ရှားခြင်းဆိုပြီး နိုင်ငံတကာမှာ ခေတ်စားနေတယ်။

အလုပ်မလုပ်မီ သင်တန်းမတက်မီ ငါးမိနစ်လောက် တရားထိုင်ခိုင်းပြီး စိတ်ကို စုစည်းစေတယ်။ စိတ်ကိုစုစည်းမှု mindfulness လုပ်ပြီးပြီဆိုမှ ကျန်တာတွေ ဆက်လုပ်ကြတယ်။ အဲဒီလို လုပ်ခြင်းက ကြီးမားတဲ့ အကျိုးကျေးဇူးကို ဖြစ်ပေါ်စေတယ်။

ဒီကနေ့ခေတ်မှာ stress ဆိုတဲ့စိတ်ဖိစီးမှုတွေ အင်မတန်မှ များတယ်။ လောကလူတွေဟာ အလုပ်တွေ အလွန်များတယ်၊ ယှဉ်ပြိုင်မှုတွေ အလွန်အင်မတန်မှများတယ်။ ယှဉ်ပြိုင်မှုတွေများလာသဖြင့် နိုင်ရင် တစ်မျိုး၊ မနိုင်ရင် တစ်မျိုး၊ ရှုံးမှာလည်း ကြောက်တယ်။ နိုင်လို့ရှိရင်လည်း ဆက်ထိန်းထားရမယ်။ ကိုယ့်ထက်သာသွားမှာစိုးတယ်ဆိုတဲ့ jealousy တွေရော၊ မစ္ဆရိယ

http://www.dhammadownload.com



တွေရော လွှမ်းမိုးလာတယ်။ ဒါကြောင့် လူစိတ်တွေဟာ ငြိမ်းချမ်းမှု မရှိတော့ဘူး။ "ယှဉ်ပြိုင်မှုတွေ များလာလေ စိတ်ဖိစီးမှုတွေ များလာလေပဲ။" သို့သော် လူတွေကထင်တယ်။ ယှဉ်ပြိုင်မှုရှိမှ တိုးတက်တယ်လို့။ အဲဒီယှဉ်ပြိုင်မှုကိုအကြောင်းပြုပြီး ဆုတ်ယုတ်ပျက်ပြားမှုလည်း ဖြစ်နိုင်တယ်။ တိုးတက်တယ်လို့ပဲ တစ်ဖက်သတ် မကြည့်နဲ့ပေါ့။

ရုပ်ဝတ္ထုအနေနဲ့ တိုးတက်ချင် တိုးတက်လာမယ်။ လူတွေရဲ့ အားလပ်မှုနဲ့ အခြားပညာရပ်တွေ လေ့လာဖို့ အခွင့်အရေးတွေ ပျောက်သွားပြီ။ လူတွေရဲ့ ပျော်ရွှင်ချမ်းမြေ့ပြီး မိသားစုနဲ့ အတူတကွနေရတယ်ဆိုတဲ့ အနေအထားမျိုးတွေဟာ အလွန် ဝေးကွာသွားပြီ။ လူတွေဟာ အချိန်နဲ့လည်ပတ်နေတဲ့ စက်ရုပ်ကြီးတွေလို ဖြစ်နေတယ်။ နောက်ဆုံးကျတော့ ဘာအဓိပ္ပာယ်မှမရှိတော့သလို ဖြစ်သွားတယ်နော်။

အလုပ် လုပ်ရပါများတဲ့အခါ လူတွေက ငြီးကြတယ်။ I have not my life. ငါဘဝမရှိဘူးလို့ ပြောကြတယ်။ my life တွေ ပျောက်ကုန်တယ်။ ကိုယ့်ဘဝဆိုတာ မရှိတော့ဘူး။ အလုပ်တွေ လုပ်နေရတယ်လေ။ ဒါတွေကို လူတွေသတိထားဖို့လိုတယ်ပေါ့။

ပျောက်သွားတဲ့ဘဝတွေ ပြန်ဖော်ဖို့ဆိုတာကျတော့ ခုနက ယှဉ်ပြိုင်မှုတွေ လျော့ချရမယ်။ jealousy တွေ လျော့ချရမယ်။ ဒါတွေကို လျော့ချနိုင်မှရမယ်၊ ဒီလိုဆိုလိုတာ။ အဲဒါတွေကို မလျော့ချနိုင်ဘူးဆိုရင် လူတွေရဲ့ ဆင်းရဲဒုက္ခတွေဟာ အင်မတန်မှ ကြီးမားလာလိမ့်မယ်။

အဲဒီတော့ သတိဆိုတဲ့သဘာဝတရားလေးဟာ အမှတ်ရစေခြင်း သဘောရှိတယ်။ "ကိုယ့်သန္တာန်မှာ ဖြစ်စေရမယ့်တရား၊

http://www.dhammadownload.com



မဖြစ်စေရမယ့်တရား၊ ကောင်းကျိုးချမ်းသာ ဖြစ်စေမယ့်တရား၊ ကောင်းကျိုးချမ်းသာ မဖြစ်စေမယ့်တရား" ဆိုတာ ခွဲခွဲခြားခြား ကွဲကွဲပြားပြား သိရှိစေနိုင်တယ်တဲ့။ ဒါကြောင့် သတိဟာ အင်မတန်မှ အရေးကြီးတယ်။ သတိက ဖော်ပြလိုက်တဲ့အခါမှာ ဒါတွေအကုန်လုံး ရှင်းရှင်းလင်းလင်း နားလည်လာတယ်ပေါ့။

ဥပမာတစ်ခု ပေးပါဦးလို့ မိလိန္ဒမင်းကြီးက တောင်းဆိုတဲ့အခါ ရှင်နာဂသေနက ဆက်ပြောတယ်။ "အရှင်မင်းကြီး၊ မင်းရဲ့ ဘဏ္ဍာစိုးဟာ စာရင်းအင်းနဲ့တကွ ပစ္စည်းဘဏ္ဍာများကို တင်ပြရတယ်။" သတိရအောင် ပြောရတယ်နော်၊ "ဆင်ကောင်ရေ ဘယ်လောက်ရှိပါတယ်၊ မြင်းကောင်ရေ ဘယ်လောက်ရှိပါတယ်၊ စစ်အင်အား ဘယ်လောက်ရှိပါတယ်၊ ရွှေတွေ ငွေတွေက ဘယ်လောက်ရှိပါတယ်၊" အဲဒါတွေကို ဘုရင်မင်းကြီး သတိရဖို့ ဘဏ္ဍာစိုးက တင်ပြရတယ်။

တင်ပြတဲ့အခါ ဘုရင်ကြီးက သူ့ရဲ့ပစ္စည်းတွေပေါ်မှာ သတိထားမိလာတယ်ပေါ့။ အဲဒါလိုပဲ ကိုယ့်သန္တာန်မှာ မြုပ်ကွယ်နေတဲ့ တရားတွေကို သတိက ပေါ်လာစေတယ်။ ဒါ့ကြောင့် **အပိလာပနလက္ခဏာ သတိ** မှာ ပေါ်လာစေခြင်း လက္ခဏာ ရှိတယ်လို့ ဒီလိုဆိုတယ်။

မိလိန္ဒမင်းကြီးက ဆက်လက်မေးပြန်တယ်၊ **"ကထံ ဘန္တေ ဥပဂ္ဂဏှနလက္ခဏာ သတိ"** သတိဟာ ချီးမြှောက်တတ်တယ်၊ ထောက်ကူပေးတယ်။ မြှင့်တင်ပေးတယ်ဆိုတဲ့ လက္ခဏာရှိတယ် ဆိုတာ ဘယ်လိုပါလဲ" တဲ့။ အဲဒီလို လက္ခဏာရှိတယ်ဆိုတာ ဘယ်လိုမှတ်ရမလဲ။

http://www.dhammadownload.com



ရှင်နာဂသေနက ဖြေတယ်၊ "သတိ မဟာရာဇ ဥပဓိမာနာ- အရှင်မင်းကြီးတဲ့၊ သတိဆိုတာ ဖြစ်လာလို့ရှိရင် အကျိုးရှိတဲ့တရား၊ အကျိုးမရှိတဲ့ တရားတွေရဲ့ အနေအထား တွေကို ရှာပေးတယ်"။ တရားတွေကို ရှုထောင့်တစ်ခုကနေ ကြည့်ပြီး ဩော်- ဒီသဘာဝတရားကတော့ ငါ့အတွက် ကောင်းကျိုးဖြစ်စေနိုင်တယ်။ ဒီသဘာဝတရားကတော့ ငါ့ အတွက် ကောင်းကျိုးမဖြစ်စေနိုင်ဘူး။

ဥပမာမယ်- ဆီးချိုရောဂါရှိတဲ့ လူတစ်ယောက်ဆိုရင် ဒီအစာကတော့ ငါနဲ့မတည့်ဘူး၊ ဒီအစာကတော့ ငါနဲ့တည့်တယ်။ သွေးတိုးရှိရင်လည်း ဒီဟာ ငါနဲ့တည့်တယ်၊ ဟိုဟာ ငါနဲ့မတည့် ဘူးဆိုတာ အဲဒီလို သတိထားမှ ခွဲခြားပြောနိုင်တာ။ နို့မို့ဆို ကြိုက်လို့စားလိုက်ရင် ဆီးချိုတွေတက်မယ်၊ သွေးတိုးတွေတက် မယ်၊ ကိုယ့်ကို အကျိုးမပြုတဲ့အရာတွေကို သတိမဲ့သွားလို့ရှိရင် လွဲလွဲချော်ချော်တွေဖြစ်ပြီး ဒုက္ခရောက်တတ်တယ်တဲ့။

"ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာလည်း ကိုယ့်ကိုယ်ကို အမြဲတမ်း သတိထားရမယ်။ ဒါက ငါ့အတွက် အကျိုးရှိမှာလား၊ ဒီဟာက ငါ့အတွက် အကျိုးမရှိဘူးလား၊ အကျိုး ရှိ,မရှိ အမြဲတမ်း စိစစ်နေဖို့ လိုအပ်တယ်"ပေါ့။

လူတွေက မှန်ရှေ့သွားပြီး check လုပ်နေတယ်။ ပေါင်ဒါ လေးလိမ်း၊ မျက်ခုံးမွေးလေးဆွဲပြီး အလှပြင်နေကြတယ်။ check မလုပ်တာက ဘာတုန်းဆို mental check up မလုပ်ကြဘူး။ ကိုယ့်စိတ်လေးဟာ ဒီနေ့ ဘယ်နှစ်ခါ စိတ်ဆိုးသလဲ။ ငါ့စိတ်ဟာ ဒေါသနဲ့တွဲသလားဆိုတာ check up မလုပ်ကြဘူး။

http://www.dhammadownload.com



အဲဒီတော့ စိတ်နဲ့ပတ်သက်တဲ့ check up ကို အမြဲတမ်း လုပ်ဖို့ လိုအပ်တယ်ပေါ့။ "ငါဟာ စိတ်တိုတတ်တာလား၊ ငါက ဒေါသကြီးတာလား၊ ငါက လောဘကြီးတာလား၊ မာနကြီးတာလား၊" ကိုယ့်ကိုယ်ကိုကြည့်။ ကြည့်တဲ့အခါ သတိထားတတ်ပြီး အဖြေထွက်လာမယ်။ "ငါလောဘကြီးတယ်၊ ငါဘာလို့ လောဘကြီးနေတာတုန်း။ ငါ ဒေါသကြီးတယ်၊ ငါဘာလို့ ဒေါသကြီးနေတာလဲ။" ပြန်ရှာကြည့်၊ ပြန်ရှာကြည့်ရင် အကြောင်းတစ်ခု ရှာတွေ့လာမယ်။ အဲဒီလို သတိက အမြဲတမ်း check up လုပ်ပေးတယ်လို့ ဒီလိုဆိုလိုတယ်။ အဲဒါ သတိရဲ့ '**ဥပဂ္ဂဏှန**' ချီးမြှောက်ထောက်ကူပြုမှုပဲတဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရား သတိပဋ္ဌာန်တရား ဟောတဲ့အခါမှာ **သတိသမ္ပဇည** ကိုလေ့ကျင့်ပြီး mindfulness အမြဲတမ်း လုပ်ဖို့ လိုအပ်တယ်ဆိုတာ။ mindfulness မလုပ်ရင် ရေချိုးခန်းထဲ ချော်လဲ ခြေထောက်ကျိုး၊ လမ်းလျှောက်တဲ့အခါ ချော်ကျတာတို့၊ ဒါမျိုးတွေ ဖြစ်တယ်ပေါ့နော်။ အဲဒီတော့ အရာခပ်သိမ်းမှာ mindfulness ဟာ သိပ်အရေးကြီးတယ်လို့ဆိုတာ။

မိလိန္ဒမင်းကြီးက အရှင်ဘုရား၊ ဥပမာပေးစမ်းပါဦးတဲ့။ "**ယထာ မဟာရာဇ ရညော စက္ကဝတ္တိဿ ပရိဏာယကရတနံ ရညော ဟိတာဟိတေ ဇာနာတိ**' စကြဝတေးမင်းမှာ အကြံပေးဆိုတာ ရှိတယ်။ **ပရိဏာယက ရတနာ**ဆိုတာ သားကြီးရတနာကို ခေါ်တာ ဖြစ်ပေမယ့် ရာထူးတစ်ခုပဲ၊ ဘုရင်ကို အကြံပေးရတယ်၊ ရှေ့ဆောင်ရတယ်။

အကြံပေးပုဂ္ဂိုလ်က "ဒီကိစ္စကတော့ မင်းကြီးအတွက် ကောင်းတယ်၊ ဒါကတော့ မကောင်းဘူး" ဆိုတာ နှစ်ခုခွဲခြားပြီး

http://www.dhammadownload.com



အကြံပေးတယ်။ အကြံပေးပြီး မကောင်းတာတွေ ဖယ်ရှားပြီး အကျိုးမဖြစ်မယ့်ဟာကို ဖယ်ရှားပြီး၊ အကျိုးဖြစ်မယ့်ဟာကို လုပ်ဆောင်စေတယ်။

အဲဒီလိုပဲ ယောဂီပုဂ္ဂိုလ်ဟာ သတိရဲ့ အထောက်အကူနဲ့ "ဒါကတော့ ငါ့အဖို့ မသင့်တော်ဘူး။ ဒါကတော့ ငါ့အဖို့ သင့်တော်တယ်"ဆိုတာ ဒီလို သင့်မသင့်ကျတော့ သတိက ခွဲတာလား ဆိုတော့ မဟုတ်ဘူး။ သတိက အာရုံကို ယူပေးလိုက်တယ်။ ယူပေးလိုက်တဲ့အခါ အကျိုးရှိမရှိသိတာကျ ပညာကသိတယ်ပေါ့။ သို့သော် ဒီနေရာမှာ သတိကိုဦးစားပေးပြီး ပြောတာဖြစ် တယ်။

သတိနဲ့ပညာက အမြဲတမ်း တွဲဖက်နေရတယ်။ **'နှ ဟိ သတိ ဝိရဟိတာ ပညာ နာမ အတ္ထိ'** သတိမပါတဲ့ ပညာဆိုတာ မရှိဘူးတဲ့။ သတိရှိမှ ပညာဆိုတာဖြစ်တယ်။ ဒါကြောင့်မို့ သတိက ယူပေးလိုက်ရင် နောက်က ပညာဆိုတာ ဖြစ်လာတယ်။ စာပေ ကျမ်းဂန်မှာ **သတိသမ္မဇညာ** ကို တွဲဖက်ထားတယ်။ သတိက ယူမပေးရင် ပညာက ဘာမှသိလို့ မရဘူးပေါ့။

ဆိုပါစို့၊ စာအုပ်ဖတ်ချင်ရင် လက်က စာအုပ်ဖွင့်ပေးမှ မျက်စိက ကြည့်လို့ရတာလေ။ မျက်စိက စာအုပ်မဖွင့်နိုင်ဘူးလေ။ အဲဒီသဘောပဲ၊ သတိက အာရုံကို ယူပေးတဲ့အခါမှာ ပညာက သိနိုင်တယ်လို့ ဒီလိုဆိုတာ။ အဲဒီတော့ အခု သတိဟာ ခိုးမြောက်တယ်၊ မြှင့်တင်တယ်ဆိုတဲ့ စွမ်းအားသတ္တိတွေ ရှိပါတယ်။

သတိဆိုတာ စိတ်ဓာတ်အခြေအနေ ဘယ်လိုပဲရှိရှိ၊ နိမ့်ကျနေတဲ့စိတ်ဓာတ်လား၊ မြင့်တက်နေတဲ့စိတ်ဓာတ်လား၊ depression ဖြစ်နေရင်လည်း သတိလိုအပ်တယ်။ စိတ်ဓာတ်တွေ တက်ကြွနေရင်လည်းသတိလိုအပ်တယ်။ စိတ်ဓာတ်တွေ ဆုတ်နစ်

http://www.dhammadownload.com



နေရင်လည်း သတိလိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုရင် အတိုး အဆုတ်ကို အားလုံး သိနေတာဖြစ်သောကြောင့် သတိဟာ ဘယ်တော့မှ ပိုတယ်ဆိုတာ မရှိဘူးတဲ့။

ဥပမာ၊ "သတိဆိုတာ ဆားပမာ" ပဲ။ ဘယ်ဟာပဲဖြစ်ဖြစ် ဆားပါမှ အရသာဟာ လေးတယ်ပေါ့။ အေး-မြတ်စွာဘုရားက သတိကို 'သပ္ပတ္ထိက်' အချိန်မရွေး အလိုရှိအပ်တယ်။ စိတ်အခြေ အနေတွေ ဘယ်လိုပဲရှိရှိ သတိဆိုတာ လိုအပ်တယ်လို့ မြတ်စွာ ဘုရားက ဟောကြားတာပါလို့ ရှင်နာဂသေနက မင်းကြီးကို ရှင်းပြလိုက်တယ်။

မိလိန္ဒမင်းကြီးက "ကလ္လောသိ ဘန္တေ နာဂသေန' အရှင်ဘုရား ဖြေဆိုချက်ဟာ သင့်တော်ပါပေတယ်" လို့ ဒီလို ကျေနပ်အားရမှုဖြစ်တယ်။

## နိဂုံးစကား

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင်အပေါင်းတို့၊ မိမိတို့ သန္တာန်မှာ ဖြစ်ရမယ်၊ ဖြစ်ဖို့သင့်တော်တဲ့ ကုသိုလ်တရားတွေ၊ သံသရာဝဋ်က လွတ်ဖို့ရာအတွက် ကိုယ့်သန္တာန်မှာရှိတဲ့ အရည် အချင်းကောင်းတွေ သိရှိနားလည်ပြီး ထိုအရည်အချင်းကောင်း တွေ မိမိသန္တာန်မှာဖြစ်အောင် သတိထားပြီး ကြိုးစားအားထုတ် ကြရမှာ ဖြစ်တယ်လို့ မှတ်သားပြီး ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု ... သာဓု ... သာဓု

Transcribed by-**Ma Thida Lwin**
Typed by- **Wai Wai Lwin**
Final edition copy by- **Htet Naing San (I-D-E)**

http://www.dhammadownload.com

## မမွေမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကကူးကူးကာ စာမူများကို ဆရာတော်ကြီး ထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော မမွစာပေရန်ပုံငွေများ အသုံးပြု လွှက် စာအုပ်ထည်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် မမွဒါနပြုလုပ် ပြန့်ဝေလှူဒါန်းလိုပါက တော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဝိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇)၊ ၄၆၈)၊ သိမ်ကြီးစွေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **မမွဗုဒ္ဓဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာမမွစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိမမွာတက္ကသိုလ်**
မိုးကောင်းဘုရားဝင်းအတွင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ **ပုရပိုက်စမ္မဖြန့်ချိရေး**
တိုက်(၄)၊ အခန်း(၅)၊ ရွှေဂုံတိုင်လမ်းမကြီး၊
တာမွေ Ocean Super Center နှင့် ရွှေဂုံတိုင်ဆေးရုံကြား၊ ဗဟန်း။
ဖုန်း ၀၉-၂၅၈၂၇၁၁၁၊ ၀၉-၇၆၄၆၇၆၄၆၀

http://www.dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပတ္ထာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပတ္ထာန်မြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်

၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း

၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း

၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား

၆။ ဘဝအရေး စိတ်အေးရလေအောင်

၇။ ဓမ္မကြေးမုံ

၈။ တောင်ပို့ထဲက ရတနာ

၉။ မြတ်သောဥစ္စာ စုဆောင်းပါ

၁၀။ သမထနှင့် ဝိပဿနာ

၁၁။ ရောဂါကုစား စိတ်စွမ်းအား

၁၂။ ရုစ်ယောက်နှင့်တစ်ယောက်

၁၃။ စိတ်ကောင်းဆွေကောင်း

၁၄။ မေတ္တာနလုံး အစဉ်သုံး

၁၅။ လူဖြစ်ကျိုးနပ်ပါစေ

၁၆။ မေတ္တာသုတ်အနှစ်ချုပ်

၁၇။ ဘဝဆည်းဆာ ကရဏာ

၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ နစသော၊ နစအညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္သုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရာခဲရသော မေးခွန်းများ

http://www.dhammadownload.com

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသီလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယုဒ္ဓပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုဏ်
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နလုံးသွင်းတရား

http://www.dhammadownload.com

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရွာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ
၇၅။ မမွေကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိဏဘိဘာဒ်သုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အပြင် ကိုယ့်အပြင် ဓမ္မအပြင်

http://www.dhammadownload.com


၀၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၀၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၀၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၀၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၀၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၀၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၁၀။ ကမ္မဋ္ဌာန်းဆရာ
၁၁။ ဇာတိမြေမှ သာသနာ
၁၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၁၃။ စရိုက်နှင့်ဝါသနာ
၁၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၁၅။ သာသနာပြုစွမ်းအားစု
၁၆။ လူဆိုးလူပိုက်
၁၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၁၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၁၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၂၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၂၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၂၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၂၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၂၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၂၅။ ဓမ္မသံဃနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

http://www.dhammadownload.com

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ဝိယတော ဇယတော သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရိုးရိုးက ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး

http://www.dhammadownload.com

၁၄၈။ နယ်လုည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျန်းမာသူများအတွက် အထူးနလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်
၁၅၂။ မာလုကျပုတ္တရဟန်းအတွက် အလုပ်ပေးတရား
၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း
၁၅၄။ အတွေးမှားကို ဖယ်ရှားနိုင်ရမည်
၁၅၅။ မိလိန္ဒပဉ္ဍာ(ပထမတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ

http://www.dhammadownload.com

မွေဒါနကုသိုလ်ရှင်



နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

မိုလိုနိုဘွာ(၀၀၀၈၀၁) ❖ ဒေါက်တာအရှင်နန္ဒဓာလာဘိဝံသ